စိတ်ကူးချိုချိုအနုပညာ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း

# ရှင်မဟာရဋ္ဌသာရ



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

ဦးကုလား၊ တောင်တွင်းဆရာတော်၊
ကျော်အောင်စံထား၊ မဲမီးဆရာတော်၊
မုံရွေးဆရာတော်၊ မဟာဓမ္မသင်္ကြန်၊
မုံရွေးဆရာတော်၊ ရွှေမင်းဝံဆရာတော်၊
မဟာသီရိဇေယျသူ၊ သခင်ကိုယ်တော်မှိုင်း၊
ရွှေကိုင်းသား၊ ဦးကျော်ထွန်း၊ ဦးထွန်းဖေ၊
ဦးဖေမောင်တင်၊ မင်းသုဝဏ်၊ ဒဂုန်နတ်ရှင်၊
ဒေါ်ခင်စော၊ မော်ပီဆရာသိန်း၊
ဇော်ဂျီ၊ ကုသ၊ ပါမောက္ခဦးဖေမောင်၊
မာဃ၊ မြကေတု၊ မောင်သုတ၊ ဒေါ်သန်းဆွေ၊
နန်းညွန့်ဆွေ၊ ဒဂုန်ဦးစန်းငွေ၊ လှသမိန်၊
ဦးလှမောင်၊ ဦးအုန်းရွှေ၊ ဦးသော်ဇင်၊
လေးမြိုင်၊ ကနီဦးလူညွန့်၊ တက္ကသိုလ်ဝင်းမွန်၊
မောင်ကြည်ရှင်၊ ရဝေ·စိုးမင်း၊ ......

**စသူတို့၏**

# ရှင်မဟာရဋ္ဌသာရ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက စီစဉ်ထုတ်ဝေခဲ့သော

# ရှင်မဟာရဋ္ဌသာရ

**ယခုစာအုပ်အပါအဝင် မြန်မာ့ဂန္ထဝင်စာပေပညာရှင်ကြီး ၉ ဦး၏ စာပေဂုဏ် ပညာသမာဂုဏ်ကို စုစည်းထားခဲ့ကြသော စာ ၉ အုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်မှ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအတွက် ပြန်လည်စီစဉ် ထုတ်ဝေပေးခြင်းဖြစ်ပါသည်။**

KLS0095
4,000.00 KS

mgyoe.com

mgyoe.com

ရှင်မဟာရဋ္ဌသာရ
မျက်နှာဖုံးပန်းချီ - ကျော်ပြုံးစံ၊
စာမျက်နှာ ၃၃၇++ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၇၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၈ မြန် စာ ပြန့် စာစဉ် ၆၊ ပထမအကြိမ်၊

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရှင်မဟာရဋ္ဌသာရ

ရှင်မဟာရဋ္ဌသာရ အနှစ် ၅၀၀ မြောက်မွေးနေ့
အထိမ်းအမှတ်အဖြစ်ထုတ်ဝေခဲ့သည့်စာအုပ်

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းအတွက်
စိတ်ကူးချိုချိုမှ စီစဉ်ရိုက်နှိပ်သည်။

ဒုတိယအကြိမ် ၂၀၀၇

mgyoe.com

mgyoe.com

# ‘အနုပညာ စာပေမှာ
# ပေါင်းလှာဝပ်စင်း ယဉ်ကျေးခြင်း’

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| - | ရှင်မဟာရဋ္ဌသာရ ဦးညွတ်လွှာ | ဒဂုန်ဦးထွန်းမြင့် | (က) |
| - | ရှင်မဟာရဋ္ဌသာရ ဝန္ဒနာဂီတ | ရန်နိုင်ဆွေ | (ဂ) |
| - | နိဒါန်း | | (င) |
| ၁။ | ပြည်သို့ပင့်သည် | ဦးကုလား | ၁ |
| ၂။ | စတုဓမ္မသာရပျို့ ခက်ဆစ်အဖြေ | တောင်တွင်းဆရာတော် | ၂ |
| ၃။ | တံတားဦးတည် မော်ကွန်း အဆုံးအဖြတ် | တောင်တွင်းဆရာတော် | ၄ |
| ၄။ | ရှင်သီလဝံသ ရှင်ရဋ္ဌသာရ | မဲမီးဆရာတော် | ၆ |
| ၅။ | တောင်လေသုတ်ဖျန်း | ကျော်အောင်စံထား | ၇ |
| ၆။ | သိန်းဃိုဋ္ဌရောက်ကြီး သံဃာ့ထီး | မုံရွေးဆရာတော် | ၈ |
| ၇။ | မုံရွေးဇေတဝန်အမေးအဖြေ | မုံရွေးဆရာတော် | ၁၁ |
| ၈။ | တံတားဦးတည်နှစ် | ပညာရှိများ | ၂၄ |
| ၉။ | အနော်ရထာ-နွတ်သညာ | ပညာရှိများ | ၂၅ |
| ၁၀။ | သရေခေတ္တရာသို့ | ပညာရှိများ | ၂၆ |
| ၁၁။ | ဟတ္ထိပါလပြီးနှစ် | ပညာရှိများ | ၂၇ |
| ၁၂။ | ရှင်သီလဝံသနှင့် ရှင်ရဋ္ဌသာရ | မဟာဓမ္မသင်္ကြန် | ၂၈ |
| ၁၃။ | သံဝရပျို့ ပြင်ဆင်ချက် | မုံရွေးဆရာတော် | ၃၀ |
| ၁၄။ | သံဝရပျို့ ပြင်ဆင်ချက် | မုံရွေးဆရာတော် | ၃၁ |
| ၁၅။ | ကိုးခန်းလာစကား | မုံရွေးဆရာတော် | ၃၂ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၁၆။ | ရှင်သီလဝံသနှင့် ရှင်ရဋ္ဌသာရအမေးအဖြေ | အမည်မသိ | ၃၃ |
| ၁၇။ | ဟတ္ထိပါလပျို့မှာ | မဟာသီရိဇေယသူ | ၅၅ |
| ၁၈။ | ဘူရိဒတ်လင်္ကာဟူသည် | မဟာသီရိဇေယသူ | ၅၆ |
| ၁၉။ | သံဝရပျို့နှင့်ပုတ်သက်၍ | မဟာသီရိဇေယသူ | ၅၇ |
| ၂၀။ | ပါဒနက်သန်ရှိခိုးလင်္ကာ | မဟာသီရိဇေယသူ | ၅၉ |
| ၂၁။ | ငါ့စာကြည့်ပါ | ရွှေမင်းဝံဆရာတော် | ၆၀ |
| ၂၂။ | ရှင်မဟာရဋ္ဌသာရအတ္ထုပ္ပတ္တိအကြောင်း | သခင်ကိုယ်တော်မှိုင်း | ၆၁ |
| ၂၃။ | ရှင်ရဋ္ဌသာရအကြောင်း | ဦးကျော်ထွန်း | ၆၆ |
| ၂၄။ | ရှေးမူကို မပြင်သင့်ကြောင်း | မှော်ဘီဆရာသိန်း | ၆၇ |
| ၂၅။ | အော့ကာရန္တဆယ့်တစ်ပါး | မှော်ဘီဆရာသိန်း | ၇၀ |
| ၂၆။ | ရှင်မဟာရဋ္ဌသာရ | ဦးထွန်းဖေ | ၇၂ |
| ၂၇။ | ရှင်ရဋ္ဌသာရ | ဦးဖေမောင်တင် | ၈၉ |
| ၂၈။ | ရှင်မဟာရဋ္ဌသာရ | အမည်မသိ | ၁၀၀ |
| ၂၉။ | ဤစာကိုးခန်း ပုလဲပန်း | မင်းသုဝဏ် | ၁၀၂ |
| ၃၀။ | ရှင်ရဋ္ဌသာရပုဂ္ဂိုလ်ကျော် | ဒဂုန်နတ်ရှင် | ၁၀၇ |
| ၃၁။ | စတုဓမ္မသာရပျို့နှင့် စာဆိုဉာဏ်ရည် | ဒေါ်ခင်စော | ၁၁၀ |
| ၃၂။ | အမေးအဖြေစာငယ်နှင့် | ပါမောက္ခဦးမောင် | ၁၁၇ |
| ၃၃။ | ကိုးခန်းပျို့နှင့် အတွင်းသားရည်ရွယ်ချက် | မာဃ | ၁၂၆ |
| ၃၄။ | ဘဝပတ်ဝန်းကျင်ကဗျာများ | မြကေတု | ၁၃၂ |
| ၃၅။ | ရှင်မဟာရဋ္ဌသာရ | မောင်သုတ | ၁၄၅ |
| ၃၆။ | ရှင်မဟာရဋ္ဌသာရ | ဒေါ်သန်းဆွေ | ၁၇၆ |
| ၃၇။ | ဘူရိဒတ်ဇာတ်ပေါင်းပျို့ လေ့လာချက် | ဒေါ်သန်းဆွေ | ၂၀၇ |
| ၃၈။ | ပညာမာန | နန်းညွန့်ဆွေ | ၂၂၇ |
| ၃၉။ | ရှင်မဟာရဋ္ဌသာရ၏သမိုင်းဝင်ဌာနများ | ရွှေကိုင်းသား | ၂၃၆ |
| ၄၀။ | လောကီအလှုပြခဲ့သည် | ဇော်ဂျီ | ၂၄၆ |
| ၄၁။ | ရှင်မဟာရဋ္ဌသာရ | ကုသ | ၂၄၇ |
| ၄၂။ | ခေတ်စမ်းစာပေရှင် | ဒဂုန်-ဦးစန်းငွေ | ၂၅၅ |
| ၄၃။ | ဝတ်ရုံကျောင်းဘွဲ့မှ ဘဝမော်ကွန်း | လှသမိန် | ၂၆၃ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၄၄။ | ရှင်ရဋ္ဌသာရ၏လူတော်လူကောင်း | ဦးလှမောင် | ၂၆၇ |
| ၄၅။ | ရှင်ရဋ္ဌသာရစာများပြဿနာ | ဦးအုန်းရွှေ | ၂၇၁ |
| ၄၆။ | ပုံတောင်နိုင်မော်ကွန်းနှင့် စာဆိုစေတနာ | တက္ကသိုလ်ဝင်းမွန် | ၂၈၁ |
| ၄၇။ | ကဗျာသာရပြဇာတ် | ဦးသော်ဇင် | ၂၈၉ |
| ၄၈။ | ရှင်ရဋ္ဌသာရဝန္တနာသံချို | ကနီ-ဦးလူညွန့် | ၂၉၆ |
| ၄၉။ | ပြည်ကြီးရတနာပြဇာတ် | မောင်ကြည်ရှင် | ၂၉၈ |
| ၅၀။ | ပြည်သူ့ရတနာဝတ္ထု | ရဝေ-စိုးမင်း | ၃၂၀ |
| ၅၁။ | နာတော်မူဘုရား | လေးမြိုင် | ၃၃၆ |


■

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ရှင်မဟာရဋ္ဌသာရ ဦးညွတ်လွှာ

စီကုံးသူ – ဒဂုန် ဦးထွန်းမြင့်

၁။ ဦးခိုက်စက်စုံ၊ စာပေလှုံ့တည်း၊ ရွှေဘုံနာဂရ၊ ပြည်အဝတွင်၊ မြန်မာ့ရှေးကံ၊ ဖန်စီမံ၍၊ ပုဂံခေတ်မှ၊ စေ့မျိုးချသည့်၊ လှပထွားမြောက်၊ စာပေညွှာက်ကို၊ မျိုးလျောက်စဉ်လာ၊ လေ့ဘာသာဟု၊ မြန်မာမှုမြေ၊ အထွေထွေတွင်၊ ရောမွှေ ပိဋကတ်၊ သြဇာဓာတ်ဖြင့်၊ လျောက်ပတ်ပြုပြင်၊ ဉာဏ်ဖြင့် ထွင်၍၊ ကြားမြင် ပြည့်နှက်၊ စွယ်စုံလက်ဖြင့်၊ ယက်ကာ ယက်ကာ၊ သန့်စင်စွာသည့်၊ စေတနာ ရေကောင်း၊ သွန်းဖျန်း လောင်းလျက်၊ နောက်နှောင်းရှည်မြင့်၊ စည်ပင်တင့်၍၊ ပွင့်အဆိုင်ဆိုင်၊ ခိုင်အဖြိုးဖြိုး၊ သီးအမြွတ်ပြွတ်၊ ရူးဆွတ်နှောင် လာ၊ သုံးစေ့ဌာဟု၊ စာပေပင်ကြီး၊ ဇရော့ထီးကို၊ ဖန်တီးအား ကြိုး၊ ရှင်သန်ဖြိုးအောင်၊ စိုက်ပျိုးပြုပြင်၊ သမိုင်းဝင်သည့်၊ အရှင်ရဋ္ဌ၊ သာရအကျော်၊ ဆရာတော်ဟု၊ ထွန်းပေါ်ပေါက် လာ၊ နှစ်ပေါင်းမှာကား၊ ငါးခါပတ်လျက်၊ ရာပေါင်းဆက် သည်။ ။ ထောင်ဝက်တိုင်လာသည်တကား။

၂။ ဖူးကိုက်ခက်ငုံ၊ သီးပွင့်ပုံသား၊ စွယ်စုံပညာ၊ ကျော်စော စွာသည့်၊ မဟာရဋ္ဌ၊ သာရပေါ်ထင်၊ စာဆိုရှင်၏၊ စည်ပင် ဝေဆာ၊ ပဒေသာဟု၊ စာပေပင်ကြီး၊ မိုးထိ နီးကား၊ အံ့ချီး ဖွယ်ပုံ၊ ရောင်မျိုးစုံသည့်၊ မွှေးထုံတင့်ဆန်း၊ စာပေပန်းတို့၊

mgyoe.com

mgyoe.com

ပွင့်လန်း ဝေဖြာ၊ အလိမ္မာနှင့်၊ ပညာတိပြွမ်း၊ ရသာရွှမ်းသား၊ မှည့်ရွှမ်းခိုင်ဖြိုး၊ စာပေသီးတို့၊ ကြီးငယ်ပြွတ်ပြွတ်၊ ပင်လုံးညွတ်၏၊ လှထွတ်ကြော့ဆုံး၊ စာပန်းကုံးကို၊ ဖွဲ့ထုံး ရွေးယူ၊ ပန်လိုသူနှင့်၊ မွေးကြူချိုမြက်၊ ရသာနက်ကို၊ နှစ်သက်ခံယူ၊ သုံးလိုသူတို့၊ ဆွတ်ချူပျော်ရွှင်၊ စာပေပင်မှ၊ လိုအင်ပြည့်ဝ၊ သုံးဆောင်ကြသည့်၊ ငါးရာ့စတေ[၁]၊ နှစ်ပေါင်းကြွေအောင်၊ စာပေနက်လေး၊ ပြည်သူ့ဆေးတို့၊ ယဉ်ကျေးမှုနှင့်၊ လူမှုတတ်ပွန်၊ တရားညွန်လျက်၊ တာဝန်မပျက်၊ ခေတ်တိုင်းဆက်သည်။ ။ **ဆောင်ရွက်ခိုင်မာတည်တကား။**

၃။ **စူးစိုက်သက်ယုံ၊** စာပေလုံ့မှ၊ မျိုးပုံကြီးမြင့်၊ ရှည်ကြာတင့်ဟု၊ ဉာဏ်ဖြင့်မြော်မြင်၊ ပညာရှင်တို့၊ စည်ပင်ပွားပြန့်၊ စင်ချောသန့်သား၊ ယဉ်ခန့်ခိုင်မာ၊ တော်ဝင်စာဟု၊ မဟာရဋ္ဌ၊ သာရအရှင်၊ စာပေပင်မှ၊ အောင်မြင်မျိုးစေ့၊ ယူဆောင်၍လျှင်၊ ကြုံတွေ့ ဒိဋ္ဌ၊ ပစ္စက္ခဟု၊ ကာလအခြေ၊ ခေတ်ရေမြေတွင်၊ စာပေပင်များ၊ အစားစားကို၊ ဆင့်ပွားတိုးတက်၊ အမျိုးတွက်ဟု၊ ဆက်ကာဆက်ကာ၊ စိုက်ပျိုးလာ၍၊ ခက်ညွှာ စီလျဉ်၊ ပင်ချင်းယှဉ်လျက်၊ မြန်မာ့အလယ်၊ စာပေနယ်ဟု ဖြိုးကယ်ပွားတင့်၊ မျိုးဂုဏ်မြှင့်ခဲ့၊ ရေမြင့်ကြာတင့်၊ ကြာပန်းပွင့်က၊ ရေပြင့်ကျက်သရေ၊ ဆိုသော ထွေသို့၊ စာပေပန်းပွင့်၊ လူမျိုးတင့်လိမ့်၊ အရှင့်စာပေ၊ အထွေထွေကား၊ မကြွေမညှိုး၊ နံ့မျိုးဆောင်လျက်၊ ရောင်မပျက်သည်။ ။ **နော်ဆက်လို့ဖြာမည်တကား။**

◇ ✦ ◇ ✦

---

၁။ ငါးရာ့စတေ = နှစ်ငါးရာ အသေအချာ (ပေါရာဏ)။ စတေ – မုချ၊ စင်စစ်။ ယခုခေတ်၌ 'တစေ'ဟုသာ သုံးတော့သည်။ 'အမြဲတစေ' စသည်ဖြင့်။

mgyoe.com

mgyoe.com

# ရှင်မဟာရဋ္ဌသာရ ဝန္ဒနာဂီတ

ရန်နိုင်ဆွေ

[ မြန်မာစာပေလောကပေါ် ... အဟောဝတနော် ... ပြောရသော် ... ကျေးဇူးကြီးမားလှတဲ့ (ဂုဏ်တော် ၂) အမျိုးသားတွေလည်း ... နိုးကြားသိစေမျှော် ...
ကဗျာမူအစ ... စာပြုသမျှ ... သဒ္ဒါရှုမဝထုတ်ဆိုဖော် ...
ဩော် ... မဟာအတုလ ပုဂ္ဂိုလ်ကျော် ၂ ]
[ ကဗျာခိုရ်အမော် ... စာဆိုတော် ... နှိုင်းရာဖက်ကင်း – ဘဝဂ် ချဉ်းအောင်ကျော် ၂ ]
ရတနာပူရ ... အဝခေတ်ကို ... ပြန်လည် ငဲ့စောင်းမျှော် ... စာပေသခင် ... အရှင်တစ်ပါး ... ထင်ရှား (ဖြစ်ကြောင်းပေါ် ၂) နှစ်ပေါင်း ငါးရာတိုင်ပြီနော်...။
ကျော့ပိုဒ်
[ ရှင်မဟာရဋ္ဌသာရအကျော် ၂ ] ဂန္ထဝင်နယ်ကုန် ... စွယ်စုံညွန့်ရူး ... ကွန့်မြူးနိုင်ပေ့နော်..
ပါရဂူကြီး မဟာထေရ်ကျော် ... ကျေးဇူးတော် ... မေ့နိုင်ဘူးဘုရာ့ ... ဦးချတို့ပူဇော်။
[ ကာမဘုံဓလေ့ ... ကြုံတွေ့ရတဲ့ ရွှေစင်သော်မော် ... ဝဏ္ဏပဘာ ... လှကလျာကိုနော် ... ဘဝတာအဆုံး ... မမုန်းဘဲ တွဲကာမခေါ် ... ခွဲ ... ခွဲရှာသော် နှမလက်လျှော့ နေလေတော့ ရတုကိုဖော် ... ၂ ]

mgyoe.com

mgyoe.com

[ နှစ်သက်ဆဲ ... ချစ်လျက်နှင့်ခွဲ .. ငြိစိတ်ကိုလွှဲ ... တိဟိတ် ဆိုတဲ့
အသည်း... ၂ ]
[ ခဲနိုင်ပေ့ ဇာနည်ထေရ်ကျော် ... ၂ ]
သာသနာ့အမွေ မရမနေခံယူသော် ...
ကျော့ပိုဒ်
[ အမျိုးလေးပါး ရေးခြားလိမ္မာတွေ ရှိစေဖို့မျှော် ... ၂]
လောကကြောင်း ... ဓမ္မကြောင်း ... နှစ်ဝကောင်းကြအောင်နော်
သဒ္ဓါကွန်ရက် ဖြန့်ကျက်စေစား ... မနေမနား ထုတ်ကာဖော်
ဩဝါဒပေး .. ပုံ့မွေးနာပျော် ... ပျို့ကဗျာလင်္ကာရတုကို ... တွင်ကာပြု
သေးသနော်
မော်ကွန်းစာပေစုံ ... ဉာဏ်သူဌေး ... ရေးမကုန်သော် ...
ကျော့ပိုဒ်

× × ×

*(အနှစ် ၅၀၀–မြောက် အထိမ်းအမှတ်၊ စာပေသခင် အရှင်မဟာရဋ္ဌသာရ ဆရာတော်အား 'ဤတေးန' ဖြင့် အလေးပြု ဦးခိုက်ပူဇော်ကန်တော့ပါ၏။)*

ရန်နိုင်ဆွေ
(၂၁-၆-၆၈)

✧ ✦ ✧ ✦

mgyoe.com

mgyoe.com

## နိဒါန်း

ရေအတိမ်အနက်ကို ကြာရိုးကြာပင်မြင်သဖြင့် သိရသည်ဆိုသကဲ့သို့ လူမျိုး အဆင့်အတန်း မြင့်၊ မမြင့် ကိုလည်း စာပေကိုမြင်သဖြင့် သိရလေသည်။ စာပေအဆင့် အတန်းမြင့်လျှင် လူမျိုးတို့လည်း အဆင့်အတန်းမြင့်သောလူမျိုးဟု လွယ်ကူစွာ အကဲဖြတ်နိုင်သည်။ မြန်မာစာပေသည် အဆင့်အတန်းမြင့်သော စာပေဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် အဆင့်အတန်းမြင့်သော စာပေတို့တွင် ရှိအပ်သည့် ဂုဏ်အင်္ဂါလက္ခဏာများ မြန်မာစာပေ၌ အပြည့်အစုံပါရှိသောကြောင့်ဖြစ်သည်။ အဆင့်အတန်းမြင့်သောစာပေ ရှိနေသည့်အတွက် မြန်မာတို့သည် အဆင့်အတန်းမြင့်သော လူမျိုးတွင် ပါဝင်နိုင်သည်။

သို့ဖြစ်ရာ အဆင့်အတန်းမြင့်သော စာပေ ရှိနေခြင်းသည် မြန်မာတစ်မျိုးလုံးအတွက် ဂုဏ်ယူစရာအချက်ကြီးဖြစ်လေသည်။ မြန်မာတို့၌ အဆင့်အတန်းမြင့်သောစာပေ ရှိနေခြင်းမှာလည်း လောကဓမ္မနှစ်ဖက် ကုံလုံသည့် စွယ်စုံပညာရှင် ပုဂ္ဂိုလ်ကြီးများက မြန်မာစာပေကို အဆင့်အတန်းမြင့်အောင် ပြုစုပျိုးထောင်တော်မူခဲ့ကြသောကြောင့် ဖြစ်သည်။

မြန်မာတစ်မျိုးလုံး ဂုဏ်ရှိစေရန်အတွက် စာပေကို အဆင့်အတန်း မြင့်အောင် ပြုစုပျိုးထောင်တော်မူခဲ့သည့် ပညာရှိပုဂ္ဂိုလ်မြတ်ကြီးတို့တွင် လွန်ခဲ့သော နှစ်ပေါင်းငါးရာက အင်းဝခေတ်တွင် ပေါ်ပေါက်တော်မူခဲ့သည့် အရှင်မဟာရဋ္ဌသာရ ဆရာတော်သည် ထိပ်တန်းက ပါဝင်သော ပုဂ္ဂိုလ်မြတ်ကြီးဖြစ်သည်။

mgyoe.com

mgyoe.com


အရှင်မဟာရဋ္ဌသာရဆရာတော်သည် ပုဂံခေတ်က မျိုးစေ့ချခဲ့သည့် မြန်မာစာပေ အညှောက်ကလေးကို မြန်မာမှုတည်း ဟူသောလက်ဖြင့် ယက်ကာ ဆွကာ စေတနာရေဖြင့်လောင်း၍ မြန်မာစာပေတည်းဟူသော အပင်ကြီးကို ရှင်သန်ကြီးထွားအောင် စိုက်ပျိုးတော်မူခဲ့လေသည်။

အရှင်မဟာရဋ္ဌသာရသည် အင်းဝခေတ် သက္ကရာဇ် ၈၃၀ ပြည့်နှစ် ဝါဆိုလတွင် ဖွားမြင်တော်မူခဲ့သဖြင့် ယခု ၁၃၃၀ ပြည့် ဝါဆိုလတွင် အရှင်မဟာရဋ္ဌသာရ ပေါ်ပေါက်တော်မူခဲ့သည်မှာ အနှစ်ငါးရာရှိလေပြီ။ နှစ်ပေါင်းငါးရာရှိသည့်တိုင်အောင် အရှင်မဟာရဋ္ဌသာရ စိုက်ပျိုးပြုစုတော်မူခဲ့သည့် မြန်မာစာပေအပင်ကြီးမှာ မညှိုးနွမ်း မခြောက်သွေ့ဘဲ စိုပြည် စည်ကားလျက်ရှိလေသည်။ အရှင်မဟာရဋ္ဌသာရ စိုက်ပျိုးပြုစုတော်မူခဲ့သည့် စာပေအပင်ကြီးသည် အရောင်မျိုးစုံသော စာပေပန်းပွင့်အမျိုးမျိုးတို့ဖြင့် ဝေဆာလျက်ရှိလေသည်။ လောကီ လောကုတ္တရာ အနံ့အရသာ ပြည့်စုံသည့် စာပေအသီးတို့ဖြင့် ဖြိုးဖြိုးဝေလျက်ရှိလေသည်။

စာပေပန်းကုံးကို သီကုံးပန်ဆင်လိုသောသူတို့သည် အရှင်မဟာရဋ္ဌသာရ စိုက်ပျိုးတော်မူခဲ့သည့် စာပေအပင်ကြီးမှ လှုနိုးရာရာကို ခြွေယူ၍ သီကုံးကြရလေသည်။ လောကဓမ္မ အနှစ်သာရ အရသာကို သုံးဆောင်လိုသောသူတို့သည် ရှင်မဟာရဋ္ဌသာရ စိုက်ပျိုး တော်မူခဲ့သည့် စာပေအပင်ကြီးမှ ကောင်းနိုးရာရာ စာပေသီးတို့ကို ဆွတ်ယူသုံးဆောင်ကြရလေသည်။

အချုပ်အားဖြင့် ဆိုရသော် မြန်မာစာပေ ယခု အခြေထိအောင် အဆင့်အတန်းမြင့်နေခြင်းမှာ ရှင်မဟာရဋ္ဌသာရ ဆရာတော်၏ စာပေများကို မှီခို အားထားရသောကြောင့်လည်းဖြစ်လေရာ အရှင်မဟာရဋ္ဌသာရ၏ ကျေးဇူးကား အတိုင်းမသိ ကြီးမားလှပေသည်။

ဤသို့ စာပေနှင့်စပ်လျဉ်း၍ မြန်မာတစ်မျိုးလုံး၏ ကျေးဇူးရှင်ကြီးဖြစ်တော်မူသောကြောင့်ပင် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းက အရှင်မဟာရဋ္ဌသာရ အနှစ်ငါးရာမြောက် အထိမ်းအမှတ်ပွဲ ကျင်းပပြီး အရှင်မဟာရဋ္ဌသာရဆရာတော်အား ဂုဏ်ပြုပူဇော်ရန် လွှန်ခဲ့သော နှစ်နှစ်ခန့်ကပင် သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်သည်။

mgyoe.com

mgyoe.com

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း (မြန်–စာ–ပြန့်) သည် စာပေကို အဓိက ထား၍ မြန်မာ့အနုပညာများ၏ ဂုဏ်ကျေးဇူးကို တတ်နိုင်သမျှ ဖော်ထုတ်ခဲ့သည်ဖြစ်ရာ ယင်းသို့ စာပေနှင့် အနုပညာများ၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်ရင်း စာပေပညာရှင်နှင့် အနုပညာရှင်ကြီးများကိုလည်း တတ်နိုင်သမျှ ဂုဏ်ပြုပူဇော်ခဲ့လေသည်။ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက –

အင်းဝမြို့တည် အနှစ် ၆၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားကိုလည်းကောင်း၊

စာရေးဆရာပညာရှင် လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး ကွယ်လွန်သည့် ၂၅ နှစ်မြောက် အထိမ်းအမှတ်ပွဲကိုလည်းကောင်း၊

နိုင်ငံကျော် ဂီတစာဆို နန်းတော်ရှေ့ ဆရာတင်နှင့် ရွှေတိုင်ညွန့်အထိမ်းအမှတ် ဂီတစာပေဟောပြောပွဲနှစ်ရပ်ကိုလည်းကောင်း၊

စာပေ၊ ဂီတပညာရှင် မြဝတီမင်းကြီးဦးစ မွေးနေ့အနှစ် ၂၀၀–မြောက် အထိမ်းအမှတ်ပွဲကိုလည်းကောင်း၊

ရွာစားကြီးစိန်ဗေဒါ ကွယ်လွန်သည့် ၂၅–နှစ်မြောက် အထိမ်းအမှတ်ပွဲကိုလည်းကောင်း

ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ယခု ၁၃၃၀–ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် လွန်ခဲ့သောနှစ်နှစ်ခန့်က ဆုံးဖြတ် ကျေညာထားသည့်အတိုင်း အရှင်မဟာရဋ္ဌသာရ အနှစ် ငါးရာမြောက် မွေးနေ့အထိမ်းအမှတ်ပွဲကို ကျင်းပသည်ဖြစ်ရာ ဤစာအုပ်သည် အရှင်မဟာရဋ္ဌသာရ အနှစ် ငါးရာမြောက် အထိမ်းအမှတ်ပွဲအတွက် ဆရာတော်၏ဂုဏ်ကို ပူဇော်ကန်တော့သည့်အဖြစ်ဖြင့် မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက စီစဉ်ထုတ်ဝေသည့် စာအုပ်ဖြစ်သည်။ ထိုနေ့မှာပင် အခမ်းအနားကျင်းပသော ဆရာတော်၏ အကြောင်းနှင့် ဂုဏ်ကျေးဇူးတို့ကို မြန်မာစာပါမောက္ခ (ယခင်) ဆရာကြီး ဦးဖေမောင်က ဟောပြော၍ ပညာရှင်အများက ဆရာတော်၏ စာပေများကို ရွတ်ဖတ်ပူဇော်ကြပါသည်။

mgyoe.com

mgyoe.com

ဤစာအုပ်တွင် ဆရာတော် အရှင်မဟာရဋ္ဌသာရအကြောင်းနှင့် စပ်လျဉ်း၍ ခေတ်အဆက်ဆက်က ကျမ်းဂန်တတ် ပညာရှိကြီးများနှင့် စာပေညာရှင်များ ရေးသားခဲ့သည့် ပုံနှိပ်ပြီးစာအုပ်များတွင် ပါရှိပြီးဖြစ်သော အဆိုအမိန့်များနှင့် ယခုမျက်မှောက်ခေတ်စာပေ ပညာရှင်များ အသစ်ရေးသားသည့် ရှင်မဟာရဋ္ဌသာရအကြောင်းတို့ကို တတ်နိုင်သမျှ သက္ကရာဇ်အစဉ်အတိုင်း ထည့်သွင်းဖော်ပြထားပါသည်။

ယင်းသို့ ပညာရှင်ပုဂ္ဂိုလ်အသီးသီးတို့၏ ရေးသားချက်များကို စုပေါင်းဖော်ပြခြင်းမှာ အရှင်မဟာရဋ္ဌသာရအား ရှေးခေတ်၊ ယခုခေတ် ပညာရှင်အသီးသီးက ပူဇော်ကန်တော့သည့် အဓိပ္ပာယ်သဘော သက်ရောက်စေလိုသောကြောင့် ဖြစ်ပေသည်။ ၎င်းပြင် မြန်မာနိုင်ငံ၌ မြန်မာစာပေဟု ရှိနေသမျှ ကာလပတ်လုံး 'အရှင်မဟာရဋ္ဌသာရ' ဟူသောအမည်မှာ မြန်မာစာပေနယ်အတွင်း၌ ထင်းထင်းကြီးရှိနေမည်ဖြစ်ရာ ရှင်မဟာရဋ္ဌသာရအကြောင်းကို သိလိုသော ပုဂ္ဂိုလ်တို့သည် စာအုပ် တစ်အုပ်တည်းဖြင့် ရှေးခေတ်၊ ယခုခေတ် ပညာရှင်အသီးသီး ရေးသားသမျှ အကြောင်းအရာအားလုံးကို သိကြစေရန် ရည်ရွယ်သောကြောင့်လည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် မြန်မာစာပေနယ်တွင် အထင်ရှားဆုံး၊ အထူးခြားဆုံး ပုဂ္ဂိုလ်ကြီးတစ်ပါး၏ ကြုံတောင့်ကြုံခဲလှသော အနှစ်ငါးရာမြောက် မွေးနေ့အထိမ်းအမှတ်ပွဲကို ရှေးခေတ်၊ ယခုခေတ် ပညာရှင်အသီးသီးတို့၏ ချီးကျူးဂုဏ်ပြုစာပေါင်း အမြောက်အမြားဖြင့် အားပါးတရ ဆင်ယင်ကျင်းပရသည့်အတွက် များစွာပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပေသည်။

ဤသို့ အားပါးတရ ပူဇော်ဂုဏ်ပြုနိုင်ရန်အတွက် ပုံနှိပ်ပြီး စာအုပ်များတွင်ပါသည့် စာမူတို့ကို ကူးယူဖော်ပြခွင့်ပြုသည့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အသစ်ရေးသားချီးမြှင့်သည့် စာပေပညာရှင်များနှင့် ဤစာအုပ်ကို ထုတ်ဝေပေးသော စာပေလောက စာအုပ်တိုက်တို့ကို ကျေးဇူးဥပကာရ တင်ပါသည်။ ။

**စာအုပ်ထုတ်ဝေရေးအဖွဲ့**

**မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း**

mgyoe.com

mgyoe.com

# ပြည်သို့ပင့်သည်

စာပြုသူ - ဦးကုလား
စာပြုနှစ် - မပါ

ယင်းသောအခါ ရွှေနန်းရှင် နရပတိမိဖုရား ဓမ္မဒေဝီတွင် မြင်သော သမီးတော် သီရိဘုန်းထွတ် ယင်းသောအခါ သက်တော် ရှစ်နှစ်ရွယ်သာရှိသော မင်းသမီးသည် အထိန်းတော်နှင့်သာ ကွဲရစ်သည်ကို တွေ့၍ ယူတော်မူလေ၏။ ရှင်မဟာရဋ္ဌသာရ ဘုန်းတော်ကြီးကိုလည်း ပင့်တော်မူလေ၏။ ရှင်မဟာရဋ္ဌသာရ ဘုန်းတော်ကြီးကား ပြည်သို့ ရောက်တော်မူမှ စတုဓမ္မသာရ ကိုးခန်းပျို့ကို အပြီးသတ်တော်မူသည်။ သံဝရကိုလည်း ပြည်သို့ရောက်မှ စပ်တော်မူသည်။ ။

ဦးကုလား မဟာရာဇဝင်ကြီး ဒုတိယတွဲ
(၁၀၇၆–ခု တနင်္ဂနွေမင်း လက်ထက်ရေး)
ပုံနှိပ်နှစ် – ၁၃၂၁
ဟံသာဝတီ၊ ရန်ကုန်

✦✦✦

mgyoe.com

mgyoe.com


# စတုဓမ္မသာရပျို့ခက်ဆစ်အဖြေ

စာပြုသူ - တောင်တွင်းဆရာတော်
စာပြုနှစ် - ၁၁၂၃

စတုဓမ္မသာရတွင် ရတနာခုနစ်ပါးနှင့် သူတော်ဥစ္စာခုနစ်ပါးကို ဟပ်၍စပ်ရာ၌ 'နံ့မွှေးကြာမုံ၊ ခက်ရုံသန္တာ' ဟူ၍ စပ်ဆိုသည်မှာ ကြာမုံကို ဥပမာပြုသည်။ အနံ့မွှေးသော ကြာမုံ ကြာဝတ်ဆံနှင့်အတူ ဝင်းဝင်းဝါသော အခက်တို့ဖြင့် ရုံသော သန္တာကို ဆိုလိုသည်။

သုတကိုမဆိုဘဲ ချန်လေသည်ကား သာဝသေသ နည်းအားဖြင့်သာ အကြွင်းထား၍ ဆိုလေသည်။ ဥပမာ ဥပမည်းမှာလည်း ကျောက်မျက်ရွဲနှင့် သုတကို ဟပ်ရမည်။

ယင်းသည့်ပိုဒ်အစတွင်လည်း ဟိရိ 'ကျော်' ငွေဟူ၍ 'တမ်းခွန်' လွှားနှင့်ရှိတတ်၏။ တမ်းခွန်လွှားမလို၊ ဟိရိ 'ကျော' ငွေဟူ၍သာ တမ်းခွန် မလွှားဘဲ ဖတ်လိုသည်။ ရှင်မဟာရဋ္ဌသာရ တံတားဦးတည်၌ –

ကျည်းပင်အောက်တွင်၊ သုံးလူ့ရှင်၏၊ သွင်ပြင် တူလျော၊ အာရုံစောသည်၊ ငွေကျောဘုရား၊ ဆင်းတုထား၏။

ဟူ၍ စပ်သည်ကို ထောက်ရမည်။

ငွေကျော ဟူသည်ကား ခဲမ ကြေးနီနှင့် အလျှင်းမစပ်သော မီးပေါက်သာခွာ ငွေစင်ဟု ဆိုလိုသည်။ ။

ဆုတောင်းခန်းတွင်–

ကျောရွက် ငွေပေါင်း၊ ဆယ်သောင်း အကျပ်၊ တည့်တည့်ခပ်သည်...

mgyoe.com

mgyoe.com

ဟူ၍စပ်ရာမှာလည်း ဤအတူပင် ယူရမည်။

သက္ကရာဇ် ၁၁၂၃–ခု နတ်တော်လပြည့်ကျော် ၃–ရက်နေ့ တောင်တွင်းဆရာတော်အမိန့်ရှိသည်။ ။

လက်ဝဲနော်ရထာလျှောက်ထုံး
ပုံနှိပ်နှစ် – ၁၃၂၅
ဟံသာဝတီ၊ ရန်ကုန်။

✦✦✦

mgyoe.com

# တံတားဦးတည် မော်ကွန်း အဆုံးအဖြတ်

စာပြုသူ - တောင်တွင်းဆရာတော်
စာပြုနှစ်- ၁၁၂၄

“သုံးဆယ့်နှစ်ပါး၊ ထင်ရှားလက္ခဏာ” ချီသည့် တံတားဦးတည်ကို ရှင်မဟာရဋ္ဌသာရ အလျင် လုပ်သည်။ ရှင်သီလဝံသလည်း ရှင်ရဋ္ဌသာရ လုပ်ကြောင်းကို မသိ၍ ‘ကြားပိမ့် ကျက်သရေ၊ အောင်မြင်စေအံ့’ ချီသည့် တံတားဦးတည်ကို လုပ်သည်။ တစ်ဆယ့် နှစ်ပိုဒ်ခန့် ပြီးနှင့်သည်။ ရှင်ရဋ္ဌသာရမှာ ပြီး၍ ဆက်သွင်းကြောင်းကိုကြားလျှင် ငါလုပ် သည့်စာပုရပိုက်မှ ရေးမိသမျှကို ချေပေတော့ဆိုသည်။ တပည့်များ နှမြောစနိုး၍ ရေးကူး လိုက်သောကြောင့် ယခုတိုင်အောင် တွင်၍ရှိသည်။ နန်းတွင်းသို့ မဆက်မသွင်း ဖြစ်လေ ဆိုသည်။

ဒုတိယမင်းခေါင်မရှိသည့်နောက် ရွှေနန်းကြော့ရှင် နရပတိလက်ထက် ကြားပိမ့် ကျက်သရေချီသည့် ရှင်သီလဝံသ တံတားဦးတည်ကို အဖတ် အရွတ် အလေ့အလာများ ပြန်ကြသောကြောင့် တစ်ယောက်လုပ်သည့် စာကို တစ်ယောက် လိုက်ခြင်းသည် ပညာရှိ ကဝိတို့ဖွယ်ရာ အပျော်အပါးဖြစ်၍ ကြားပိမ့် ကျက်သရေ ချီသည့် တံတားဦးတည်ကို လိုက်၍ ကြားပိမ့်မှတ်ရှင် ချီသည့် တံတားဦးတည်ကို ရှင်ရဋ္ဌသာရ လုပ်ပြန်သည် ဟူ၍ သုတနှင့် ပြည့်စုံသော ရှေးသူဟောင်းတို့ ပြောစဉ်ရှိသည်။

တစ်ချက်မှာလည်း ရှင်ရဋ္ဌသာရ လုပ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ် စေ အသွားကို ဆင်ခြင်သော် အနက်အဓိပ္ပာယ် အနှစ်သာရ ရှိပေသည်ဖြစ်၍ ပညာရှိ တို့ မှတ်သားလောက်သောကြောင့် သုံးပါးစုမှာ ဆရာ သွင်းတန်သည့်အရာကို သွင်း

mgyoe.com

mgyoe.com

လိုက်ပေသည်။

သက္ကရာဇ် ၁၁၂၄–ခု၊ ဝါဆိုလတွင် တောင်တွင်းဆရာတော်ဘုရား အမိန့်တော် ရှိသည်။ ။

လက်ဝဲနော်ရထာလျှောက်ထုံး
ပုံနှိပ်နှစ် – ၁၃၂၅
ဟံသာဝတီ၊ ရန်ကုန်

✦✦✦

mgyoe.com

mgyoe.com

# ရှင်သီလဝံသ ရှင်ရဋ္ဌသာရ

**စာပြုသူ - မဲမီးဆရာတော် (၁၁၀၄ - ၁၁၅၉)**
**စာပြုနှစ် - မပါ**

ဤဒုတိယ ဆပဒ ရှင်ဓမ္မကေတု အနွယ်အဆက် အာစရိယ ပရံပရ ဖြစ်ခဲ့၍ ဤ ဒုတိယ မင်းခေါင်လက်ထက်ကလို ယခုလက်ထက်တိုင်အောင် ကျော်စောထင်ရှားသော တောင်တွင်း ရှင်သီလဝံသထေရ်၊ ၎င်း ရှင်သီလဝံသတို့နှင့် ဆရာတူ လက်ထုတ် ရှင်သဒ္ဓမ္မစာရီထေရ်၊ သီဟိုဠ်ရောက် စစ်ကိုင်းကျောင်း၌ သီတင်းသုံးနေသော မဟာထေရ်၏ တပည့် ရှင်သောရ မထေရ်တို့ သာသနာတော်ကို ထွန်းဝင်းပွင့်လင်းအောင် ပရိယတ်ကို အားထုတ် တော်မူ၍ ပို့သင်ကြားတော်မူသည်နှင့် ထေရဝါဒမကွဲပြားဖြစ်သည့်နောက် ဒုတိယမင်းခေါင် သား တော် ရွှေနန်းကြော့ရှင် ဘုရင်နရပတိလက်ထက် သက္ကရာဇ် ၈၈၆ ခုတွင် ပြည်သတိုး မင်းစောနှင့် ရှမ်း စလုံ ဝန်းရံ၍ လုပ်ကြံလျှင် အဝမြို့ ပျက်သည်။

ပြည်သတိုးမင်းစောလည်း သိမ်းယူ တန်သမျှနှင့် ရှင်ရဋ္ဌသာရ ဘုန်းတော်ကြီးကို ပင့်၍ ငါးရက်ခန့်နေပြီးလျှင် ပြည်သို့ စုန်သွားလေသည်။ ဘုရင်နရပတိလည်း ဆင်ခေါင်းက လာ၍ အဝကို မင်းပြုပြန်သည့်နောက် သာသနာတော် ၂၀၇၀–ခု၊ သက္ကရာဇ် ၈၈၈–ခု တွင် မိုးညှင်း ရှမ်း စလုံသား ဆင်မြင်း အလုံးအရင်းနှင့် တိုက်ပြန်ရာတွင် ဘုရင်နရပတိ စည်းစိမ် ၂၅၊ အိမ်နိမ့် ၂၅၊ အသက် ၅၀ ပြည့် အနိစ္စရောက်သည်နှင့် ဘေးတော် မိုးညှင်း မင်းတရားလက်ထက် သီဟိုဠ်ကျွန်းရောက် သာသနာဆက်၍ ပြုပြီးသည်မှ အနှစ် ၅၀– ခန့်မျှ တည်ချေသည်။ ။

**ဝံသဒီပနီ**

ပုံနှိပ်နှစ် – ၁၃၂၈

ဟံသာဝတီ၊ ရန်ကုန်။

✦✦✦

mgyoe.com

mgyoe.com

## တောင်လေသုတ်ဖြန်း၊ နောင်ထူးချမ်းသည်

**စာပြုသူ - ကျော်အောင်စံထားဆရာတော်**
**စာပြုနှစ် - ၁၁၃၁**

တီးဖြန်း၊ ကြူးဖြန်း ဟူသည်၌လည်း တီးမှုတ် ကျူးရင့်ခြင်းဖြင့် အသံကို နှံ့ပြားစေသည်။ ဖျော်ဖျော်ဖြန်းဖြန်း ဆိုသော အရာ၌လည်း အမှုအရာဆို မိန့်သံ၊ မည်မဆိတ် နှံ့ပြားစေသည်ပင်။ လေဖြန်းသည် ဟူသည်လည်း လေသံဖြင့် နှံ့ပြား ကြောက်ရွံ့အောင် ချိမ်းနွံသည်လည်းကောင်းဖြစ်၍ နှံ့ပြားစေခြင်းသဘောတူဖွယ်ရှိ၏။ ထိုသို့လျက် **'တောင်လေသုတ်ဖြန်း၊ နောင်ထူးချမ်းသည်'** ဟု အောင်ချာ နန်းမြေချီ ပြည်ရွှေဆံတော်ဘွဲ့ ရှင်မဟာရဋ္ဌသာရ စပ်သည်။

ထိုရတုကို အချို့ပြန်လျက် **'နန်းမြေအောင်ချာ'** ဟူ၍ အဝမြို့တော် ရွှေစည်းခုံဘွဲ့ အရှင်မဟာသီလဝံသလိုက်သည်ဟူ၍ မှာထား ဆိုမိန့်ကြသည်။ နှုတ်ရည် နှုတ်သံကို ထောက်လျှင် ထိုဆရာမြတ်တို့၏ နှုတ်သံနှင့်မတူ၊ ပမာဏပြုစေချင်သောကြောင့် တင်ယင်ခိုမှီး၍ မှာထားပြောဆိုကြသည်လည်းများသောကြောင့်တမှုကား ဆင်ခြင်ဖွယ်ရှိ၏။ ။

ဝေါဟာရတ္ထပကာသနီ
ပုံနှိပ်နှစ် - ၁၃၂၀
လယ်တီမဏ္ဍိုင်၊ ရန်ကုန်။

✦✦✦

mgyoe.com

mgyoe.com

# သိန်းဃိုဋ္ဌရောက်ကြီး သံဃာ့ထိး

စာပြုသူ - မုံရွေးဆရာတော်
စာပြုနှစ် - ၁၁၇၂

**၁၁၇၂–ခု တန်ဆောင်မုန်းလဆန်း ၁–ရက် စနေနေ့ မုံရွာ သိရိမာလာက မေးလျှောက်၍ မုံရွေး ဇေတဝန် ဆရာတော် ဖြေသည်။**

ရာဇဝင်တွင်လည်း ထူပါရုံဘုရား ထီးတော်တင်သောကာလ သီဟိုဠ်ကျွန်းတိုင်အောင် ရဟန်းသံဃာအများ ပင့်တော်မူသည်ဟု လာသည်။ ၎င်း ထူပါရုံ ဒါယကာမင်း နရပတိမင်းကြီး၊ မင်းကြီးမဟာသီဟသူရနှင့် မင်းပြိုင်ပြုသော သရေခေတ္တရာ ပြည်မြို့၌ ဆင်ဖြူရှင် သတိုးမင်းစောတို့ လက်ထက်လည်း သီဟိုဠ်ကျွန်းက မဟာဝိဟာရဝါသီ အရှင် သဒ္ဓမ္မစာရီ ပြည်မြို့သို့ ရောက်လာကြောင်းကို တောင်ဖီလာဆရာတော် တိပိဋကာလင်္ကာရ ရေးမှတ်ခဲ့သော အနက္ကမတွင် ဆိုသည်။ ပုဂံ သဒ္ဓမ္မဇောတိပါလ ဆရာ့ထံသို့လည်း သီဟိုဠ်ကျွန်းက စာသင်ပုဂ္ဂိုလ်တို့ အများပင် ရောက်ပေါက်လာကြ၏ဟု ဆိုသည်။

နိဒ္ဒေသကျမ်းတွင်လည်း 'လင်္ကာဒီပ ဇမ္ဗုဒီပ ဝါသိနံ့ သောတုဇနာနံ ပရိယတ္တိ ပရိယာပုဏာန္တေန ဆပ္ပဋ္ဌောတိ ဝိသုတေန' ဟူ၍ အဆို ပါချေသည်။ ဤစကားရပ်တို့ကို ထောက်သော် ထူပါရုံ ဒါယကာမင်း နရပတိမင်းကြီးလက်ထက် သီဟိုဠ်ကျွန်းက ရဟန်းသံဃာတို့ မပြတ်ပေါက်ရောက်လျက်ရှိဟန်ရှိသည်။ ငါတို့ တိုင်းနိုင်ငံများကလည်း သီဟိုဠ်ကျွန်းသို့ မပြတ်ကူးသန်းလျက် စာပေသင်ကြား၍နေဟန်ရှိသည်။ အရှင်ဝရ စက္ကပါလလည်း သီဟိုဠ်ကျွန်းသို့ကူး၍ စာပေသင်ကြောင်းကို ဇာတ်ပေါင်း၌ ...

mgyoe.com

ဝရစက္က၊ ပါလဟူသည်၊ အမည်လိုက်လျော၊ ခံထိုက်
သောဟု၊ သဘောထင်ပြ၊ သုပိနဋ္ဌ၊ ကမ္ဗရွေ့ညွှန်၊ နတ်တို့
ဖန်သား၊ နံ့ဝှန်သိမြော်၊ ငါ့ နောင်တော်လည်း၊ တစ်ခေါ်စာ
လောက်၊ ပုဂ္ဂိုလ်မြောက်၍၊ လှိုင်ပေါက်ကြေညာ၊ အဝှန်ဝါသား၊
ဆရာကောင်းချည်း၊ ပေးသည့် နည်းတိ၊ မိုးဖျားထိမျှ၊ အကျိ
အခဲ၊ နှလုံးထဲဝယ်၊ အမြဲဆည်းပူး၊ အထူး ထူးသား၊ ကျေးဇူး
ခြင်းတ၊ ပြည့်စုံလှလျက်၊ မူလသိန်းဃိုဠ်၊ မြတ်သည့် ကိုယ်
ဖြင့်၊ မဂ်ဖိုလ်ပစ္စည်း၊ တစ်ယောက်တည်းသာ၊ စူးစူးရှာသား၊
သမ္ဘာရင့်ညောင်း၊ ဇောဓိလောင်းတိ၊...

ဟူ၍လည်းကောင်း။ ။ ဘူရိဒတ်လင်္ကာတွင်လည်း ....

ကျေးဇူးဟူသည်၊ ရောင်ဖြူပဝန်း၊ သော်တာထွန်းသို့၊
တကျွန်း သိန်းဃိုဠ်၊ မညိုပြန်ခေါက်၊ ရောက်တုံပြီးမှ၊ ရပ်ချီး
ခန်းဝါ၊ ကြေဥသာနှင့်၊ ရတနာပူရ၊ လောကသနင်း၊ မင်းတို့
တကာ၊ ရိုသေရာဖြင့်၊ သာသနာငါးထောင်၊ ထမ်းဆောင်နေ့
တိုင်း၊ ကြိုးနှယ်တိုင်းသား၊ စစ်ကိုင်းဟူသည်၊ ရွှေပြည်မြောက်
ပါး၊ မြိုင်တောဖျားဝယ်၊ တရားမွေ့လျော်၊ ကုသိုလ်ပျော်သည်၊
သူတော်ထေရ်ကောင်း၊ ဇောဓိလောင်း၏၊ အပေါင်းထင်ရှား၊
တပည့်များတွင်၊ တွက်ကျုံးဝင်သား၊ မည်ပင် ရဋ္ဌ၊ သာရအစစ်၊
ဆယ့်ခြောက်နှစ်လျှင်၊ တက်သစ် အရွယ်၊ လူငယ် သော်ကား...

ဟူ၍လည်းကောင်း စပ်ဆိုတော်မူသောကြောင့် နောင်တော်ဖြစ်သော ဆရာ
စက္ကပါလသည် သီဟိုဠ်ကျွန်းသို့ ကူး၍ စာပေ သင်ကြောင်းသိသာသည်။ အရှင်ရဋ္ဌသာရ
သည် နောင်တော့်ထံ စာသင်၍ အခြေရမှ တစ်ပါး သီဟိုဠ်က ပြန်ရောက်သော ဆရာတို့
ထံသင်၍ တတ်မြောက်သော ပုဂ္ဂိုလ်ကြီး မထေရ်ကြီးတို့ထံတွင် သင်ပြန်ကြောင်းကိုလည်း
ဇာတ်ပေါင်းပျို့၌ .....

ရဋ္ဌသာရ၊ လဒ္ဓသရော်၊ နှတ္တခေါ်သား၊ သူတော်
သွေးရည်၊ ငါတုံသည်လည်း၊ ဖြောင့်ကြည်သဒ္ဓါ၊ နောင်ဆရာ
လျှင်၊ သမ္ဘာရင့်လှည့်၊ ညီတပည့်ဟု၊ မပြည့်ပေါ်ထင်၊ တစ်ဝမ်း
တွင်က၊ ချစ်ချင်တမူ၊ မဟူစသာ၊ နည်းနာသင်ထွေ၊ အခြေရ
မြောက်၊ ကြံ့ကြံ့ထောက်၍၊ ပြန်ရောက်သိန်းဃိုဠ်၊ ကျေးဇူးကို

mgyoe.com

ကား၊ ပုဂ္ဂိုလ်မည်သီး၊ ထေရ်ဘုန်းကြီး ဝယ်၊ မိုးခဲ့လက်လွတ်၊
ကြွင်းမဲ့တတ်သား၊ ထေရ်မြတ်တို့ထံ၊ ထုံးစံရမိ၊ အပြည့်ကျိုလျက်...
ဟူ၍လည်းကောင်း။ ။ ဟတ္ထိပါလတွင်လည်း .....

စစ်ကိုင်းချောက်၌၊ မပြောက်အာပတ်၊ ပိဋကတ်တတ်
စွာ၊ သုဒ္ဓါစာရ၊ သီလဂုဏဝန်၊ ထေရ်မွန်ပုဂ္ဂိုလ်၊ သိန်းဃိုဋ္ဋ
ရောက်ကြီး၊ သံဃာ့ထီးကို၊ ယှဉ်မိုးငြမ်းထောက်၊ ထိပ်ထက်
အောက်မှ၊...

ဟူ၍လည်းကောင်း စပ်ဆိုတော်မူသည်။ ယှဉ်မိုး ဟူသည်ကား သံဃာ့ထီးကို မိုဝဲ ဆည်းကပ်သည်။ ငြမ်းထောက်ဟူသည်ကား လက်ထောက်လည်သည်ဟုဆိုသည်။ ထိပ်ထက်အောက် ဟူသည်ကား ထို သိန်းဃိုဋ္ဋရောက် ဆရာ၏ငြမ်း လက်ထောက်ဆရာကို ထိပ်ထက်တင်၏ဟု ဆိုသည်။ ထိပ်ဦး၌ တင်သောပန်းကို ဦးဆောက်ပန်း ဆိုဘိသကဲ့သို့ ထိပ်ထက်ဆောက် ဆိုသည်ကား ထိပ်ထက်တင်၍ ပူဇော်လိုသည်။

ဤအရာတွင် အချို့ဆရာတို့လည်း 'သံဃာ့ထီးကို၊ ဆီမီးဉာဏ်တောက်၊ ထိပ်ထက်ဆောက်မှ' ဟူသည်ကား ပထမ သိန်းဃိုဋ္ဋရောက် ဆရာကြီးကိုပင် ယှဉ်တွဲ၍ ဉာဏ်တည်း ဟူသော ဆီမီးတောက်ကို ထိပ်ထက်ဆောက်သည်ဟူ၍လည်း ယူကြသည်။

အရှင်မဟာရဋ္ဌသာရတို့ လက်ထက် ငါတို့ တိုင်းနိုင်ငံကလည်းကူးသွား၍ သိန်းဃိုဋ္ဋကျွန်းမှာ စာပေသင်ကြ၏။ သိန်းဃိုဋ္ဋကျွန်းကလည်း ကူးလာ၍ စာပေသင်ကြ၏။ အရှင်မဟာရဋ္ဌသာရတို့ ကျေးဇူး အရည်အသွေး ဂုဏ်သတင်းကိုလည်း သိန်းဃိုဋ္ဋကျွန်းမှာ ပြောဟော ပြသကြ၍ အလွန် ကျော်စော ထင်ရှားလေ၏ဟု ဆိုလိုသည်။ ဟတ္ထိပါလပျို့ နိဂုံးတွင်လည်း .....

ကံကျေးဝတ္ထု၊ ဤကျမ်းပြုသား၊ ဂရုမြှောက်ရည်၊ မဟာ
ထေရ်ကို၊ မြန်ပြည်မဆုံ၊ ကျော်နံ့သတင်း၊ သိန်းဃိုဋ္ဋချင်း
သည်၊ မည်ရင်း အဘယ်သညာနည်း
ဟု အစပ်ရှိသည်။ ။

သမန္တစက္ခုဒီပနီ (ဒုတိယအုပ်)
ပုံနှိပ်နှစ် – မပါ
ဂန္ဓမာပုံနှိပ်တိုက်၊ ရန်ကုန်။

mgyoe.com

✦✦✦

mgyoe.com

# မုံရွာသီရိမာလာ မုံရွေးဇေတဝန် အမေးအဖြေ

စာပြုသူ - မုံရွေးဆရာတော်
စာပြုနှစ် - ၁၁၇၂

၁၁၄–ပုစ္ဆာ ။ ။ ကိုးခန်းပျို့တွင်။ ။ သုံးတန်ဖြေထ၊ ရာအဋ္ဌ၊ သာရပုဒ်ခွဲလုပ်။ ။ အနှောင်းအာကျေ၊ ရကပ်လေ၊ စပ်နေသန္ဓိရုပ်။ ။ အမေးသုံးထွေ၊ စဉ်တိုင်းဖြေ၊ ပါဌ်ပြေမတွန့်ရှုပ်။ ။ ရဋ္ဌသာရ၊ တစ်ပဒလုံး၊ နှောင်းဆုံးဖြေတစ်အုပ်။ ။ ဝိဒဂ်မသင်၊ နားမဝင်၊ ပုံပြင်မှတ် ပိုက်ထုပ်။ ။ သည်နည်းကြံလေ၊ အထွေထွေ၊ တတ်ခြေနည်းမှန်တုပ်။ ။ မင်းဘုန်းရောက်လှာ၊ ဤသည့်စာ၊ လူ့ရွာမတိမ်မြုပ်။ ။ ဟူ၍ စပ်တော်မူသည်တွင်။ ။ သုံးတန်ဖြေထ၊ ရာအဋ္ဌဆိုသည်မှာ မေးပိမ့်စေလော့ ချီသောပုဒ်တို့က မေးသည်ကို ဆိုသော စကားဟူ၍ ဆိုကြပါသည်။ ယင်းသို့ ဆိုသော စကားမှန်လျှင်လည်း မေးပိမ့်ဖြေလျော့ ချီသည်တစ်ပုဒ်။ လောဘဒေါသ ချီသည်တစ်ပုဒ်။ ချောမြေ့ပြင်ပ ချီသည်တစ်ပုဒ်။ ဟိရိကျောင္ဒေ ချီသည်တစ်ပုဒ်။ ပေါင်းလေးပုဒ်။ အမေးလေးရပ်ဖြစ်ပါသည်။ သုံးတန် မေးထွေ မဆိုသင့်ပါ။ အမေး လေးရပ်ဖြစ်၍ လေးတန် မေးထွေ ဆိုသင့်ပါသည် ထင်ပါသည်။ အမေး လေးရပ်ကို အဖြေ သုံးရပ် ဖြစ်အောင် ဘယ်သို့ ယူရမည်ကို သိလိုပါသည်။

(သက္ကရာဇ် ၁၁၇၂–ခု တပေါင်းလဆန်း ၁–ရက်၊ သောကြာနေ့။ မုံရွာ သီရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား)

၁၁၄–ဝိသဇ္ဇနာ။ ။ မေးပိမ့်ဖြေလျော့ ချီသည်တစ်ပုဒ်။ လောဘဒေါသ ချီသည်တစ်ပုဒ်။ ချောမြေ့ပြင်ပ ချီသည်တစ်ပုဒ်။ ဟိရိကျောင္ဒေ ချီသည်

mgyoe.com

mgyoe.com

တစ်ပုဒ်။ ပေါင်း လေးပုဒ်ဖြစ်၍ အမေး လေးရပ်ပင် မှန်သည် မှန်သော်လည်း ရှေ့သုံးပိုဒ်ကို ဖြေ၍ပြေလျှင် လေးပိုဒ်လုံး အမေး၏အဖြေ ပြီးတော့သည်ကို ရည်၍ သုံးတန် ဖြေထ။ ရာအဋ္ဌ။ သာရပုဒ်ခွဲ လုပ်။ ဟူလည်းကောင်း၊ အမေး သုံးထွေ-စဉ်တိုင်းဖြေ၊ ပါဠ်ပြေမတွန့်ရှုပ် ဟူ၍လည်းကောင်း ဆိုလေသည်ဟု ယူရာ၏။ ။(တစ်ကြောင်းမှာလည်း သုံးတန် မေးထွေဆိုသည်မှာ ရာတစ်ပုဒ်။ အဋ္ဌတစ်ပုဒ်။ သာရ တစ်ပုဒ်သာဖြစ်၍ အစိတ်အစိတ် မေးသော သုံးတန် အမေး မျှကိုသာ ဖြေလျှင် ပြေလေပြီဟု ဆိုလိုသည်။ ဟီရိကျောငွေချီနှင့် ပုဒ်လုံးပြည့် ဖြေသည်မှာ ရဋ္ဌသာရ ဟူသော နောက်ပုဒ်တွင်မှ ပုဒ်လုံးပြည့်ဖြေသည်။ အမေး လေးပါးပင် ဖြေ၏ဟု သိစေခြင်းငှာ ရဋ္ဌသာရ။ တပဒလုံး။ နှောင်းဆုံး ဖြေ တစ်အုပ်ဟု စပ်တော်မူသည် ယူကလည်း သင့်လေစွပင် ထင်ပေသည်)

ဤစကားကို သိသာအောင်မူကား အကျယ်ဆိုမှ သိသာမည်ဖြစ်၍ အမေးနှင့် တကွဆိုဦးအံ့။ ။ မေးပိမ့်ဖြေလော့၊ လေးထွေဗေဒင်၊ သက်ကရိဋ္ဌ၊ ပိုဒ်၏ ဖွင့်နည်း၊ သရဖျည်းနှင့်၊ သိမ်းဆည်းအနက်၊ ဂါထာမြွက်သား၊ ကေက္ခရ၊ ကောသ ကျမ်းလာ၊ အဝဂ်ရာဝယ်၊ ဥစ္စာဝါစက၊ တတ်စွမ်းလှ၍၊ အတ္ထပြဲ့ပြဲ့၊ ဟောထွင် ချဲ့သည်။ ။ ဘက်မဲ့အဘယ် သဒ္ဒါနည်း။ ။

အမေး ။ ။ ဤပဌမ အမေး၌ ကေက္ခရ ကောသကျမ်း၌လာသော သရ ဗျည်း အနက်တို့တွင် ပဌမဝဂ်၊ ဒုတိယဝဂ်၊ တတိယဝဂ်၊ စတုတ္ထဝဂ်၊ ပဉ္စမဝဂ် တို့တွင် အနက်မလို။ အ ဝဂ်တွင် ရ အက္ခရာ၏ အစုတွင်သော်လည်း ရာ အက္ခရာ၏ အနက်တွင် ။ ။ ရာတု သောဏ္ဏေ ဓနေ သဒ္ဒေ၊ အာစာနေ စတုယံပိ စ။ ဟူသော ဂါထာနှင့်အညီ ရာသဒ္ဒါသည် ရွှေဟူသော အနက်၊ ဥစ္စာ ဟူသော အနက်၊ စသည်တို့ကို ဟောသည်။ ဤအနက်စုတို့တွင် ဥစ္စာဟူသောအနက်ကို ဟော သောသဒ္ဒါကား အဘယ် သဒ္ဒါနည်း ဟူလိုသည်။ အဖြေကား ဥစ္စာဟူသော အနက်ကို ဟောတတ်သည်ကား ရာသဒ္ဒါ ဟူလိုသည်။

လောဘဒေါသ၊ မောဟာကခ်ါ၊ မိစ္ဆာဒိဋ္ဌိ၊ အဟိရိက၊ နောတ္တပ္ပနှင့်၊ ထိနမာန၊ ဥဒ္ဒစ္စဟု၊ ဒသကိလေ၊ လေးကြိမ်ချွေမှ၊ လေးထွေမဂ္ဂ၊ လေးဖိုလ်ရသား၊ သံဃ ရတနာ၊ အရိယာကို၊ မြတ်စွာဘုရား၊ သမိုက်ထားသည်။ ။ အပြားတိမျှ သချာနည်း။ ။ အရိယာပုဂ္ဂိုလ် အပြား ဘယ်မှာ ရှိသနည်းဟု မေးသည်။ အဖြေကား ရှစ်ယောက်ဖြစ်၍ ထိုသချာကို ဟောသော သဒ္ဒါကား အဋ္ဌ ဟူလို သည်။ ။ ချောမြေ့ပြင်ပ၊ လုံးရပ်လှလျက်၊ ရက္ခမည်သာ၊ သစ်ပမာလျှင်၊

mgyoe.com

mgyoe.com
ပညာရှိယောင်၊ လွှားထောင်ပေါ်ကြော့၊ ထဲသော့သော့နှင့်၊ စိတ်ပေါ့ပေါင်းပျစ်၊ အိုအောင်ခြစ်လည်း၊ အနှစ်မရ၊ ပင်ပန်းကြအံ့၊ မြန်မာ့အမှု၊ မှတ်တစ်ခုဖြင့်၊ ဖေဂ္ဂု ပြန်ဘက်၊ ထို အနက်ကို၊ ပြက်ပြက် သိလွယ်၊ ဝေါဟာ သွယ်သည်။ အဘယ် ပါဠိ ဘာသာနည်း။

ဤပိုဒ်၏ အရ အမေးဦးကား။ ဖေဂ္ဂု ဟူသည်ကား အကာ ဆိုလိုသည်။ အကာမှ ပြန်သော် အနှစ် ဟူလိုသည်။ အနှစ် ဟူသောအနက်ကို ပါဠိအားဖြင့်ကား ဘယ်သို့နည်းဟု မေးသည်။ အဖြေကား ပါဠိဘာသာအားဖြင့် သာရ ဟူလိုသည်။ သုံးပိုဒ်၏ အရကပင် ရာတစ်ပုဒ်၊ အဋ္ဌတစ်ပုဒ်၊ သာရတစ်ပုဒ်။ သုံးပုဒ် ရှိပြီဖြစ်၍ သုံးတန်ဖြေထ၊ ရာအဋ္ဌ၊ သာရပုဒ်ခွဲ လုပ်ဟုဆိုသည်။ ။ အ–နှောင်း အာကျေ၊ ရ–ကပ်လေ၊ စပ်နေသန္ဓိ ရုပ်ဟူရာဉ်။ ။ ရာ–အဋ္ဌ–သာရ–ဟု တည်ပြီးလျှင် ရကို ခွင်း၍ သရာသရေလောပံ–ဟူသော ကစ္စည်း သုတ်၊ သရ လောပ ပပွေါ်၌ သရေ–ဟူသော သဒ္ဒနီတိသုတ်တို့ဖြင့် အ–နှောင်း သောကြောင့် ရ–အစိတ် အာ–ကိုချေ။ နယေ ပရံ ယုတ္တေ–စသော သုတ်တို့ဖြင့် ရ ကို နောက် အ– သို့ ကပ်လေ၍ သန္ဓိရုပ်ပြီး၏။ ။ သုံးတန်မေးထွေ၊ စဉ်တိုင်းဖြေ၊ ပါဠိ ပြေမတွန့်ရုပ်၊ ဆိုသည်လည်း ဤရုပ် စီရင်၍ ပြီးသောကာလ အမေးသုံးထွေ ပြေလေတော့သည်၊ ဟူလိုသည်။ ဟိရိကျော့ငွေ၊ သြတ္တပ် ရွှေနှင့်၊ နံ့မွှေကြားမုံ။ ခက်ရုံသန္တာ၊ သဒ္ဓါမျက်မြ၊ သီလပုလဲ၊ စွန့်ကြဲဒါန၊ စာဂမဏိ၊ ဗုဒ္ဓိဝရဇိန်၊ တောက်ထိန်ခုနစ်ပါး၊ ဥစ္စာများကို၊ သူ့အားဝေငှ၊ ဉာဏသူဌေး၊ ဉာဏ်လှူပေး၍၊ ကံကျေးဝတ္ထု၊ ဤကျမ်းပြုသား၊ ဂုရုမြော်ကရည်။ မဟာထေရ်ကို၊ မြန်ပြည် မဆုံ၊ ကျော်နံ့သတင်း၊ သိန်းယိုင်ဥချင်းသည်။ ။ မည်ရင်းအဘယ် သညာ နည်း။ သုဝဏ္ဏံ ရဇတံ မုတ္တာ၊ မဏိဝေဠု ရိယာပိစ၊ ဝဇိရဉ္စ ပဝါဠဉ္စ၊ သတ္တာဟု ရတနာ နိမေ။ ။ ဟူသော သာရတ္ထ သင်္ဂဟကျမ်းဦးလာသော ဂါထာနှင့် အညီ လောကီရတနာနှင့်ဘက်၍ လောကုတ္တရာ ရတနာတို့ကို စပ်ရာဉ် ဟိရိနှင့် ကျော့ငွေ သြတ္တပ္ပနှင့်ရွှေ၊ သုတနှင့် သန္တာ၊ သဒ္ဓါနှင့်မြ၊ သီလနှင့်ပုလဲ၊ စာဂနှင့် ပတ္တမြား၊ ပညာနှင့် ဝရဇိန်ကို ဟပ်၍စပ်သည်။ သုတကား တိုက်ရိုက်အားဖြင့် မလာသော် လည်း နံ့မွှေကြားမုံ ဟူသည်ကား အနံ့အပြား သိမြင်နိုင်သော အကြားအမြင်ကို ရည်၍စပ်သည် ဖြစ်သောကြောင့် သုတကို သန္တာနှင့် ဟပ်၍ ယူသင့်သည်။

ဤသူတော် ဥစ္စာ ခုနစ်ပါးကို ပေးတတ်သော ဤကျမ်းပြုသော ဆရာကား အဘယ်သူနည်း။ စတုတ္ထပိုဒ်အမေးဦးလည်း ဤကျမ်းကိုပြုသောဆရာသည် ရှင်
mgyoe.com

သာရပင် ဖြစ်သည်။ အခြားပုဂ္ဂိုလ် မဟုတ်ပြီဖြစ်၍ ရှေးအမေး သုံးထွေ၏ အဖြေလည်း ရဋ္ဌသာရပင် ဖြစ်၍ စတုတ္ထအမေးအဖြေ ဟူ၍ အခြား မရှိခဲ့ရကား သုံးတန် မေးထွေ၊ စဉ်တိုင်းဖြေ၊ ပါဠ်ပြေမတွန့်ရှုပ်။ ။ ရဋ္ဌသာရ၊ တစ်ပဒလုံး၊ နှောင်းဆုံး ဖြေ တစ်အုပ်။ ဟူ၍ ဆိုလေသည်။

ဤစကားစုတွင် သုံးတန်မေးထွေဟူ၍လည်းကောင်း၊ သုံးတန်ဖြေထ ဟူ၍လည်းကောင်း၊ စာစောင်အရပ်ရပ်ရှိသောကြောင့် အမေးသုံးပါး အဖြေသုံးပါးဟု ဖြေလိုက်ရချေသည်။ စင်စစ်အားဖြင့်သော်ကား ရာဥ္စတစ်မေး၊ အဋ္ဌဥ္စတစ်မေး၊ သာရဥ္စတစ်မေး၊ ရဋ္ဌသာရဥ္စတစ်မေးဖြစ်၍ အမေး လေးပါး၊ ဥစ္စာ အမေး၌ 'ရာ'။ အရိယာ သချာအမေး၌ 'အဋ္ဌ'။ အနှစ်အမေး၌ 'သာရ'။ ကျမ်းပြုပုဂ္ဂိုလ်ကို မေးရာ၌ ရဋ္ဌသာရဟု လေးချက်စေ့ ဖြေရမည်ဖြစ်၍ အဖြေ လေးပါးပင် ဆိုသင့်သည်။ ဤကဲ့သို့သော အရာကို လေးပါး ဟုယူမှလည်း ဝိဒဂ်ဋီကာ၊ ဝိစိတ္တာလင်္ကာရ ကျမ်းတို့၌ လာသောနည်းတို့ဖြင့် ညီညွတ်မည်ဖြစ်၍ ရဋ္ဌသာရ၊ တစ်ပဒလုံး၊ နှောင်းဆုံး ဖြေ တစ်အုပ်–ဟူသော စကားလည်း အဖြေတစ်ပုဒ်ပင် ဖြစ်သည်ဟု ထင်မိပေသည်။ (သူ့စာ၌လည်း နှောင်းဆုံးဖြေတစ်အုပ်–ဟူ၍ပင် နိမိတ်အရိပ် ဘော်လျက် ပါပေသည်။ ထို့ကြောင့် အမေးက လေးပါး၊ အဖြေက သုံးပါး ဟူ၍ မမှတ်သင့်။ အမေးလည်း လေးပါး၊ အဖြေလည်း လေးပါးပင် ဟူ၍သာ မှတ်သင့်သည်)။ ။ ဝိဒဂ်မသင်၊ နားမဝင်၊ ပုံပြင်မှတ်ပိုက်ထုပ်။ ဆိုရာ၌ ဝိဒဂ်ကျမ်းကို မသင်ဘူး၍ နားမဝင်သည် ရှိသော် ဤပုံပြင် ဥဒါဟရဏ်ကိုသာ မှတ်လေလော့ ဟူ၍ဆိုသည်။

ဤနည်းကဲ့သို့ ကြံလေသည်ရှိသော် အစိတ်အစိတ် ခွဲ၍ မေးခြင်း၊ အပေါင်း ပြု၍ မေးခြင်း၊ အစိတ်အစိတ် ခွဲ၍ဖြေခြင်း၊ အပေါင်းကို ဖြေခြင်းတို့၌ တတ်အံ့သောငှာ အခြေအလက် ခက်ခဲလှသော နည်းနာကို ရလိမ့်မည်ဟူလိုသည်။ ထို့ကြောင့် သည်နည်းကြံလေ၊ အထွေထွေ၊ တတ်ခြေနည်းမှန်တုပ်ဟု ဆိုလေသည်။ မှန်တုပ် ဟူသည်ကား ရှေးစကားဖြစ်သည်။ လျှို့ဝှက်ခက်ခဲလှသော အတတ်၊ ဆရာတို့တွင် လက်စွဲ၊ လက်ဆုပ်ပြု၍ တပည့်မြင်တိုင်း မပြောပြ ထားသော အတတ်၊ အကာလဖလဇာတ်၌ အကာလဖလမန္တန်၊ သဗ္ဗဒါဌိကဇာတ်၌ ပထဝီဇယမန္တန်၊ ပဒ ကုသလ ဇာတ်၌ စိန္တာမဏိ မန္တန်တို့ကဲ့သို့ အသက်ခန္ဓာ ဆုံးသော ကာလမှ ဆိုရာပြောရာသော အတတ်၊ ဤကဲ့သို့ အလွန်လျှို့ဝှက်ခက်ခဲလှသော အတတ်ကို လျှို့ဝှက်၍ထားသည်ကို မှန်တုပ် ဟူလိုသည်။

mgyoe.com

com

ထို့ကြောင့် ကိုးခန်းပျို့ ပုဏ္ဏားခန်း၌။ ။ ဆရာ့လက်ဆုပ်၊ မှန်တုပ် လျှို့ဝှက်၊ သူသိခက်ဟု၊ အသက်ခန္ဓာ၊ ဆုံးသောခါမှ၊ ဆိုရာသတတ်၊ မှတ်သည်လေတွဲ့၊ နက်ထုံးဖွဲ့သည်။ ။ ဟူ၍လည်းကောင်း။ ။ မှန်စီရွှေကျောင်း ဒုတိယနေ ဆရာတော်သတ်ပုံ၌။ ။ ဆရာလက်ဆုပ်၊ ချိန်မှန်တုပ်၊ သရုပ်သိမ့်သိမ့်ရှင်း။ ။ ဟူ၍လည်းကောင်း။ ကဝိလက္ခဏာတွင်လည်း။ ။ ဆရာ့လက်ဆုပ်၊ မပြချုပ်၊ မှန်တုပ် မချနိုင်။ ။ ဟူ၍လည်းစပ်သည်။ ။ ဤကားရှင်ရဋ္ဌသာရ မှန်စီဆရာတော်တို့ နည်းကိုသာ ယူ၍ဆိုရမည်။

တစ်ပါးသော ဆရာတို့ကား မှန်တုပ် ဟူသည်ကား အနေအထားကျသည် ဟူလိုသည်။ ။ ဗုဒ္ဓုပ္ပတ္တိပျို့တွင်လည်း။ ။ တစ်ပါးမဟုတ်၊ ရွှေစင်ခုတ်သို့၊ မှန်တုပ် နေကျဟူ၍လည်းကောင်း။ ။ နဝရတ်ပျို့တွင်လည်း။ ။ လူဗိုလ်ဝန်းကို၊ သိမ်းမြန်းပိုက်ထုပ်၊ ဘုန်းဖြင့်အုပ်သည်၊ မှန်တုပ်နေကျ၊ လူများဘ။ ။ ဟူ၍လည်းကောင်း။ ။ ကျင့်ရန်စီးပွား၊ ကျိုးကြောင်းများကို၊ တခြား တခြား၊ မှတ်သားပိုက်ထုပ်၊ တစ်အုပ်တစ်အုပ်၊ နိဂုံးချုပ်မှ၊ သရုပ်အမှန်၊ မှန်တုပ် ချနက်၊ မြဲစေလျက်လျှင်။ ။ ဟူ၍လည်းကောင်း။ ။ ရန်ညွန့်ငင်ရန်း၊ အားသွန်သုံး၍၊ နိဂုံးအချုပ်၊ ဘုန်းဖြင့်အုပ်သည်၊ မှန်တုပ်ချထား နရဖျား။ ။ ဟူ၍လည်းကောင်း စပ်ဆိုချက်ရှိသည်။ ။ ဗုဒ္ဓုပ္ပတ္တိဆရာ၊ နဝရတ်ဆရာတို့မှာ အမှန်အကန် အနေအထားကျသည်ကို မှန်တုပ် ခေါ်ဟန်ရှိချေသည်။ ။ ကိုးခဏ်း၊ မှန်စီ၊ နဝရတ်တို့မှာ ပသပ် စပ်သည်။ ဗုဒ္ဓုပ္ပတ္တိမှာ တသတ် စပ်သည်။

**၁၁၅ ပုဋ္ဌာ** ။ ။ ဝိဒဂ် မသင်၊ နား မဝင်၊ ပုံပြင် မှတ်ပိုက်ထုပ်။ ဆိုသောစကား၌လည်း ဝိဒဂ်ကျမ်းကို မသင်ဘဲ နား မဝင်ရာသည့် အခြင်းအရာကို ဝိဒဂ်ကျမ်းကိုသင်လျှင် နားဝင်ရာသည့် အခြင်းအရာကို သိလိုပါသည်။

**၁၁၅ ဝိသဇ္ဇနာ** ။ ။ ဝိဒဂ်ကျမ်းကို မသင်ဘဲ နား မဝင်ရာသည့် အခြင်းအရာ။ ဝိဒဂ်ကျမ်းကို သင်လျှင် နားဝင်ရာသည့် အခြင်းအရာတို့ သိလိုပါသည် ဟူရာ၌။*

မြန်မာ ဝိဒဂ် ခေါ်သော သီရိဝိစိတ္တာလင်္ကာရကျမ်းတို့၌ကား။ တတိယပိုင်းတွင် သဒ္ဒဘာမ၊ ဂတာဂတနှစ်ပါး၊ စတုတ္ထပိုင်းဝယ် ဂုဋ္ဌတွင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ သုံးပါး။ ။ ထုကျဓာတိ။ ။ ပဉ္စမပိုင်းတွင် ပဏ္ဏလိက္ခာ ငါးပါးတို့သည် ထုး၍လာပြန်သည်။ ဝိဒဂ်တွင်ကား မာတိကာ ငါးဆယ့်လေးပါးရသင့်သည်။

၁။ သသ်ကရိုက်ကျမ်းလာ ပါဠိများခြွင်းခဲ့ပါသည်–

mgyoe.com

 mgyoe.com 

ဝိဘင်္ဂပ္ပဘေဒ အပြား ပွားပြန်သည်နှင့် သော်ကား... ခုနစ်ဆယ့်လေးပါး ရှိပြန်သေးသည်။ ထို့ကြောင့် ဝိဒင်္ဂဋီကာ၌ စတုသတ္တ တိပ္ပဘေဒေါ ဥဒ္ဒေသောနာမ– ဟူ၍ဆိုလေသည်။

ဝိစိတ္တာလင်္ကာရတွင်ကား မာတိကာ ခြောက်ဆယ့်ငါးပါး ရှိသည်။ ဤသို့ ကျယ်ဝန်းလှသည်ဖြစ်၍ အကျဉ်းအားဖြင့် သိသာရုံသာ။ ဝိစိတ္တာလင်္ကာရမည်သော မြန်မာဝိဒဂ်မှ လာသောနည်းကို မှီ၍ မေးသောအမေးကိုပြပေအံ့။ ။ အမေးစုတွင် ကိုးခဏ်းအမေးကား– ဒွိသ မာတ္တဇာတိတွင် ဆိုသည်။ ဆိုဟန်ကား။ ။ ပက္ခိသေဋ္ဌ သခိပဘူ၊ ဆမာ ဝဒန္တိကောဝဒ၊ ဇဋ္ဌမာသိဂတာ သောသံ၊ ကီဒိသီ ပဇလာဘူမိ။ ။ အမေး။ ။ ဝိဝရာ လီနကုဋ္ဌိရာ။ ။ အဖြေ။ ။ ပက္ခိ သေဋ္ဌသခိပဘူဆမာ၊ ပက္ခိသဒ္ဒါ၊ သေဋ္ဌသဒ္ဒါ၊ သခိသဒ္ဒါ၊ ပဘူသဒ္ဒါ၊ ဆမာသဒ္ဒါတို့ကို။ ကော၊ အဘယ်သဒ္ဒါတို့သည်။ ဝဒန္တိ၊ ဟောတတ်ကုန်သနည်း။ ဝဒ၊ ဆိုလော့။ ဝိဝရာ လီနကုဋ္ဌိရာ၊ ဝိသဒ္ဒါ၊ ဝရသဒ္ဒါ၊ အလီသဒ္ဒါ၊ နကုလိသဒ္ဒါ၊ ဋ္ဌိရာသဒ္ဒါတို့သည်။ ဝဒန္တိ၊ ဟောတတ်ကုန်၏။ ။ အစိတ်အစိတ်ပြု၍ ဖြေသည်တစ်ချက်။ ။ ဇဋ္ဌမာသိ၊ နယုန်လ၌။ သောသံ၊ ခြောက်ကပ်ခြင်းသို့၊ ဂတာ၊ ရောက်သော။ ပဇလာ၊ ရေ မရှိသော။ ဘူမိ၊ မြေသည်၊ ကီဒိသီ၊ အဘယ်သို့ သဘောရှိသနည်း။ ဝိဝရာလီန ကုဋ္ဌိရာ၊ မြေပပ်ကြား၌ ပုန်းအောင်းသော ပုစွန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ ဝိဝရာလီနကုဋ္ဌိရာ ပုဒ်လုံးပြု၍ ဖြေသည်တစ်ချက်။ ။ ဤနှစ်ချက်တွင် ရှေ့အဖြေကား ဝိ–တစ်ပုဒ်၊ ဝရ–တစ်ပုဒ်၊ အလီတစ်ပုဒ်၊ နကုလိတစ်ပုဒ်၊ ဋ္ဌိရ–တစ်ပုဒ်၊ အစိတ်အစိတ် ငါးပုဒ်ပြုဖြေသည်။

နောက်အဖြေကား ဝိဝရာလီန ကုဋ္ဌိရာဟု ပုဒ်လုံး ပြု၍ဖြေသည်။ ။ ဇဂတျုပြလမ္ဗာယုခ၊ ဝိဟိမာနုသံ သယထာ၊ ကထံဝဇ္ဇာ ဘဝန္တေ ၂တော၊ ဒိနာဒေါ ဝိကသန္တိကော။ ။ အမေး။ ။ ကုလဝ နရာ ဇယော။ ။ အဖြေ။ ။ ဇာဂတျုပြလမ္ဗာ ယုခဝိဟိ မာနုသံသ ယထာမြေကြီး အသုရာ၏ လက်နက်၊ စပါး၊ လူ၊ အောင်ခြင်း ဟူကုန်သော။ ဇတော၊ ထိုအနက်တို့ကို။ သထံ။ အဘယ်သဒ္ဒါတို့သည်။ ။ ဝဇ္ဇာ၊ ဟောကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်သနည်း။ ကု ဝလ ယဝန ရာဇယော၊ ကုသဒ္ဒါ၊ ဝလသဒ္ဒါ၊ ဝယသဒ္ဒါ၊ နရာသဒ္ဒါ၊ ဇယသဒ္ဒါတို့သည်။ ဝဇ္ဇာ၊ ဟောကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ။ ကော၊ အဘယ်ဝတ္ထုတို့သည်။ ဒိနာဒေါ၊ နံနက်အခါ၌။ ဝိကသန္တိ၊ ပွင့်ကုန်သနည်း။ ကုဝ လယ ဝနရာ ဇယော၊ ကြာခေါင်းလောင်းတော အရေးတို့သည်။ ဝိကသန္တိ၊ ပွင့်ကုန်

mgyoe.com

၏။ ။ ရှေ့အမေးတွင် က–တစ်ပုဒ်၊ ဝလ–တစ်ပုဒ်၊ ယဝနရာ–တစ်ပုဒ်၊ ဇယ– တစ်ပုဒ်၊ ငါးပုဒ်ပြု၍ ဖြေသည်တစ်ချက်။ နောက်အမေးတွင် ကဝတစ်ပုဒ်၊ လယ ဝနရာဇယောဟု ပုဒ်လုံးပြု၍ ဖြေသည်လည်းတစ်ချက်။

ဤကဲ့သို့ ဗုဒ္ဓါန ဗုဒ္ဓပစ္စေကဗုဒ္ဓါ–ပုဒ်၊ မုနိန္ဒ စက္ကရာဇ ပုဒ်တို့ကိုလည်း သိအပ်၏။ ။ ဤသို့ ဒွိသမာသ္တဇာတိတွင် လာသေနည်းကဲ့သို့ အစိတ်အစိတ် မေး၍ ရာ–တစ်ပုဒ်၊ အဋ္ဌ–တစ်ပုဒ်၊ သာရ–တစ်ပုဒ်၊ အစိတ်အစိတ် ခွဲ၍ ဖြေသည် တစ်ချက်။ ပုဒ်လုံးအရနှင့် မေး၍ ရာ အဋ္ဌ သာရတွင် အာ အက္ခရာကို ချေ၍ ရဋ္ဌသာရဟု ပုဒ်လုံးပြု၍ ဖြေသည်လည်းတစ်ချက်။ ဤသို့သော အရာကိုပင် ဝိဒဂ် မသင်၊ နားမဝင်၊ ပုံပြင်မှတ်ပိုက်ထုပ်။ ဟု စပ်ဆိုလေသည်။

၁၁၆ ပုစ္ဆာ ။ ။ မင်းဘုန်းရောက်လှာ၊ ဤသည့်စာဆိုရာ၌လည်း၊ ဘယ် မင်းဘုန်းကြောင့် ဘယ်မြို့သို့ ရောက်လာသည်ကို သိလိုပါသည်။ သည်မှ တစ်ပါး ယခုမေးလျှောက်သော အရာတို့၌ သင့်မသင့်ကို ဆင်ခြင်တော်မူ၍ မသင့် သည့်အရာကို ပြင်ဆင် လောင်းစွက်၍ သိသာအောင် မိန့်တော်မူပါ ဆရာတော် ဘုရား။

၁၁၆ ဝိသဇ္ဇနာ ။ ။ မင်းဘုန်းရောက်လာ၊ ဤသည့်စာ၊ ဆိုသည်၌ လည်း ဘယ် မင်းဘုန်းကြောင့် ဘယ်မြို့သို့ ရောက်လာသည်ကို သိလိုပါသည်။ သည်မှတစ်ပါးလည်း ယခုမေးလျှောက်သော အမေးတို့၌ သင့် မသင့်ကို စုံစမ်း ဆင်ခြင်တော်မူ၍ မသင့်သည်အရာ၌ ပြင်ဆင်လောင်းစွက်၍ သိသာအောင် ဖြေဆိုတော်မူပါဟူရာ၌။ ။ ကိုးခန်းပျို့တွင် ကလေး မိုးညှင်း ချီသော ပိုဒ်၌ ပဲခူးတစ်ဝက်၊ လက်နက်သိမ်းဆောင်၊ မင်းခေါင်ရင်နှစ်... ဆိုရာ၌ မင်းကြီးစွာ စော်ကဲ သားတော်ငယ် တရဖျား၏ ညီတော်ဖြစ်သော ပဥ္စမ မင်းခေါင်ကြီးကို ဆိုသည်။ ။ သိကြားရည်တူ၊ ဆင်ဖြူရှင့်ထံ၊ ဘိသိက်ခံမှ... ဆိုသည်ကား မင်းခေါင်ကြီး သားဖြစ်သော ဆင်ဖြူရှင် သီဟသူသို့ မောင်ဖြစ်သော ဗညားရန် က တလိုင်းမြို့တွင် ရှင်စောပုကို ဆက်ရသည်ဖြစ်၍ ဆင်ဖြူရှင့်ထံ ဘိသိက်ခံမှ ဟု ဆိုသည်။

ရှင်စောပု ဆိုသည်မှာ ဟံသာဝတီ ရာဇဓိရာဇ် မိဖုရား သုဒ္ဓမာယာတွင် မြင်သော သမီးတော် ဝိသုဒ္ဓိရာဇဒေဝီ ခံ တလိုင်းပြည်၌ တစ်ဆယ့်ခုနစ်နှစ် မင်းပြုသည့် ရှင်စောပုကို ဆိုသည်။ ။ ရှင်စောပုတူ၊ လိုက်ဆူ ကျော်ရှိန်၊ ပုသိမ် မင်းမြေး၊ စဉ်ရှေးအရိုး၊ ဆိုသည်မှာ ရှင်စောပု၌ မောင်တော်သူ ဗညား

mgyoe.com

mgyoe.com

ဓမ္မရာဇာ တစ်ယောက်၊ ဗညားရန်တစ်ယောက် နှစ်ယောက်ရှိသည်။ ဗညားဓမ္မရာဇာသည် အဘရာဇာဓိရာဇ် မရှိနောက် ဟံသာဝတီတွင် မင်းပြု၍နေသည်။ ညီ ဗညားရန် သည် ဒလ၊ ဒဂုံ၊ ပုသိမ်တို့ကို စိုးပိုင်လျက် မင်းခြားပြု၍နေသည်။ ဗညားရန် သား ဗညားအိမ်သည် ပုသိမ်ကိုစား၍ မင်းငယ် ပြု၍နေသည်။ ထိုဗညားအိမ်ကို ရှင်စောပုက တူတော်သည်။ (တူ ပုသိမ်မင်း ဆိုလိုသည်။ သမက်ပင်ဖြစ်သည်၊ ထူပါရုံကျောက်စာ၌ ရှေးပုသိမ် မြောင်းမြကို မင်းမူသည့် လောက်ဖျားကြီးကို အထူးလည်းကောင်း၊ မိဖုရား ရှင်စောပု သမီးသမက်တို့သည် ဤသို့စသည်ဖြင့် ဆိုသည်ကို ထောက်၍ သမက်ပင် ဖြစ်သည်ဟု မှတ်ရာသည်) ရှင်စောပုတူ၊ ပုသိမ်မင်း၊ ထိုပုသိမ်မင်း၏ မြေးသည် ရှင်ရဋ္ဌသာရ၏ အဘပင်ဖြစ်သည်။ ဤသည်ကား အဘရိုး ဟူလိုသည်။ ထို့ကြောင့် ရှင်စောပုတူ၊ လှိုက်ဆူကျော်ရှိန်၊ ပုသိမ်မင်းမြေး၊ စဥ်ရှေးအရိုး... ဟု စပ်ဆိုလေသည်။ အချို့စာမှာလည်း စဥ်ရှေး ဘရိုးဟူ၍ပင်ရှိ၏။ အဓိပ္ပာယ် အတူတူပင်ဖြစ်သည်။

တို့မိမျိုးကား၊ သတိုးမင်းဖျား၊ တရားစောင့် သုံး... ဆိုသည်မှာ အဝမြို့တည် သတိုးမင်းဖျားကို ဆိုသည်။ ။ ဦးရိုး မြစ်ရင်း ဆိုသည်မှာ... သတိုးမင်းဖျား၏ မယ်တော်စိုးမင်း ကိုယ်တော်ကြီးတည်း။ သတိုးမင်းဖျား၏ ဦးရိုးကား အသင်္ခယာ စောယွန်း၏ သားကြီး ကျစွာ၊ သားလတ် မင်းရဲကြီး၊ သားငယ် တရဖျားတို့ သည် ဦးရိုးတည်း။ အရိုးမြစ်ရင်းဟု အချို့စာ ရှိ၏။ အရိုးရှိသော စာမှန်သော် သတိုးမင်းဖျား၏အဘကား တကောင်းစား သတိုး ဆင်ထိန်းတည်း။ ထိုသတိုး ဆင်ထိန်း၏ နှမကို ယူသင့်သည်၊ ထိုနှမ၏အကြောင်းကို စာတမ်းစာဟောင်း မထွက်မဆို။ (အချို့လည်း သမီးရင်းဖြစ်သည်။ သတိုးဖျားကား သမီးတော်၏ မြစ် ဖြစ်သည်ဟု ဆိုကြ၏) မင်းခေါင်ဒုတိယ၊ ဟို့မွေးဘ... ဆိုသည်မှာ မင်္ဂလာစေတီတော် ဒါယကာဖြစ်သော ဒုတိယမင်းခေါင်ကို ဆိုသည်။ ။ နန်းထက် သမီး၊ စောင့်သီး သီလ၊ ဒါန ဖြည့်ဆည်း၊ ရှစ်နှစ်တည်းက၊ ခမည်းတော်မင်း၊ မယ်တော်နှင်းသည်၊ အရင်းအချာ၊ ငါ့တကာနှင့်... ဟူရာ၌ ဒုတိယ မင်းခေါင်ကို ပင်ဆိုသည်။

ထိုအကြောင်းကား .... ထူပါရုံ ဒါယကာ နရပတိကြီး သမီးတော် တွင်းသင်းမင်း ရွှေအိမ်သည်နှင့် မိဖုရားမောင်တော် ပခန်းစား သီဟပတေ့ကြီးသား သီဟပတေ့ငယ်၊ ထိုသီဟပတေ့ငယ်ကို ရတနာဗိမာန် ကျောက်စာတွင် ဥဇနာဟု ပါသည်။ ထိုဥဇနာနှင့် စုံဖက်ရာတွင် မြင်သည့် သမီးတော်ကို ရှစ်နှစ်ရွယ်ကပင်

mgyoe.com

mgyoe.com
ဘိုးတော် နရပတိကြီးသည် မြေးတော် နှစ်ပါးကို စုံဖက်တော်မူသည်။ နော်ရထာ ဟူသော အမည်ကို ပေးတော်မူ၏။ (အိမ်ရှေ့စံသောကာလ၊ မဟာသီဟသူရ အမည်ရှိသော ဘွဲ့ကိုခံ၏။ သုံးဆယ့်နှစ်ပါး၊ တံတားဦးတည်တွင်၊ မဟာသီဟ၊ ရှေးပဒကို၊ ကမ္ဘ ဓာရည်း၊ သမာသ် နည်းဖြင့်၊ စီရင်လင့်မှ... ဟု စပ်သည်လည်း အိမ်ရှေ့အဖြစ်က ခံသည့်အမည်ကို ရည်၍ စပ်လေသည်) နောက် မင်းခေါင် ဟူသော အမည်ကို ခံသည်။ (သံဝရတွင်။ ။ ရတနာပုရ၊ ရွှေဝ တန်ဆောင်၊ မော်ကွန်းထောင်သို့၊ မင်းခေါင်လက်ထက်၊ ငယ်ရွယ်သက်ကဟု စပ်လေသည်)။

မင်းဖြစ်သော ကာလ သိရိသုဓမ္မာ ရာဇာဓိပတိ ဟူသော အမည်ကို ခံသည်။ (ကြားပိမ့်ကြက်သရေချီ... တံတားဦးတည်၌... သိရိသုခံ၊ နံ့စံသာယာ၊ နောက်ပုဒ်မှာမူ၊ ရာဇာဓိပတိ ကျွန်းလုံးသိမ့်... ဟု စပ်လေသည်လည်း မင်းဖြစ်သော ကာလခံသော တံဆိပ်အမည်ကိုပင် စပ်လေသည်) မိဖုရားမှာ အတုလ သိရိမဟာဒေဝီ ဟူသော အမည်နှင့် အဘိသိက်ခံသည်။ သားတော်အကြီး... ယင်းသောအခါ... သက်တော် ခုနစ်နှစ် အရွယ်သာရှိသော သူကို သိရိမဟာ သီဟသူရ ဟူသောအမည်နှင့် အိမ်ရှေ့အရာ နှင်းတော်မူ၏။

ထို့ကြောင့် တံတားဦးတည်တွင် ထပ်မျှတူလျော်၊ မျိုးရိုးသော်ကား၊ မယ်တော် သားချင်း၊ ဦးရိုးမင်းနှင့်၊ ဘမင်းနှမ၊ တကွမင်းဖြစ်၊ အရိုး စစ်၏၊ ရင်နှစ်သမီး၊ ပြည်ပြီးသမ္ဘာ၊ ခင်ပွန်းစာဖြင့်၊ အိမ်ရာ ထောင်ထောင်၊ နန်းရွှေတောင်ထက်၊ ကောင်းဘက်တူလှ၊ သမ္ဘုလသို့၊ မွေးဘ ရာနေ၊ သားမြတေနှင့်၊ ရဲဆွေမကင်း၊ စိုးမင်းဘွားစော၊ ချောရ ယောတိ၊ လှမော ဆင်းရွယ်၊ သားကောင်းမယ် ဟု၊ ပြိုင်ဆွယ်ခိုင်းထောက်၊ မစွန်းပြောက်တည်း။ ထွန်းတောက်လက္ခဏာ၊ အင်ညီစွာ လျက်၊ ပညာကျေးဇူး၊ ထူးသသူကို၊ မိတူမြတ်နိုး၊ သားနှယ်ပျိုးမှ၊ အကျိုး အကြောင်း၊ ရှေးနှောင်းဆင်ခြင်၊ လေးဖင်သိမ်းဆည်း၊ ထိုင်းတည်းစာနှ၊ နက် လိမ္မာဖြင့်၊ အတုလာသိရိ၊ မဟာဒေဝီ၊ သညီထင်ပေါ်၊ ဟိုးဟိုးကျော်သား၊ ဖွားတော် မည်သာ၊ ခံထိုက်စွာ၍၊ မြန်ချာစီးပွား၊ ဆောင်းတတ်အားသည်၊ မိဖုရားရတနာ နှင့်လည်း ပြည့်စုံထသော ဟုဆိုသည်။

ဘဒ္ဒကမ္ဘာ ချီသော မျိုးတော်စဉ်၌လည်း... သည်းအူမင်းခေါင်၊ မင်းများ နောင်လျှင်၊ ရစ်နှောင်မကွေ၊ မြဲကြစေဟု၊ ရဝေဘုံလယ်၊ ရှစ်နှစ်ရွယ်က၊ စုံပယ် ကျစ်လျစ်၊ မျိုးချင်းဖြစ်၍၊ ဘိုးချစ်ဘွားခင်၊ ရေစင်သပ်ဖျန်း၊ လက်ထပ်မှန်းသား၊ ရွှေနန်းတန်ဆောင်၊ လူ့ထွတ်ခေါင်လျှင်၊ ရွှေတောင်ထိပ်ဖွေ၊ စိုးနှိပ်စေလျက်၊
mgyoe.com

mgyoe.com

မင်းဆွေမြတ်နောင်၊ သားကြီးမောင်ကို၊ ချစ်ခေါင်လွှဲဖျား၊ မင်းပြိုင်ထားလျက်... ဟု စပ်လေသည်။

မင်းရဲကျော်စွာ စုန် ဖးချင်း၌... အဋ္ဌာရသ၊ သိပ္ပမကြွင်း၊ အိမ်ရှေ့မင်း လျှင်၊ ပွင့်လင်းရွှေတောင်၊ မုနောဆောင်၍၊ မင်းခေါင် ဟူသည်၊ မင်းမြတ်မည် နှင့်၊ ဘုန်းစည်တီးဖြန်း၊ နိုင်ငံမြန်းက၊ မကျန် တစ်ယောက်၊ ထံအောက် ကျိုးနွံ၊ လက်ဝေခံ၏။ ဟူ၍လည်းကောင်း... သတိတည်စွာ၊ မင်းပညာဖြင့်၊ မဟာ သီဟသူရ၊ နံ့မျှ ကျော်ချီး၊ သားတော်ကြီးကို၊ အပြီးမျက်မှောက်၊ မင်းပြိုင် မြှောက်သည်... ဟူ၍လည်းကောင်း စပ်ဆိုလေသည်။ မင်းစိုးဆွေစုံ၊ လူ့ဘုံ ပျော်ညောင်း၊ ဗိမာန်ပြောင်းလည်း၊ ဇာတ်ပေါင်းပြီးချုပ်၊ စာ ကိုးအုပ်ဖြင့်၊ ထုပ်ထုပ်ပိုက်ပိုက်၊ သင်္ဂြိုဟ်လိုက်၏၊ တိုက်ရိုက်နတ်နား၊ ကြားပါလေ၍၊ နာစေ ခလို၊ တောင့်တဆိုသည်။ ကုသိုလ်ဝေငှထပ်လောင်းတည်း... ဟူရာ၌ ထို ဒုတိယ မင်းခေါင်နှင့် အတုလ သိရိမဟာဒေဝီနှစ်ပါးကိုပင် မင်းစိုးဆွေစု ဟုဆိုသည်။ လူ့ဘုံပျော်ညောင်း၊ ဗိမာန်ပြောင်းလည်း ဟူရာ၌... ဒုတိယ မင်းခေါင်ကား သက္ကရာဇ် ရှစ်ရာ့ခြောက်ဆယ့်သုံးခုသို့ တက်ဆဲဆဲ တန်ခူးလပြည့်ကျော် ငါးရက် နေ့ကပင် အနိစ္စရောက်လေသည်။ သက္ကရာဇ် ရှစ်ရာ့ရှစ်ဆယ့်ငါးခုမှ ကိုးခန်းပျို့ကို စပ်ဆိုလေသည်။ ၎င်းနောက် သုံးနှစ်စေ့၊ ရှစ်ရာ့ရှစ်ဆယ့်ရှစ်ခုနှစ်တွင် ပြည်မြို့သို့ ရောက်မှ ဒုတိယမင်းခေါင် မရှိနောက် နှစ်ဆယ့်ငါးနှစ်ရှိမှ နိဂုံးကို အပြီး အုပ်ချုပ်ရ သည်ဖြစ်၍ ဒုတိယမင်းခေါင်ကို တောင့်တသောအားဖြင့် မင်းစိုး ဆွေစုံ၊ လူ့ဘုံ ပျော်ညောင်း၊ ဗိမာန်ပြောင်းလည်း၊ ဇာတ်ပေါင်းပြီးချုပ်၊ စာကိုးအုပ်ဖြင့်၊ ထုပ်ထုပ် ပိုက်ပိုက်၊ သင်္ဂြိုဟ်လိုက်၏၊ တိုက်ရိုက်နတ်နား၊ ကြားပါလေ၍၊ နာစေခလို၊ တောင့်တဆိုသည်၊ ကုသိုလ်ဝေငှ ထပ်လောင်းတည်း။ ဟု စပ်ဆိုလေသည်။ အစွန်းငါးခု၊ ပသျှူ အဋ္ဌ၊ ဒီဃ သက္ကရာဇ်၊ ရောက်လစ် သောအခါ၊ ချီသောပိုဒ်၌... သက္ကရာဇ် ရှစ်ရာ့ရှစ်ဆယ့် ငါးခု၊ တပို့တွဲ လဆန်း တစ်ဆယ့် နှစ်ရက် စနေနေ့၊ မကာရ လက်၊ ပြိဿ စန်း၊ တိထိ ဆယ်လုံး၊ နက္ခတ် လေးလုံးတွင် စာကို ဆို၍ ပြီးသည်။ ထိုနှစ်ပင် ရွှေနန်းကြော့ရှင် နရပတိကို မိုးညှင်း စလုံကြီး တိုက်ဖျက်၍ အရှေ့ ဆင်ခေါင်းသို့ ဆုတ်၍နေရသောနှစ်တည်း။ ပြည် ဘုရင် ဆင်ဖြူ့ရှင် သတိုးမင်းစောကိုလည်း အဝတွင် နန်းတင်လေ၏။ သုံးရက် ရှိလျှင် စလုံကြီးတို့ ပြန်လေ၏။ ပြည်ဘုရင်လည်း မိုးညှင်းစလုံကြီးတို့ ပြန်လေလျှင် အဝတွင်ရှိသော လူကြီး သူကြီးတို့ကို သိမ်းယူ၍ ပြည်သို့ပြန်လေ၏။ ရှင်ရဋ္ဌသာရ ဘုန်းတော်

mgyoe.com

mgyoe.com

ကြီးကိုလည်း ပင့်ယူတော်မူ၏။ ရှင်ရဋ္ဌသာရ ဘုန်းတော်ကြီးလည်း ပြည်သို့ ရောက်မှ စတုဓမ္မသာရ ကိုးခန်းပျို့ကို အပြီးသတ်တော် မူလေသည်။ သံ၀ရပျို့ ကိုလည်း ပြည်သို့ရောက်မှ စပ်တော်မူသည်။ ထို့ကြောင့် သံ၀ရပျို့တွင်... ပညတ် သိုက်တိုင်း၊ ကိန်းခန်းပိုင်းဖြင့်၊ စစ်ကိုင်းအ၀၊ မြို့ပြကျုံး မြောင်း၊ ကုန်းကြောင်း ဆောင်တွေ၊ မွန်းတည့်နေသို့၊ ရိုသေအပ်စွာ၊ ဆရာသမား၊ ရှောင်ရှားမရှိ၊ တိုင်းပူဘိလည်း၊ မထိမပါး၊ တပည့်များနှင့်၊ တရားဘာ၀နာ၊ ငြိမ်း ချမ်းသာ၏၊ အညာကသည်၊ ဤရွှေပြည်သို့၊ အကြည်ရောက်အောင်၊ သာဆောင် သိမ်းပြု၊ သားနှယ်ယုလျက်၊ ဆင်ဖြူသခင်၊ နတ်ရှင်မင်းစိုး၊ လွန်မြတ်နိုး၏။ ဟူ၍ စပ်ဆို လေသည်။ ဗုဒ္ဓဃောသာ၊ ဆရာထေရ်မြတ်၊ ချီသောပိုဒ်၌... ဤစာ ဇာတ်ပေါင်း၊ သုံးနှစ် အောင်းမှ၊ အကြောင်း မသိ၊ ပျော်ဖွယ်ရှိလည်း ဟူရာ၌ သက္ကရာဇ် ရှစ်ရာ့ရှစ်ဆယ့် ငါးခုတွင် ပြည်သို့ ဆင်ဖြူရှင် သတိုးမင်းစော ပင့်ယူခဲ့၍ သုံးနှစ် ကြာမှ၊ ရှစ်ရာ့ရှစ်ဆယ့် ရှစ်ခု တန်ခူးလဆန်း တစ်ဆယ့်နှစ်ရက် အတာစားသည့် နေ့ ဘုရင် နရပတိ ဆုံးလေသည့်နောက် မိုးညှင်းစလုံ သား သိုဟန်ဘွား အ၀ ရွှေနန်းကို တက်၍ မင်းပြုမှ ပြည်မင်း၊ တောင်ငူမင်းတို့သည် ခန့်ညား၍ ပဏ္ဏာကာရ ပို့သကြ၍ အချစ်ကိုယ်တူ ပြုကြကုန်၏။ ထိုသို့သောကာလမှ သြဇ ၀န္တချီသော ပိုဒ်မှစ၍ နောက် ဇာတ်ပေါင်းစု အလုံးစုံ ရေးသော ပုရပိုက်သည် စစ်ကိုင်းမြို့တွင် တပည့်တို့လက်၀ယ် ရှိရစ်သည်ကို မပျက်မစီး ရပြန်၍ စပ်ရှက်မိ ပြန်သည်ဟူ၏။ ရပြန်သောကာလကား ပြည်မြို့တွင် ဆင်ဖြူရှင် သတိုးမင်းစော လက်ထက် ထိုမင်း၏ နားတန်ဆာအလို့ငှာ ရပြန်သည်ဟူလို၏။

ထို့ကြောင့်... ဤစာဇာတ်ပေါင်း၊ သုံးနှစ် အောင်းမှ၊ အကြောင်း မသိ၊ ပျောက်ဖွယ် ရှိလည်း၊ ဇာတိ ရိုက်ရာ၊ နန်းပွင့်ခါ၌၊ ကြုံရာချိန်သင့်၊ လင့်သော ကြိုက်၀ယ်၊ တစ်တိုက်စကြ၀ဠာ၊ ကျွန်းချာနှိမ်နင်း၊ မင်းတို့စီတန်း၊ မွန်သား လက္ခဏာ၊ အင်္ဂါ ကြန်ရုံ၊ စွယ်စုံပျိုလူး၊ ဇေ့ရှူးရဲမာန်၊ လျှင်မြန်သန်ကြွား၊ စွမ်းအား ခြင်္သေ့၊ လှမြေ့ ဆင်ရောင်၊ ငွေတောင်အတူ၊ ဆင်ဖြူပေါက်ကြီး၊ ရမြောက်ပြီးသော်၊ ဆေးနီး ပြောင်ပြောင်၊ တန်ခိုးရောင်ဖြင့်၊ ရန်မှောင်ဖျောက်ပယ်၊ ပင်လယ်ချောက်မွှေ၊ သရေခေတ္တရာ၊ မြစ်ညာအ၀၊ မြန်မာ့တိုင်းလုံး၊ ယူကျုံးနိုင်ငံ၊ နေလစံသို့၊ မောင်နှံ လွှမ်းမိုး၊ နှစ်ပြည်စိုးသားဟူရာ၌ သရေခေတ္တရာပြည်၊ ရတနာပူရပြည် နှစ်ပြည်ကို စိုးစံ ရသည်ကိုပင် ဆိုသည်။ မင်းရိုးမင်းဖျား၊ မင်းတရား၏၊ ရွှေနားတန်ဆာ၊ ရတနာဟု သဒ္ဒါနှိုးဆော်၊ နတ်တို့ဆော်သည်။ ဘုန်းတော်အတုမဲ့ တောင်းတည်း...

mgyoe.com

mgyoe.com
ဟူရာ၌လည်း... ထိုနှစ်ပြည်ကို အစိုးရသော ပြည်မြို့ ဆင်ဖြူရှင် သတိုးမင်းစောကိုပင် ဆိုသည်။

သံဝရပျို့တွင်လည်း ခမည်းတော်ရင်း၊ နှစ်ပြည် မင်းလျှင် ဟူရာ၌လည်း ဤနှစ်ပြည်ကို အစိုးရသော သတိုးမင်းစောကိုပင် ဆိုသည်။ ထို့ကြောင့် မင်းဘုန်း ရောက်လှာ၊ ဤသည့်စာ၊ လူ့ရွာအတိမ်မြုပ်... ဟူသောစကားကို ထူပါရုံ ဒါယကာ နရပတိကြီး သားတော်ငယ်ဖြစ်သော သာယာဝတီကသည် ပြည်ကို စား၍ ဒုတိယ မင်းခေါင်လက်ထက် သက္ကရာဇ် ရှစ်ရာ့ လေးဆယ့် လေးခုတွင် မင်းထီး မင်းခြား ပြုသော ဆင်ဖြူရှင့် သတိုးမင်းစောကို ယူသင့်သည်။

သံဝရပျို့တွင်... ခမည်းတော်ရင်း၊ နှစ်ပြည်မင်းလျှင်... ချီသောပိုဒ်၌၊ ခမည်းတော်ရင်း၊ နှစ်ပြည်မင်းလျှင်ဟူသည်ကား ဆင်ဖြူရှင် သတိုးမင်းစောကို ဆိုသည်။ ဘုန်းလှိုင်သားတော်၊ လိုပြည့်သော်တုံ၊ ကော်ရော်နှစ်သက်၊ ငါ့ လက်ထက်လည်း ၊ တိုးတက်မည်သာ၊ ငါ့ဆရာဟု ဆိုသည်ကား... သတိုး မင်းစော သား ရှစ်ရာ့ ရှစ်ဆယ့် ရှစ်ခုတွင် မင်းပြုသည့် ဘုရင်ထွေးကို ဆိုသည်။ ဘုရင်ထွေး မင်းပြု၍ နန်းတက်စည်းစိမ် တစ်နှစ်တွင် အဝမြို့တွင်လည်း စလုံငယ် သိုဟန် ဘွား နန်းတက်၍ စည်းစိမ် တစ်နှစ်ရှိသောကာလ သက္ကရာဇ် ရှစ်ရာ့ ရှစ်ဆယ့် ကိုးခုတွင် အရှင် အဂ္ဂသမာဓိ... သုဝဏ္ဏသာမ သူဌေးခန်းကို ဆို၍ ပြီးသည်။ ထို့ ကြောင့် ၎င်း သုဝဏ္ဏသာမ သူဌေးခန်းပျို့တွင်... ပြီးတုံသနစ်၊ သက္ကရာဇ်လည်း၊ ရှစ်ရာ့ရှစ်ဆယ်၊ ကိုးခု ဆွယ်လျက်၊ မိုးလယ် လှည့်ပတ်၊ နက္ခတ် တာရာ၊ ကောင်းစွာ လကြိုက်၊ ဇနပိုဒ်တိုင်းကား၊ အများတကာ၊ မတ်ဗိုလ်ပါနှင့်၊ နရာ သဘော်၊ မင်းမြတ်ကျော်လည်း၊ ပျော်ပျော်မွေ့မွေ့၊ နန်းတော်ရှေ့ဝယ်၊ လက်ဇေ့ ကျွမ်းသတ်၊ သီတင်းကျွတ်ဟု၊ ထိမ်းမှတ် ခေါ်လျက်၊ ဆန်း သုံးရက် လျှင်၊ ခန့်တွက်စေ့စေ့၊ ရက် နေ့သောကြာ၊ သူရိယာလည်း၊ ပြုဗ္ဗာ တူရူ၊ ထွက်ပြူကြိုက်ရုံ၊ ပြီးမြောက်ဆုံ၏ဟု ဆိုလေသည်။

ဘုရင်ထွေး နန်းတက်၍ သုံးနှစ်ပြည့် သက္ကရာဇ် ရှစ်ရာ့ ကိုးဆယ့် တစ်ခု၊ စိတြနှစ် ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့၊ သိဟ် လဂ်၊ တူစန်း၊ ပုဏ္ဏာတိထိ နက္ခတ် တစ်ဆယ့်ငါးလုံးတွင် သံဝရပျို့ ဆို၍ပြီးသည်။ ထို့ကြောင့် ၎င်းပျို့တွင်... စိတ္တ နှစ်တွင်၊ သက္ကရာဇ်သချာ၊ ရှစ်ရာအစ၊ နဝအလယ်၊ နောက်ဆွယ်ဧကော၊ လကား အာသဠ်၊ နေ့မွန်ဗုဒ္ဓါ၊ ပုဏ္ဏာပြည့်ညီ၊ တိထိ ထွန်းတက်၊ ဆယ့်ငါးရက်တွင်၊ သိဟ်လက် တူစဉ်း၊ စေ့ချင်းမိတ်ဆော်၊ ဝါယော်အဂ္ဂိ၊ ကျော်မျိုးရှိသား၊ သွာဒိနက္ခတ်၊
mgyoe.com

mgyoe.com

ရက်မြတ်မင်္ဂလာ၊ ကောင်းသောခါတွင်၊ တကာမင်းဘုန်း၊ ချိန်းဆုန်းနှာထိုက်၊ ငါ့ကိုတိုက်၏၊ ငါဒွိမေတ္တာ၊ ကရုဏာလည်း၊ ငါ့မှာ မဖုံ၊ နှီးတုံသောအား၊ တိုင်းကားပြည်ရွာ၊ ချမ်းသာမြော်ရှု၊ ပြီးအောင်ပြု၍၊ ဆင်ဖြူရှင်သား၊ မင်းတရားကို၊ စိတ်ဖြားလိမ္မာ၊ ပွားစိမ့်ငှာလျှင်၊ ဤစာ ကျေးဖူးဆပ်သတည်း… ဟု ဆိုလေသည်။ ဘူရိဒတ်ဇာတ်ပေါင်းတွင်… မင်းခေါင်မင်းဖျား၊ မင်းနှစ်ပါး တို့၊ မှတ်သားယုံကြုံ၊ မြတ်နိုးတုံသည်။ စုပုံလက်သုံး တောင်ဖေးတည်း။ ။ ဟူ၍ ဒုတိယမင်းခေါင်နှင့် သားကြီး ရွှေနန်းပြိုင်သည်ကို ဆိုသည်။ ။ အချို့သော သူတို့ကား ဒုတိယ မင်းခေါင်နှင့် ရွှေနန်းကြော့ရှင် နရပတိကို ဆိုသည်ဟု ပြောဆိုကြ၏။ ထိုစကားသည် မသင့်သတည်း၊ အကြောင်းမူကား ဒုတိယ မင်းခေါင်သည် သက္ကရာဇ် ရှစ်ရာ့လေးဆယ့်နှစ်ခု၊ သက္ကရာဇ်တို လေးဆယ့်လေးခုတွင် နန်းတက်သည်။ နန်းစံ တစ်ဆယ့်လေးနှစ်။ သက္ကရာဇ်ရှည် ရှစ်ရာငါးဆယ့် ခြောက်ခု၊ သက္ကရာဇ်တို ငါးဆယ့်ရှစ်နှစ်တွင် ဇာတ်ပေါင်းစာကို ဆို၍ပြီးသည်။ ထို့ကြောင့် အတိုသက္ကရာဇ်၊ ငါးဆယ့်ရှစ်၊ ပြီးလစ် ဤသည့်စာဟု ဆိုသည်။

ယင်းသို့ဖြစ်၍ မင်းခေါင်မင်းဖျား မင်းနှစ်ပါးတို့ဆိုသည်ကို ဒုတိယ မင်းခေါင်နှင့် ရွှေနန်းပြိုင်ကိုသာ ယူသော် သင့်သည်။ စာဆို၍ ပြီးသည်မှ ခုနစ်နှစ် ရှိ၍ သက္ကရာဇ်ရှည် ရှစ်ရာ့ခြောက်ဆယ့်သုံးခု၊ သက္ကရာဇ်တို ခြောက်ဆယ့်ငါးခု နှစ်သို့ ရောက်မှ ရွှေနန်းကြော့ရှင် နရပတိကို သွင်း၍ မင်းနှစ်ပါး ယူသော် မသင့် ဖြစ်သည်။ သံဝရပျို့၌… ရွှေဝ တန်ဆောင်၊ တံခွန်ထောင်သား၊ မင်းခေါင် လက်ထက်… ဆိုသည်မှာ ဒုတိယမင်းခေါင်။ ဘုန်းသန်နရပတိ၊ ထွတ်တိုင်ပြီ လည်း… ဆိုသည်ကို ရွှေနန်းကြော့ရှင် မင်းဆွေနရပတိ ယူသော် သင့်မည် ထင်ပေသည်။ ။

သမန္တစက္ခုဒီပနီ (ဒုတိယအုပ်)

ပုံနှိပ်နှစ် – ၁၃၂၉

ဘီအိုးတီပုံနှိပ်တိုက်၊ ရန်ကုန်။

✦✦✦

mgyoe.com

mgyoe.com

# တံတားဦးတည်နှစ်

စာပြုသူ - ပညာရှိများ
စာပြုနှစ် - ၁၁၉၁

ဒုတိယ မင်းခေါင်ကား အိမ်ရှေ့စံတော်မူကတည်းကပင် ဘုရားတည်မည်ဟူ၍ အထွတ် အမြတ် ရောက်တော်မူလျှင် နန်းတက်တော်မူသည့်နှစ် သက္ကရာဇ် ၈၄၂–ခုတွင် တံတားဦး အရပ်၌ မင်္ဂလာစေတီဘုရားကို တည်တော်မူသည်။

ရာဇဝင်သစ်မှာ ၈၅၈–ခု မင်္ဂလာစေတီတည်ကြောင်း၊ မင်္ဂလာစေတီသမိုင်းတွင် 'မြတ်စောထီးလျှင်၊ ပြည်ကြီးနိဗ္ဗာန်၊ လွန်သည်နှစ်မှ၊ ကာလမြင့်ခေါင်၊ တွက်ကြုံးဆောင်သော်၊ နှစ်ထောင် လေးဆယ်၊ ရောက်ကြိုက်ဝယ်၌၊ အလယ်ဌာပနာ၊ ပြုခါမူမူ' ဟူ၍ ရှင်ရဋ္ဌသာရ ဆိုကြောင်းကို အထောက်အထားပြု၍ဆိုသည်။ ။

မှန်နန်း (၃) ၁၁၅
ပုံနှိပ်နှစ် – ၁၃၁၉
မိဘဂုဏ် ပိဋကတ်ပုံနှိပ်တိုက်၊ မိတ္ထီလာ။

✦✦✦

mgyoe.com

# အနော်ရထာ၊ နွတ်သညာ

စာပြုသူ - ပညာရှိများ
စာပြုနှစ် - ၁၁၉၁

ရတနာဗိမာန်ကျောက်စာတွင် ရွှေနော်ရထာကို နော်ရထာမင်းစောဟု ရေးသားသည်။ မင်္ဂလာစေတီသမိုင်းတွင်လည်း 'အနော်ရထာ၊ နွတ်သညာနှင့်' ဟု ရှင်ရဋ္ဌသာရ ဆိုတော်မူသည်။ ။

မှန်နန်း (၃) ၁၂၃
ပုံနှိပ်နှစ် – ၁၃၁၉
မိဘဂုဏ် ပိဋကတ်ပုံနှိပ်တိုက်၊ မိတ္ထီလာ။

✦✦✦

mgyoe.com

 mgyoe.com


## သရေခေတ္တရာသို့

စာပြုသူ - ပညာရှိများ
စာပြုနှစ် - ၁၁၉၁

ပြည်ဘုရင် သတိုးမင်းစောလည်း မိုးညှင်းစလုံ ပြန်လေလျှင် အင်းဝတွင်ရှိသော လူကြီးတို့ကို သိမ်းယူ၍စုန်တော်မူ၏။ ယင်းသောအခါ ရွှေနန်းရှင် နရပတိမိဖုရား ဓမ္မာဒေဝီတွင်မြင်သော သမီးတော် သီရိဘုန်းထွတ် သက်တော်ရှစ်နှစ် အရွယ်သာရှိသော မင်းသမီးသည် အထိန်းတော်နှင့် ကွဲရစ်သည်ကို တွေ့၍ ယူတော်မူ၏။ ရှင်မဟာရဋ္ဌသာရ ဘုန်းကြီးကိုလည်း ပင့်တော်မူ၏။

ရှင်မဟာရဋ္ဌသာရဘုန်းကြီးကား သံဝရပျို့ကို ပြည်မြို့သို့ရောက်မှ စပ်တော်မူသည်ဖြစ်၍ နိဂုံးတွင် **'ရှစ်ရာ အစ၊ နဝ အလယ်၊ နောက်ဆွယ် ဧကေ'** ဟု ဆိုတော်မူသည်။ ။

မှန်နန်း (၃) ၁၃၇
ပုံနှိပ်နှစ် – ၁၃၁၉
မိဘာဂုဏ် ပိဋကတ်ပုံနှိပ်တိုက်၊ မိတ္ထီလာ။

✦✦✦

mgyoe.com

## ဟတ္ထိပါလပြီးနှစ်

စာပြုသူ - ပညာရှိများ
စာပြုနှစ် - ၁၁၉၁

ထိုနှစ် (၈၈၅) ဟတ္ထိပါလပြီးသည့် နှစ်ဖြစ်၍ ဟတ္ထိပါလ နိဂုံးတွင် 'အစွန်းငါးခု၊ ဗသျှူး အဌ၊ ဒီဃသတ္တရာဇ်' ဆိုသည်နှင့်လည်း ညီလေသည်။ ။

မှန်နန်း (၃) ၁၃၃
ပုံနှိပ်နှစ် – ၁၃၁၉
မိဘဂုဏ် ပိဋကတ်ပုံနှိပ်တိုက်၊ မိတ္ထီလာ။

✦✦✦

mgyoe.com

mgyoe.com

# ရှင်သီလဝံသနှင့် ရှင်ရဋ္ဌသာရ

စာပြုသူ - မဟာဓမ္မသင်္ကြန်
စာပြုနှစ် - ၁၁၉၃

သက္ကရာဇ် ၈၄၂–ခုနှစ်တွင် ဒုတိယ မင်းခေါင် မင်းဖြစ်တော်မူ၏။ ထိုမင်းလက်ထက် တောင်တွင်းကြီးက ရှင်မဟာသီလဝံသ ရောက်လာ၏။ ထိုအရှင်ကား သက္ကရာဇ် ၈၁၅–ခုဖွား၊ အသက် ၃၀–ပြည့်တွင် အဝသို့ လာသည်ဟူ၍ စာတမ်းများတွင် ဆိုသည်။ ရှင်ရဋ္ဌသာရကား ၈၃၀–ပြည့်ဖွား၊ အဝတွင်ပင် နေရင်းဖြစ်သည်။ ရှင်သီလဝံသက ရှင်ရဋ္ဌသာရထက် ၁၅ နှစ်ကြီး၏။

ထိုဆရာနှစ်ပါးသည် ပျို့၊ ကဗျာ၊ လင်္ကာ လေ့လာ၏။ ရှင်သီလဝံသကား နေတ္တိ နိဿယနှင့် ပါရာယနဝတ္ထု၊ ဤဓမ္မဝတ်စာ နှစ်ကျမ်းကိုလည်းပြု၏။ ရှင်ရဋ္ဌသာရပြုသော ဓမ္မဝတ်ကျမ်း မရှိ၊ ဘုရားတားမြစ်တော်မူသော ပျို့၊ ကဗျာ၊ လင်္ကာကို လေ့လာ အားထုတ်ကြသည်ဖြစ်၍ ထိုဆရာနှစ်ပါးကို ရှေ့သာသနာဝင်၊ နောက် သာသနာဝင် သံဃာသို့ မသွင်းကြ၊ ဆရာစဉ် စာတမ်း ရှစ်စောင်၌လည်း ထိုဆရာတို့ ဆရာစဉ်သို့ ဝင်ကြောင်းကို မဆို။

ဒုတိယ မင်းခေါင် သိမ် သမုတ်သည်ကာလ အခြားဆရာ သံဃာများက သီချင်း သည်တို့ပါလျှင် ငါတို့ မလာ မလိုက်ပြီဆိုသောကြောင့် ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့ သိမ် သမုတ်ရာ မပါဝင်ရဟူ၍ ဆရာစဉ်ဆက် ဥဒါန်းစဉ်ရှည် ပြောဆိုကြသည်။

ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး အဝသို့ရောက်တော်မူသည့်ကာလ စစ်ကိုင်းရှင် တိသာသနဓဇ အကျော်ကို တွေ့၍ ရှင်ရဋ္ဌသာရထံ နည်းနာခံဖူးသလောဟု မေးတော်မူသည်တွင် မခံဘူးကြောင်းကို ပြောဆိုသော် အဘယ်ကြောင့် မခံသနည်းဟု

mgyoe.com

မေးပြန်သည်ကို ရှင်ရဋ္ဌသာရတို့သည် ရပ်ကြီးပြည်မ အလေ့အလာ အားကြီးသောကြောင့် မခံသည်ဟု ဆိုကြောင်းကိုလည်း ယခုထက်တိုင် ပြောဆိုကြသည်။ ။

သာသနာလင်္ကာရစာတမ်း
ပုံနှိပ်နှစ် – ၁၃၁၈
ဟံသာဝတီ၊ ရန်ကုန်။

✦✦✦

mgyoe.com

 mgyoe.com 

# သံဝရပျို့ပြင်ဆင်ချက်

စာပြုသူ – မုံရွေးဆရာတော်

စာပြုနှစ် – ၁၁၉၇ အတွင်း

သံဝရတွင် 'ရဝိစန္ဒ၊ ထွန်းဒီပနှင့်၊ ဓမ္မတရား' ဟု ရှိသင့်သည်။ ပညာရှိတို့ ဆိုကြကုန်၏။ စာတွင်မူကား 'ထွန်းနေလနှင့်' ဟုရှိ၏။ အချို့ဆရာက 'အဂ္ဂိခန္ဓ၊ ထွန်းနေလ' နှင့်ဟု ရှိရမည် ဆို၏။ 'အဂ္ဂိခန္ဓ' ရှိလျှင် ကျမ်းနှင့်ညီသည်ဟူ၏။

မုံရွေးမှတ်စု

ပုံနှိပ်နှစ် – ၁၃၂၅

ဟံသာဝတီ၊ ရန်ကုန်။

✦✦✦

mgyoe.com

## သံဝရပျို့ပြင်ဆင်ချက်

စာပြုသူ - မုံရွေးဆရာတော်
စာပြုနှစ် - ၁၁၉၇ အတွင်း

သံဝရပျို့ 'ပြည်ထဲပြည်လာ' ချိုပိုဒ်၌ 'ထိုမှလွေ့မွေ့၊ ကွေ့လည်း ဝဆွဲ' ဟု ဆိုလိုသည်။ ယခုစာများတွင်ကား 'ထိုမှ ရွှေငွေ၊ ကြွေလည်း ဝဆွဲ' ဟု ရှိသည်။ ရွှေမှာ ဟ–ရ မပါ။ ဟ–ရ မလို ဆိုသည်နှင့်မညီ ဖြစ်သည်။ ရွှေ့သတည်း၊ ပွေ့သတည်း၊ ကြွေ့သတည်း၊ ချအံ့။ ဟ–ရ ပါသည်၊ မသင့်သေး ဆိုလိုသည်။

မုံရွေးမှတ်စု
ပုံနှိပ်နှစ် – ၁၃၂၅
ဟံသာဝတီ၊ ရန်ကုန်။

✦ ✦ ✦

mgyoe.com

 gyoe.com



# ကိုးခန်းလာ စကား

စာပြုသူ - မုံရွေးဆရာတော်

စာပြုနှစ် - ၁၁၉၇ အတွင်း

ကိုးခန်းတွင် 'မြေခြာပလ္လင်၊ ဖောဓိပြင်သို့' ပြင်သာ လိုသည်။ ဖောဓိပင်သို့ဟု မဆို။ စာမူကား 'ပင်သို့' ဟုရှိကြ၏။ မသင့်ချေ မှတ်ရမည်။ ဆုတောင်းခန်းတွင် သမိုက်ပြင် ထက်ဟု စပ်၏။

ချက်သွန်ပြောပြော၍ ပြန့်ပြောသည်။
ချက်ရိုင် ပြည့်စုံကား အပြည့်အစုံ။
ဖူးမြင်ချက်တွေ့၍ မြင်သည်ဖူးသည်။
ချက်တိုက် သိမြော်၍ ချက်တိုက်ကား သိမြင်သည်။
ချက်ကုံရှိ မဲ့သရွေ့မှာ အကြွင်းမဲ့ ဆိုလိုသည်။

မုံရွေးမှတ်စု
ပုံနှိပ်နှစ် – ၁၃၂၅
ဟံသာဝတီ၊ ရန်ကုန်။

✦✦✦

mgyoe.com

# ရှင်သီလဝံသနှင့် ရှင်ရဋ္ဌသာရ အမေးအဖြေ

စာပြုသူ - အမည်မသိ
စာပြုနှစ် - ၁၂၁၅

## ပထမအမေးအဖြေ

ရှင်မဟာရဋ္ဌသာရသည် အာဂန္တုကပုဂ္ဂိုလ် ရှင်သီလဝံသ စေတီရင်ပြင်တော်၌ သီတင်းသုံးနေကြောင်းကို ကြားသိ၍ သီဟိုဠ် ဆရာတော်ကို ခွင့်ပန်ပြီးလျှင် ကြွတော်မူလာ၍ ဇရပ်သို့ရောက်ကာလ အဝ နေပြည်တော်မှာ သာသနာပြု ဆရာတော် ရှင်မဟာရဋ္ဌသာရဖြစ်ကြောင်း၊ ရှင်သီလဝံသကလည်း တောင်တွင်းကြီးက ပုဂ္ဂိုလ် အာဂန္တုဖြစ်ကြောင်း၊ ငယ်မည် သရုပ်ထုတ်၍ သာကြောင်း မာကြောင်းများကို နှုတ်ခွန်းဆက်ကြကုန်၏။

အမေး ။ ။ ထိုအခါ ရှင်မဟာရဋ္ဌသာရက တောင်တွင်းဆရာကို မေးတော်မူသည်မှာ 'တောင်တွင်းကြီး၌ မိုးကောင်းပါ၏လော၊ စပါးဝမ်းစာပြည့်နိုင်ပါ၏လော' ဟု မေးတော်မူ၏။

အဖြေ ။ ။ ရှင်သီလဝံသက 'မိုးကောင်းကြောင်း၊ စပါးဝမ်းစာ ပေါများကြောင်း' များကို ပြန်လှန် မိန့်တော်မူ၏။

အမေး ။ ။ ရှင်သီလဝံသက ဆင်ခြင်တော်မူသည်မှာ တောင်တွင်းက တောင်သူလယ်တောသားသာ ဖြစ်ရာသည် ထင်၍ တောင်သူတို့နှင့် တန်ရာ မိုးနှင့် စပါးကို မေးပေသည်။ နေပြည်တော်ဆရာကို နေပြည်တော်နှင့် တန်သောစကားကိုမေးမှ အကြောင်း သင့်တော့မည်ဟု ဆင်ခြင်ပြီးလျှင် ရှင်သီလဝံသ ပုဂ္ဂိုလ်က မေးတော်မူလိုက်သည်မှာ...

အဝနေပြည်တော်၌ ရဟန်း၊ သာမဏေတို့သည် တိန်းညက်ဆိုး၊ နနွင်းဆိုး သင်္ကန်းများကို ဝတ်ရုံကြသည်၊ မရုံကြသည်၊ ပြည်သူ

mgyoe.com

mgyoe.com

**ပရိသတ်တို့ ပွဲလမ်းသဘင်ခံရာ၌ ကြည့်ကြသည်၊ မကြည့်ကြသည်၊ ပန်းပန်ကြသည်၊ မပန်ကြသည်၊ နံ့သာလိမ်းကြသည်၊ မလိမ်းကြသည်**

များကို ဥဒ္ဒေသအားဖြင့် အကျဉ်းချုပ်၍ မေးလျှင် ရှင်မဟာရဋ္ဌသာရက ဆင်ခြင်သည်မှာ နေပြည်တော်အဝန်းချုပ်၍မေးပေသည်။ တိန်းညက်ဆိုး၊ နန္ဒင်းဆိုးသော သကာ်န်းကို မဝတ်ကြပါဆိုရမည်လည်း ပွဲကျောင်း သံဃာများ ဝတ်ရုံချေက မုသားမကင်း ရှိတော့မည်။ ဝတ်ရုံကြ၏ဟု ဆိုရမည်လည်း ငါတို့ ဒုဿီလ သံဃာ ဖြစ်တော့မည်။ လူပရိသတ်တို့ ပွဲလမ်းသဘင်ခံရာ မကြည့်ဆိုရမည်လည်း မုသားမကင်း ရှိတော့မည်။ ပွဲကြည့်ကြ၏။ နံ့သာလိမ်းကြ၏။ ပန်းပန်ကြ၏ ဆိုရမည်လည်း ငါတို့သံဃာသည် ပွဲကျောင်းဖြစ်သည်ဟု အထင်ရောက်တော့မည်ဖြစ်၍ နေပြည်တော်ဆရာသည် ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင် ဆွံ့အ သကဲ့သို့ မချေမဆို ပြန်ကြွတော်မူခဲ့၏။

ထိုအကြောင်းကို သီဟိုဠ်ရောက် ဆရာတော်ထံ လျှောက်ထားသည်မှာ တပည့်တော်က **"တောင်တွင်းကြီးမှာ မိုးနှင့်စပါး ပေါများသည်၊ မပေါများသည်ကို မေးရာ၌... မိုးကောင်းကြောင်း၊ စပါးများကြောင်းကို ပြန်လှန် မိန့်ဆိုပြီးလျှင် အဝ နေပြည်တော်မှာ ရဟန်း၊ သာမဏေများသည် တိန်းညက်ဆိုး၊ နန္ဒင်းဆိုး သကာ်န်းများကို ဝတ်ရုံကြ၏လော၊ ပြည်သူလူ အပေါင်းတို့ ပွဲခံရာ၌ ကြည့်ကြ၏ လော၊ နံ့သာလိမ်းကြ၏လော၊ ပန်းပန်ကြ၏လောဟု နေပြည်တော် အဝန်းကို ချုပ်အုပ်၍ မေးရာ၌ တပည့်တော်က ရှေ့နောက် မတိုးမဆုတ်နိုင်ရှိ၍ ပြန်လာခဲ့ရပါသည်။ သီလဝံသပုဂ္ဂိုလ်ငယ်သည် စာပေကျမ်းဂန် တတ်၊ မတတ်ကို မသိရပါ။ တောင်တွင်းကြီးက တောင်သူ လယ်တောသားသည် စကားအတု ပြောဆိုတတ်သည့် လက္ခဏာရှိပါသည်။ ကိုယ်တော် သီဟိုဠ်ရောက် ဆရာတော်ထံကိုလည်း လာလတ္တံ့သော အကြောင်းလည်း ထင်ပါ၏"** ဟု လျှောက်ထားပြီးလျှင် နေလေ၏။

လေးငါးရက်ခန့်ရှိသည့်ကာလ ရှင်သီလဝံသသည် သီဟိုဠ်ရောက် ရှင်မဟာရဋ္ဌသာရတို့ ကျောင်းသို့ ကြွတော်မူလေ၏။ မဟာရံ တွင်းသို့ ဝင်မိလျှင် ရှင်မဟာရဋ္ဌသာရက ဆင်ခြင်တော်မူသည်မှာ တောင်တွင်းဆရာတို့ ကျောင်းသို့ ကြွတော်မူလာသည်။ သီဟိုဠ်ရောက် ဆရာတော်ဘုရားနှင့် မေးမြန်းပြောဆိုကြသည်ကို ကြားရအောင် စကြံကြွရာမှ ကျောင်းအတွင်းသို့ ဝင်ယောင်ပြုလျက် ပျဉ်ထောင်ကြားက နားထောင်လျက်နေ၏။

ရှင်သီလဝံသပုဂ္ဂိုလ်သည် သီဟိုဠ်ရောက် ဆရာတော်ရှေ့သို့ ရောက်ကာလ ဝတ်ချပြီးလျှင် အမည် နာမကို မေးမြန်း၍ သာကြောင်း မာကြောင်းများကို နှုတ်ခွန်းဆက်သပြီး
mgyoe.com

mgyoe.com

လျှင် သီဟိုဠ်ရောက် ဆရာတော်ဘုရားက မေးတော်မူသည်မှာ ...

**အမေး ။ ။** "ရှင်သီလဝံသပုဂ္ဂိုလ်... အဘယ်အကြောင်းနှင့် နေပြည်တော်သို့ ကြွလာတော်မူပေသနည်း" ဟု မေးတော်မူရာ ရှင်သီလဝံသက "ဆရာအရှင်မြတ်၏ ခြေတော်ရင်း၌ ဆည်းကပ်၍ စာသင်လိုပါသောကြောင့် ရောက်လာပါသည်" ဟု လျှောက်ထားရာ သီဟိုဠ်ရောက် ဆရာက မိန့်သည်မှာ "အဝနေပြည်တော်တွင် ငါသီဟိုဠ်ရောက် ဆရာသည် ကျောက်ဖျာ့ကြီးနှင့် ပမာတူသည်။ တစ်စုံတစ်ခုသော ပစ္စည်းငယ်များကို ကျောက်ဖျာ့ပေါ်မှာ တင်၍ကြိတ်လျှင် ကြေမွ ပျောက်ပျက်လေဘိ သကဲ့သို့ အဝေးမြို့ရွာက စာပေကျမ်းဂန်တတ်သည်ဟု ရောက်လာကြွားသော်လည်း ကျွန်ုပ်ထံသို့ ရောက်လျှင် ပျောက်ပျက်လေသည်" ဟု မိန့်တော်မူလျှင်...

**အဖြေ ။ ။** ရှင်သီလဝံသက "ဟုတ်သင့်ပေသည်၊ သို့ရာတွင် ယခု ဆရာတော်ဘုရားရှေ့တော်သို့ ရောက်လာသော ပုဂ္ဂိုလ်သည်လည်း ကျောက်ဖျာ့ကို မဆိုထားဘိဦး၊ နှစ်သိန်း ငါးသောင်း နှစ်ထောင် လုံးပတ်ဆောင်သည့် မြင်းမိုရ်တောင်ကို ဖောက်ထွင်း၍သွားနိုင်သော အနုမြူနှင့် တူသည်ဟု ရှင်သီလဝံသ ဆိုပေသောကြောင့် တို့ဆရာ သီဟိုဠ်ရောက်လည်း ရှုံးပြန်ခဲ့ပြီ" ဟု ဆရာတပည့် မည်မျှ ထပ်မံ၍ မဆိုပြီ။ များမကြာ နှုတ်ခွန်းဆက်၍ ရှင်သီလဝံသသည် ထူပါရုံစေတီ ရင်ပြင်တော်တွင်းသို့ ပြန်ကြွတော်မူသည်။

× × ×

## မေတ္တာဆက်သွင်းစာ

ထို့နောက် ရှင်သီလဝံသပုဂ္ဂိုလ်သူမြတ်သည် သာသနာ့ ဒါယကာ မဟာဓေရာဇ် မင်းမြတ်ဖြစ်သော ဒုတိယမင်းခေါင်ကို ပစ္စုပ္ပန်တမလွန် နှစ်တန်သော လမ်းတို့ကို ဆင်ခြင်၍ တရား ရစိမ့်သောငှာ မေတ္တာစာ ဧကပိုဒ်ကို စီကုံး၍ သွင်းတော်မူသည်မှာ ...

**ဇာတိသန္ဓေ၊ ပုဒ်ကိုဖွေသော်၊ အနေဆင်းရဲ၊ မိဝမ်းထဲ၌၊ စွဲသည် သိမ်မွေ့၊ ကိုယ်မျိုးစေ့ကို၊ အောက်မေ့လိုက်လျှင်၊ ခုမရှင်တည့်၊ ဘင်ကို မမှီ၊ ဠီတွင်တန့်နား၊ ခြောက်စုသားတို့၊ နှစ်ပါး ဆင့်လောင်း၊ ကြိုးစား ကောင်းလျက်၊ တပြောင်းပြန်ပြန်၊ လောကဓံဝယ်၊ မစံစမာ၊ သို့ကိုသာလျှင်၊ အကာအတိ၊ နှစ် မရှိတည့်၊ မသိနိုင်စွမ်း၊ ကိုယ်လုံး မွမ်းနှင့်၊ ကျွန်းကို မအောင်၊ သောင်ကို မကူး၊ ကူးတို့မှူးတို့၊ ကျေးဇူးလက်လွတ်၊ ဝဲကြက်**

mgyoe.com

ခွတ်၌၊ ဆီပွတ် ကျည်ပွေ့၊ လည်မရွှေ့သို့၊ အငွေ့လူလူ၊ နေ့တိုင်း
ပူရှင့်၊ မသူတော်ရဲ၊ စိုးကွပ်ကဲလျက်၊ ဆင်းရဲပုတိ၊ စက်ဆုပ်
လိသည်၊ တြို သုံးသွယ်၊ အမြစ် တွယ်လျက်၊ ရှစ်ဆယ် လဟာ၊
စိတ် စကြာကို၊ တဏှာ လုံးပိုး၊ နေ့တိုင်း တိုး၍၊ ထမ်းပိုးမက၊
ဘဝ ဖျင်းသိမ်၊ သုံးစည်းစိမ်ကို၊ တင်းတိမ် ပြီလော့၊ ထွေးအန်
အော့လျက်၊ ကန်တော့ လက်ဆောင်၊ ထိုက်တန်အောင်လျှင်၊
တစ်ထောင်ကို ခွာ၊ ငါးရာကို ခွင်း၊ ဆယ့်နှစ်သင်းနှင့်၊ ကင်းပေ
အံ့လောက်၊ ရုံခြောက်ယောက်ကို၊ သည် ခေါက်အောင်မြင်၊
လွတ်မြောက် စင်သည်။ ။ အရှင်မရှိ ပြည်ကို သောဝ်။

ရှင်သီလဝံသပုဂ္ဂိုလ်က သွင်းသောစာ ရောက်လာ ကာလ ဒုတိယ မင်းခေါင်က ရှင်မဟာရဋ္ဌသာရကို ကြားနာစေ၍ ရှင်မဟာရဋ္ဌသာရက ဒါယကာမင်းကြီးထံ သွင်းသည့် မေတ္တာစာ ကေပိုဒ်ကား...

မေးဖြေဖြောင့်သည်၊ ရှစ်သောင်း လေးထောင်၊ အစောက်
ဆောင်သည်၊ တောင်၏လမ်းဆီ၊ ယုဂန်ညီသို့၊ အစီအလျဉ်၊
အစဉ်မပြတ်၊ လေးကျွန်းပတ်လည်၊ နက္ခတ်တာရာ၊ ကြယ်ပမာ
သို့၊ လင်္ကာကုံးသီ၊ စကားစီလည်း၊ အချီအချ၊ သတ္တရတနာ၊
လင်္ကာနှင့်ဆန်း၊ ဆိုညွှန်းမိန့်သင့်၊ အခွင့်ခြောက်တန်၊ သမ္ဗန်
ခြောက်ပါး၊ စကားစာစပ်၊ စကားချပ်နှင့်၊ စူးအပ် ရာထား၊
ဆားနှင့် ဖုံးမသိန်၊ စိန်နှင့် သလင်း၊ တွင်းတူး တွင်းနေ၊ လေးပါး
ထွေကို စေ့ ရေသမ္မ၊ မုဒု ဖဝန၊ တိက္ခဟာသော်၊ လေးပါး
ခေါ်၏၊ အာဘော် ထုတ်၍၊ စုဒ်စောဒနာ၊ ပါဠိအနက်၊ စက်နှင့်
ပိုင်းသို့၊ တိုင်းတိုင်းဘွင်ဘွင်၊ သွင်သွင် ရှုထား၊ စကားဥသုံ၊
အာဂုံ အာဂါ၊ အရာဖြန့်မိုး၊ ဉာဏ်အရိုးလည်း၊ ပြောက်ထိုး
တင်းမာန်၊ လက်ရွေး ဆန်သို့၊ ကာရန်ဖြစ်က၊ အနှစ်ရမြဲ၊ သာရ
ခဲကို၊ အမြဲမယူ၊ တံချူ မညွတ်၊ မဆွတ်လေရွှေ့၊ နည်းမတွေ့
သား၊ ခြသေ့ဆီလျက်၊ သီဂီခွက်တွင်၊ တည်မြဲပင်သို့၊ အစင်
သန့်သန့်၊ တရောင်ဖြန့်သည်။ ။ ကောင်းညွှန့်ထပ်ပွား
စကား သင့်အောင် ဆိုစေသောဝ်။

ရှင်မဟာရဋ္ဌသာရက ဒုတိယ မင်းခေါင်ထံ ဤမေတ္တာစာကို သွင်းသည်။

mgyoe.com

mgyoe.com
ရှင်သီလဝံသ မေတ္တာစာနှင့် ယှဉ်တွဲ၍ဖတ်သည်ကာလ မင်းကြေရာဇ်က ရှင်မဟာသီလဝံသ မေတ္တာစာထက် ရှင်ရဋ္ဌသာရသွင်းသည့် မေတ္တာစာကို သာ၍နှစ်သက်တော်မူလေသည်။ ရှင်သီလဝံသပုဂ္ဂိုလ်အား ဆွမ်းတစ်အုပ် လှူစေသည်။

ထို့နောက် လေးရက်ငါးရက်ခန့်ရောက်လျှင် အရင်သွင်းသည့် မေတ္တာစာပြင် နောက်ထပ်မံ၍ ရှင်သီလဝံသပုဂ္ဂိုလ်က သွင်းတော်မူပြန်သည့် မေတ္တာစာ ကေပိုဒ်ကား...

ဤသို့စုံစီ၊ တောင်ကို သီသို့၊ ဤတွင် ရွှေကား၊ ချောမွေ့ သာယာ၊ ဒေသနာဖြင့်၊ ဂါထာအနက်၊ အစုံတက်လျှင်၊ ကျမ်းထွက် အညီ၊ လင်္ကာစီသား၊ ပန်းချီရေးချက်၊ ဆေး မစက်သို့၊ ပဒက္ခရ၊ ဝဏ္ဏ မကြွာ၊ ဂါထာ ဆန်းဂိုဏ်း၊ ကရိုဏ်း ပယတ္တ၊ အန္ဒယနှင့်၊ ဝဏ္ဏ ပရိစ္ဆေဒ၊ ကမ္မ နိရုဒ္ဓ၊ ပသာဒဟု၊ ဒေါသလွတ်မှု၊ ကျိုးပြစ် ရှု၍၊ အနုမြူညှင်း၊ မြင်းမိုရ် ထွင်းသို့၊ သီတင်းဝှန်ချောက်၊ တောင်ကို ဖောက်သည့်၊ စိန်ကျောက် ပမာ၊ သီလဝါလျှင်၊ ရတနာမွေ့လျော်၊ ဓာတ်တော် စုပုံ၊ ထူပါရုံဝယ်၊ စည်းခုံလုံး ညီ၊ မဟေသီဒ္ဓ၊ စေတီယင်္ဂဏ ဝတ်၊ နိစ္စ ဗဒ်လျှင်၊ မပြတ် တံမြက်၊ ရှိဝတ် တက်၍၊ မပျက်စေရ၊ မျိုးသိဿအား၊ သင်ကြား ကျမ်းဂန်၊ ဓိပ္ပာယ်ပြန်မှ၊ ဂန္ထရှုရ၊ ရောက်သမျှကို၊ သမထ ဝိပဿနာ၊ စီးဖြန်းပါ၍၊ နောင်လာတို့အား၊ တပည့်သားကို၊ မှတ်သားဆောင်ကြဉ်း၊ ဂုဏ်ကို မျှဉ်း၍၊ စိုးစဉ်း ကျမ်းဂန်၊ တတ်သော ဟန်သို့၊ မာန်လည်း တင်းတင်း၊ စိတ်ဟင်းလင်း နှင့်၊ အတွင်းတရား၊ ပြင်မှာထား၍၊ ပြင်ဘရားကို၊ ထိမ်ဝှက် သိုမှု၊ တိုးလျှိုပက်ပါ၊ မြစ်လဟာသို့၊ ပညာကျယ်လျက်၊ အဝင် နက်သည်၊ ဝက် လေးချက်မှာ၊ တွတ်တွတ်ပါ၍၊ ငါသာ ငါထက်၊ မာန် မတက်နှင့်၊ အထက် နေမင်း၊ လေးကျွန်းချင်း သည်၊ မလင်း တိမ်တိုက်၊ တစ်ကျွန်းမိုက်၍၊ နှိုင်းလိုက်သည် သာ၊ သည်အရာကို၊ ပညာရှိက၊ သတိရလိမ့်၊ လကို နှုန်းထွေ၊ နေကို နှုန်းသင့်၊ မြေနှင့် ပမာ၊ ကျင့်အပ်ရာ၍၊ မြတ်စွာ ဟောနည်း၊ လိပ်ကမ္ဗည်းကို၊ သိလည်း သိလျက်၊ သိခေါက် နက်လျှင်၊ သရက်နှင့်အိုး၊ ကြွက်နှင့်မိုးသို့၊ အရိုးစင်စစ်၊ အကာ ပစ်လျက်၊ အနှစ်ကိုသာ၊ ယူအပ်ရာ၍၊ ပမာသွေးသီ၊ ထုံးရိုး
mgyoe.com

mgyoe.com

မှိုမူ၊ ဂမ္ဘီထဲနက်၊ လွန်ခဲခက်စွ၊ ရွှေဖြတ်စသို့၊ ဓမ္မသိမ်းအုပ်၊ ပေယျာချုပ်လျက်၊ သရုပ်ကျယ်ဝင်း၊ ဒလ ဟင်းလျှင်၊ ဖြောင့်စင်း ဓာနာ၊ တက်စိမ့်ငှာလျှင်၊ မဟာ သီလဝံသ၊ ဉာဏ နက်စံ၊ အပြည့်ခံ၏။ ပုံစံ ဝှန်သည်း၊ သမိုင်းတည်းသည်။ ။ ကမ္ဘည်းရွှေစာ မော်ကွန်းတည်း။

ဤမေတ္တာစာ ကေပိုဒ်ကို ထပ်မံ၍ ရွှေနန်းတော်သို့ သွင်းတော်မူရာ ဒါယကာ မင်းမြတ်က သီဟိုဠ်ရောက် ဆရာတော် ရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်တို့ကို ပင့်၍ ကြား နာစေသည်။ ဒါယကာမင်းမြတ်က "ရှင်သီလဝံသ ယခင်သွင်းသည့် မေတ္တာစာထက် ကိုယ်တော်သွင်းသည့် မေတ္တာစာက သာယာ ကဲလွန်ပေသည်။ ယခုရှင်သီလဝံသသွင်းသည့် မေတ္တာစာမှာ ပုဒ်ပါဠ်အက္ခရာအနှစ်သာရနှင့် ပြည့်စုံပေသည်။ နေပြည်တော်ဆရာက သာလွန်ကဲမွန်အောင် သွင်းနိုင်မည် မသွင်းနိုင်မည်" ကို လျှောက်ထားရာ သွင်းနိုင်မည် မသွင်းနိုင်မည်ကို မိန့်တော် မမူ၊ တစ်ခဏနှင့် ရွှေနန်းတော်က ကျောင်းတော်သို့ ပြန်ကြွပြီးလျှင် မေတ္တာစာ ကေပိုဒ်ကို စီရင်တော်မူ၍ ရွှေနန်းတော်သို့ ရှင်မဟာရဋ္ဌသာရက ထပ်မံ သွင်းတော်မူလိုက်သည်မှာ...

အမျိုးလေးပါး၊ သူတို့အားကို၊ စီးပွားယုတ်မြတ်၊ အတတ် ပညာ၊ အဖြာဖြာတွင်၊ လူတို့တွင်၌၊ သိမြင်ခဲမူ၊ လေး လေးခုတွင်၊ နှစ်ခု ခွဲဝေ၊ ဒွေး ရှစ်ထွေကို၊ သိမ်းနေမှန်စွာ၊ ကြောင်းခြင်းရာမူ၊ ပမာဆိုရိုး၊ မိုးနှင့် သရက်၊ အိုးနှင့်ကြွက်သို့၊ သိခက်ခဲစွာ၊ ပညာ တိမ်ညင်၊ ကြံ ဆင်ခြင်၍၊ ကျယ်လျှင် ကားချဲ့၊ ပဲ့လျှင် ဖဲ့လော့၊ နွဲ့လျှင်ကားသပ်၊ ခိုင်လျှင်ထပ်လော့၊ ကျပ်လျှင် သပ်ပင်း၊ ချောင်လျှင် ထွင်းလော့၊ နိုင်းချင်း ဆိုရေး၊ သိရေး ခဲငြိ၊ မြက်ကို ခွေးယူ၊ ဆိတ်မူ မဲ့ကင်၊ လဲချင် အနေ၊ အဆွေခင်ပွန်း၊ အကြံဆန်းသည်၊ နကျွန်း အင်္ဂါ၊ လူတကာတို့၊ အကာ အနှစ်၊ အသစ်စိမ်းစို၊ ကျောက်ကို ကျောက်မျိုး၊ အဖိုး သိခဲ၊ ဤဖြစ်မြဲ တည့်၊ ဝမ်းထဲ မှတ်ပိုက်၊ သတိ ထိုက်တွင်၊ ထားစေချင်စွ၊ သံလျှင် သံကို၊ ဖျက်သောဆိုလို့၊ လှေကို လှေပင်၊ ဆယ်ယူငင်သို့၊ ပုံပြင်ခြင်း ရာ၊ မေတ္တာစာကို။ ။ ကြောင်းချာယူဆတတ်စေသောဝ်။

ဤမေတ္တာစာကို နေပြည်တော်ဆရာက သွင်းတော်မူပြန်သည်။ ရွှေနန်းတော်သို့ ရောက်ကာလ ရှင်သီလဝံသပုဂ္ဂိုလ်သွင်းသည့် မေတ္တာစာနှင့် ယှဉ်တွဲ၍ ဖတ်နာသည်ကာလ ဒုတိယ မင်းခေါင်က မှူးမတ်တို့အား မိန့်သည်မှာ...

mgyoe.com

mgyoe.com

ဆရာတော်နှစ်ပါး သွင်းကြသည့် မေတ္တာစာ ဇကပိုဒ်တွင် တောင်တွင်းဆရာ ရှင်သီလဝံသ သွင်းသည့် မေတ္တာစာသည် အနှစ်အရသာနှင့် ပြည့်စုံပေသည်၊ တောင်တွင်းဆရာသည် ကိုးကွယ်သင့်သော ပုဂ္ဂိုလ်ဖြစ်ပေသည် ...

ဟု မှူးမတ် ပြည်သူတို့အား ဖိတ်ကြား၍ ထူပါရုံစေတီရင်ပြင်တော် ဇရပ်ငယ်တွင်နေသည့် ဆရာတော်ထံသို့ ထွက်ရောက်သည်ကာလ ဒါယကာမင်းကြီးသည် ဒုကုဋ်၊ ကိုယ်ဝတ်၊ ခါးပန်း၊ သင်းပိုင်၊ ကရိုဏ်၊ ပဲခွပ်၊ သပိတ်၊ အပ်နှင့် ဆွမ်း ဘောဇဉ်စသော အလှူကို ပရိသတ်တို့နှင့်တကွ အသီးသီး လှူဒါန်းပူဇော်၍ တရားတော်ကို နာပြီးလျှင် သာသနာ့ဒါယကာ ဒုတိယ မင်းခေါင်သည် သမ္မာသမ္ဗောဓိ ဘုရားဆုကို ပန်တော်မူ၍ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကုန်သော ဝေနေယျတို့အား ရေစက်ချ၍ အမျှပေးဝေပြီးလျှင် ဒါယကာမင်းကြီးက လျှောက်သည်မှာ...

သည်ယနေ့မှစ၍ ပစ္စည်းလေးပါး ဒါယကာ ခံတော်မူပါမည်၊ မြတ်ဆရာကို မဂ်ဖိုလ်အလို့ငှာ အသက်ထက်ဆုံး ကိုးကွယ်ပါမည်

ဝန်ခံ၍ ထူပါရုံလက်ဝဲဘက်က ရတနာဗိမာန်ကျောင်းတော်ကို တင်လှူဒါန်းတော်မူ၍ 'သီလဝံသ မဟာဓမ္မရာဇာ ဂုရု' ဟူသော တံဆိပ်တော်နှင့်တကွ မင်းဧကရာဇ်က သာသနာတော်ရေးကို ချီးမြှင့်ကိုးကွယ်တော်မူသည်။ အဝ နေပြည်တော်ကြီးမှာ သီတင်းသုံးနေတော်မူသော သံဃာတော်အပေါင်းတို့သည်လည်း တောင်တွင်းဆရာတော် ရှင်သီလဝံသသည် စာပေကျမ်းဂန်ပိဋကတ်တော်တို့ကို လိမ္မာကျွမ်းကျင်တော်မူသည်နှင့်အညီ သတင်းတော်သည် အကျော်အစောဖြစ်၍ ရဟန်းပဥ္စင်း မောင်ရှင်သာမဏေ ဉာဏ်ရည် ဉာဏ်စွမ်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့အသီးသီး ရတနာဗိမာန် ရွှေဘုံကျောင်းတော်၌ ဝန်းရံ၍စာသင်ကျောင်းကိုယ်စီနှင့် ရှင်မဟာ သီလဝံသ ပုဂ္ဂိုလ်ကျော်ထံ စာဝါခံ၍ စာကို သင်လာကြသည်။

စာသင် ကျောင်းအများနှင့် ထူပါရုံကျောင်းတိုက်ကြီးဖြစ်၍ တပည့်အပေါင်းခြံရံလျက် ရှင်ရဋ္ဌသာရနှင့် ဂုဏ်တူရည်တူဘွဲ့တံဆိပ်တော် အတူအမျှ သာသနာပြုဆရာတော်ဘုရားကြီးအရာသို့ရောက်၍ သီတင်းသုံးနေတော်မူ၏။

[ရှေ့သို့ဆိုလတ္တံ့သော စကားရပ်တို့၌ ရှင်မဟာရဋ္ဌသာရ၊ ရှင်သီလဝံသ ပုဂ္ဂိုလ်ကျော်အရှင်မြတ်တို့သည် တစ်ဦးနှင့်တစ်ဦး စကားနိုင်ပြောဆိုခြင်း၊ သေးနုပ်သော ပုစ္ဆာစကားများကို မေးမြန်းပြောဆိုခြင်းများပြုကြသည်ဟု စာတမ်းစာဟောင်းစာငယ်များ၌သာ ရေးသားပါရှိလေသည်။ ခိုင်မာ ကိုးကားလောက်သော ရာဇဝင်စာတမ်း၊ ကျောက်စာမော်ကွန်းတို့၌ အလာအဆို မရှိသောကြောင့်လည်းကောင်း၊

mgyoe.com

mgyoe.com

ထိုပုဂ္ဂိုလ်တို့သည် ပညာရှိပုဂ္ဂိုလ်များဖြစ်၍ ပြုစုရေးသားတော်မူခဲ့သော ပျို့ကဗျာများကို ပညာရှိ အဆက်ဆက် ကိုးကား မှီခိုရာဖြစ်သောကြောင့်လည်းကောင်း ပုဂ္ဂိုလ်၏ အရည်အချင်းကို ထောက်လျှင် သေးနုပ်သိမ်ငယ်ပြိန်ဖျင်းသော စကားများကို ဆိုတော်မူမည် မဟုတ်ဟူ၍ မှတ်အပ်၏။ သို့သော်လည်း ၎င်းစကားရပ်များသည် ပြောစဉ်ဆိုစဉ်ရှိကြ၍ သုတမယဉာဏ် ဖြစ်စေရန်ကိုသာ ရည်သန်၍ ထည့်သွင်းခြင်းဖြစ်သည်။ စာတမ်းပါ စကားဟု ယုံကြည်အားထားခြင်းပြု၍ သာရအားဖြင့် မှတ်သားခြင်းကို မပြုထိုက်။][၁]

× × ×

## ဒုတိယအမေးအဖြေ

ထိုအခါ ရှင်သီလဝံသ ရှင်မဟာရဋ္ဌသာရ ဆရာတော်နှစ်ပါးတို့သည် သံဃာတော် ငါးဆယ်ခန့်နှင့် ရတနာပုရ အဝ နေပြည်တော်တွင်းသို့ ဆွမ်းအလှူခံကြွတော်မူကြရာ အရှေ့တံခါးအတွင်းတွင် ဆိုင်မိကြ၍ ရှင်မဟာရဋ္ဌသာရက ရှင်သီလဝံသ ဉာဏ်ရည်သတ္တိကို သိတော်မူလိုသောကြောင့် မိန့်တော်မူလိုက်သည်မှာ ...

**အမေး ။ ။** "ဖျပ်စီးဖျပ်စပ်၊ တလပတ်နှင့်၊ ရှင်ငတ် ဘယ်ကလာသနည်း" ဟု မေးတော်မူလေ၏။

**အဖြေ ။ ။** ရှင်မဟာသီလဝံသက ပြန်၍မိန့်တော်မူသည်မှာ.... "ရွတ်ရီးရိတ်ယို၊ နောက်ခြေမိုနှင့်၊ ရှင်အို ဘယ့်ကြောင့်မေးသနည်း" ဟု မိန့်တော်မူရာ ရှင်မဟာရဋ္ဌသာရက လျင်မြန်သော တခ်ဏုပ္ပတ္တိဉာဏ် ရှိပေသည်ဟု ဆင်ခြင်၍ နေပြည်တော်ဆရာ ရှင်မဟာရဋ္ဌသာရလည်း ကြွလေ၏။

**အမေး ။ ။** ထို့နောက် တစ်နေ့သ၌ ဆွမ်းခံရင်း ဆိုင်မိကြရာ ရှင်မဟာရဋ္ဌသာရက ဆိုပြန်သည်မှာ "တောင်တွင်း သမင် ချိုထောင် လှသည်" ဟု မိန့်တော်မူပြန်လေ၏။

**အဖြေ ။ ။** ရှင်မဟာ သီလဝံသက... "တို့ခင်... တောင်တွင်းကြီးမှာ... ချုံပိတ်ပေါင်းထူထပ်၍ မဝင့်သာသောကြောင့် ရတနာပုရ ရွှေပြည်တော် အဝမှာ ဝင့်လို၍

---

၁။ အထက်ပါ စကားချပ်သည် ပေမူတို့တွင် မပါ။ ပုံနှိပ်ထုတ်ဝေသူတို့ ရေးထည့်သော စကားချပ် ဖြစ်ဟန်ရှိသည်။ ၁၂၈၇ ခုနှစ်တွင် မန္တလေးမြို့ ရတနာသိဒ္ဓိ ပိဋကတ်တိုက်က ထုတ်ဝေသောပုံနှိပ်မူ စာမျက်နှာ ၂၁–၂၂ တို့တွင်လည်း အထက်ပါ စကားချပ်အတိုင်း တစ်သဝေမတိမ်း တွေ့ရှိရပေသည်။


mgyoe.com

ချီးထောင်ပေးသည်" ဟု မိန့်တော်မူရာ ရှင်မဟာရဋ္ဌသာရက အံ့ဘွယ်သရဲဖြစ်ပေသော ပုဂ္ဂိုလ်ပေတည်းဟု ဆင်ခြင်ပြီးလျှင် ကြွတော်မူလေ၏။

အမေး ။ ။ ထို့နောက် ဆွမ်းခံရင်း ဆိုင်မိကြပြန်ရာ ရှင်မဟာရဋ္ဌသာရက "တောင်တွင်းဆရာ ဒါယကာမများ သုံးဆောင် လိမ်းစားသော နနွင်းကို အဘယ့်ကြောင့် လိမ်းသနည်း" ဟု မိန့်တော်မူ၏။

အဖြေ ။ ။ ရှင်မဟာသီလဝံသက "မယားလို၍ ကျွန်ုပ်လိမ်းပေးသည်" ဟု မိန့်တော်မူ၏။

အမေး ။ ။ ရှင်မဟာရဋ္ဌသာရက "မယားလိုလျှင် လူဝတ် လဲပါလား" ဟု မိန့်တော်မူ၏။

အဖြေ ။ ။ ရှင်သီလဝံသက "ဤသက်န်းနှင့်ပင် မယားလိုသောကြောင့် လိမ်းပေသည်" ဟု ဖြေတော်မူလျှင် ရှင်မဟာရဋ္ဌသာရက ကျောင်းသို့ရောက်ကာလ သီဟိုဠ်ရောက် ဆရာအား ထိုအကြောင်းကို လျှောက်တင်ရာ သီဟိုဠ်ရောက် ဆရာတော်က မိန့်တော်မူသည်မှာ "ရှင်မဟာသီလဝံသပုဂ္ဂိုလ်တွင် ယားနာရှိလတ္တံ့၊ ထို ယားနာကို မယားစေလိုသောကြောင့် လိမ်းရာသည်" ဟု မိန့်တော်မူ၏။

ထို့နောက် ရှင်မဟာသီလဝံသကို သာသနာ့ ဒါယကာ ရွှေနန်းတော်သို့ ပင့်၍ လျှောက်သည်မှာ "ကျမ်းဂန်ပိဋကတ်တို့ကို နိုင်တော်မူသည်နှင့်အညီ တစ်စုံတစ်ခုကျမ်းဂန်ကို အမှီပြု၍ ကဗျာစီကုံးတော်မူပါ" ဟု လျှောက်ထားရာ ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော်က "ဒကာတော် ရေမြေ့ရှင်...ဘုရားကိုယ်တော်မြတ်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း၌ ဒါန သီလ အစရှိသော ပါရမီ ဆယ်တန် ဖြည့်ကျင့်တော်မူကြောင်းကို ဗုဒ္ဓဝင်အဋ္ဌသာလိနီ သုမေဓ ကထာကျမ်းများကိုအမှီပြု၍ ပါရမီခန်း ကဗျာကျမ်းကို စီကုံးရေးသားရာပါလေပြီ" ဟု မိန့်တော်မူလေသော် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်မင်းမြတ်က "ရှင်မဟာရဋ္ဌသာရ စီရင်တော်မူသည့် ဘူရိဒတ် လင်္ကာတော်နှင့် ရှင်မဟာ သီလဝံသ စီကုံးသည့် ပါရမီခန်းကို ယှဉ်တွဲ၍ စာပွဲပြုလုပ်လိုပါသည်။ နံနက် ဆွမ်းစားမိ ရွှေနန်းတော်သို့ ကြွတော်မူကြပါ" လျှောက်ထား၍ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့နှင့် စာနာပရိသတ် သံဃာ တစ်ရာကျော်တို့ကို ရွှေနန်းတော်သို့ ပင့်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် ပါရမီခန်း၊ ဘူရိဒတ် အချီအချ စာဆိုတော်တို့ ဖတ်ကြရာ ရဟန်းပရိသတ်မှူးမတ် အများတို့သည် နှစ်သက်မြတ်နိုးကြကုန်သည်။ ရှင်မဟာရဋ္ဌသာရက မိန့်ဆိုတော်မူသည်မှာ...

တောင်တွင်းဆရာ...ဘုရားလောင်းတို့ မည်သည်မှာ ဘုရားဆုကို တောင်း၍ပြီးမှ ပါရမီကို အစဉ်သဖြင့် ဖြည့်ကျင့်တော်မူမြဲ ဖြစ်ချေ

သည်၊ ပါရမီ ဖြည့်ပြီးမှ ဘုရားဆုကို တောင်းလေဘိ သကဲ့သို့ ပါရမီ ခန်း ကဗျာကျမ်းကို စပ်ဆိုတော်မူချက်မှာ ဒေသနာနှင့် မညီမညွတ် ဖြစ်သည်...

ဟု မိန့်တော်မူလေသောကာလ ရှင်မဟာသီလဝံသဆိုသည်မှာ...

သာသနာ့ဒါယကာ ဒကာတော် ရေမြေ့ရှင်က ပါရမီခန်းကို နာလို ပါသည်ဟု လျှောက်၍ ပါရမီခန်းနှင့် ရွှေနန်းတော်သို့ ဝင်ရပါသည်၊ ဆုတောင်းခန်းမှာ ဆရာသည် ယမန်နှစ်တုန်းက စီကုံး၍ပြီးလေပြီ...

ဟု မိန့်တော်မူလေ၏။

× × ×

## ပထမ ကိုယ်ရည်သွေး

ထိုအခါ သာသနာ့ဒါယကာ မဟာဓေရာဇ်မင်းမြတ်က "ဆရာတော်တို့ စာပွဲ ပြုလုပ်ရာ နေလည်း အတန်နည်းလေပြီ၊ ကျောင်းတော်သို့ ကြွတော်မူကြပါလော့၊ နက်ဖြန် ယနေ့ကဲ့သို့ စာပွဲဆက်၍ ပြုလုပ်လိုပါသေးသည်။ သံဃာတော် ပရိသတ်အစည်းအဝေး များနှင့်တကွ ဆရာတော် နှစ်ပါးလုံးပင် ဆွမ်းဘုဉ်းပေး အမီ နန်းတော်သို့ ကြွလာတော်မူ ပါမည့်အကြောင်းကို ပင့်လျှောက်ထားပြီးလျှင် ဒုတိယ မင်းခေါင်က ဆရာတော်အရှင် နှစ်ပါး၏ ဉာဏ်တော်ကို သိလိုသည်၊ အသီးသီး မိမိတို့ ဂုဏ်ကိုချီးမြှင့်၍ ရွှေဖတိုင်ပေါ်မှ နန်းကြမ်းပြင်သို့ ဆင်း၍ကြွတော်မူကြပါ" ဟု လျှောက်ထားလေလျှင်...

ရှင်မဟာရဋ္ဌသာရက ရှေးဦးစွာ ဂုဏ်ကိုချီးမြှင့်၍ ကြွတော်မူသည်မှာ...

ရဋ္ဌသာရ၊ ည်ရထင်ပေါ်၊ ကျွန်းလုံးကျော်

ဟု မိန့်တော်မူသည်။

ထို့နောက် ရှင်မဟာသီလဝံသက မိန့်တော်မူသည်မှာ...

သီလဝံသ၊ နာမတံခွန်၊ ပုဂ္ဂိုလ် မွန်သည်၊ နိဗ္ဗာန်တံခါး၊ ဟင်းလင်းထား

ဟု မိန့်ဆိုကြပြီးလျှင် အသီးသီး ကျောင်းတော်သို့ကြွတော်မူကြလေ၏။

ကျောင်းတော်သို့ ရောက်သောကာလ ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်သူမြတ်သည် ကျမ်းအစောင်စောင်တို့မှ ထုတ်နုတ်တော်မူ၍ တစ်ညဉ့်တွင်းနှင့် ဆုတောင်းခန်းကိုစီရင်တော် မူလေသည်။ နေအရုဏ်တက် လေးချက်တီးကျော်အချိန်တွင် ဆုတောင်းခန်းစာ လက်ာ တော်ကို ရတနာဗိမာန် ကျောင်းတော်၌ စီကုံး၍အပြီးသို့ ရောက်လေသည်။ ပါရမီခန်း

mgyoe.com

 . com 

ကဗျာခန်းမှာ တောင်တွင်းမြို့က စီကုံးရင်း လင်္ကာဖြစ်သည်။

ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော်သည် ရတနာဗိမာန်ကျောင်းတော်၌ သီတင်းသုံးတော်မူကြသော ပုဂ္ဂိုလ်တို့နောက် ရှစ်ဆက်မြောက်၌ သီတင်း သုံးတော်မူသည်။ ထိုရတနာဗိမာန်ကျောင်းတော်ကို သာသနာတော် ၅၀၀၀-တည်စိမ့်သောငှာ ကျောက်စာသံပိုင်းကိုရေးထိုးတော်မူသည်။ ထို့ကြောင့် ရတနာဗိမာန်ကျောင်းတော် ကျောက်စာသံပိုင်း၌...

**စစ်ကိုင်းကြီးတောင်၊ မော် ကျောက်ဆောင်မှ၊ ရန်အောင်မြင်နောက်၊ သရဘံ မြောက်လျှင်၊ မောက်မောက်စုပုံ၊ ထူပါရုံဝယ်၊ လက်ဝဲဆွယ်က၊ အောင်ရွှယ်ချီးသောင်း၊ မျိုးကောင်း ကျောင်း၌၊ နောက်နှောင်းသာသနာ၊ စေ့ကာတိုင်အောင်၊ တည်စိမ့်ထောင်သား၊ ကျောက်ဆောင်လင်္ကာ၊ သံပိုင်းစာကို၊ မဟာ သီလဝံသ၊ ထေရ်ကုန် လျှင်၊ မဆွ ရှေးဆို၊ ကျောင်းရိပ်ခိုသား၊ ပုဂ္ဂိုလ်တို့နောက်၊ ရှစ်ဆက်မြောက်၌၊ ပွဲမှောက်နာတန်၊ မှတ်စိမ့်ရန်လျက်၊ ကျမ်းဂန်အရိုး၊ မော်ကွန်းထိုးသည်။ ။**
**ပြည့်ဖြိုးနိဒါန်းအပြီးတည်း ...**

ဟူ၍စပ်ဆိုတော်မူ၏။

× × ×

## ဒုတိယ ကိုယ်ရည်သွေး

နေပြည်တော် ဆရာ ရှင်မဟာရဋ္ဌသာရလည်း နောက်ပါ သံဃာ တစ်ရာကျော်တို့နှင့် ရွှေနန်းတော်သို့ ကြွတော်မူနှင့်၍ ဆွမ်းခဲဖွယ်၊ ဘောဇဉ်စသော လှူဒါန်းဖွယ်ဝတ္ထုတို့ကို မင်းဧကရာဇ် ကိုယ်တိုင် ကြပ်မတ် လုပ်ကျွေး၍ အပြီးသို့ ရောက်သောကာလ တောင်တွင်းဆရာတော် ပုဂ္ဂိုလ်ကျော်သည် ကြွတော်မူလာခဲ့သည်ဟု မျှော်လင့်လျက် နေတော်မူသည့်အခိုက် ရှင်မဟာသီလဝံသသည် နေမြင့်မှ ရွှေနန်းတော်သို့ ကြွရောက်တော်မူလာခဲ့၏။

ဒါယကာ မင်းကြီးသည် ရွှေနန်းတော် တံခါးက ဝတ်ချလျက် ခရီးဦးကြိုဆိုတော်မူ၍ နန်းတော်သို့ ရောက်တော်မူသောအခါ သံဃာတော် လူပရိသတ်အပေါင်းတို့က "ဆရာတော်ဘုရား ယနေ့နောက်ကျတော် မူပေသည်၊ ကိစ္စအထူး ရှိပေသလော" ဟု လျှောက်ထားကြရာ ရှင်မဟာသီလဝံသပုဂ္ဂိုလ်ကျော်က "ဒါယကာမင်းမြတ်လှူအပ်သော ရတနာဗိမာန်ရွှေဘုံကျောင်းတော်၌ ဆုတောင်းသောကြောင့် နန်းတော်အဝင် နောက်ကျ နေမြင့်ရှိပေသည်" ဟု မိန့်တော်မူလျှင် ပရိသတ် အပေါင်းတို့က ဆုတောင်းခန်း ကဗျာလင်္ကာကို စိစ်ရင်၍

အပြီးသို့ ရောက်လေပြီဟူ၍ပင် အယူရှိကြကုန်၏။

ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော်အား ဆွမ်းဘောဇဉ်ဖြင့် လုပ်ကျွေးပြီးလျှင် ပါရမီခန်း၊ ဆုတောင်းခန်း၊ ဘူရိဒတ်ဇာတ်ပေါင်း စာသုံးစောင်ကို ရွှေကလပ်တို့၌ အသီးသီးတင်ထားပြီးလျှင် စာဆိုတော်တို့ကို တစ်စောင်စီ အလှည့်အလည်ဖတ်စေ၍ မှူးမတ် ပရိသတ်၊ မောင်းမကိုယ်လုပ်၊ မိဖုရား၊ မင်းဧကရာဇ် ကိုယ်တော်နှင့်တကွ ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်ကြဲမြှောက်ကြပြီးလျှင် ကောင်းချီးသာဓု နုမောဒနာ ခေါ်ဝေါ်ကြ၍ စာပွဲခံတော်မူလေသည်။

ထိုအခါ ဒါယကာမင်းကြီးက လျှောက်သည်မှာ တောင်တွင်းဆရာ ရှင်သီလဝံသ စီရင်တော်မူသည့် ပါရမီခန်း၊ ဆုတောင်းခန်းတို့သည် ပမာကို နှိုင်းယှဉ်သည်ရှိသော် စည်ကြီးသံ ကဲ့သို့ရှိပေသည်၊ နေပြည်တော်ဆရာ ရှင်မဟာရဋ္ဌသာရ စီရင်တော်မူသည့် ဘူရိဒတ်ဇာတ်ပေါင်းလင်္ကာမှာ ပဥ္စင်တူရိယာ ငါးပါးကို တစ်ပြိုင်နက် တီးသည့်အသံနှင့် တူပေသည်၊ ရှင်မဟာရဋ္ဌသာရ စီရင်သည့် ဘူရိဒတ် ဇာတ်ပေါင်း လင်္ကာကို သာ၍ နှစ်သက်တော်မူသောကြောင့် အထူးသဖြင့် ချီးမွမ်းတော်မူသည်။

ရှင်မဟာသီလဝံသက "ဒါယကာမင်းမြတ် စံပယ်တော်မူသော ရွှေနန်းတော်သည် ရွှေနန်းတော်မဟုတ်၊ ငွေနန်းနှင့် စံသော မင်းဧကရာဇ်သဖွယ်ကဲ့သို့ ရှိပေသည်" ဟု မိန့်တော်မူရာ ဒုတိယ မင်းခေါင်ကြီးက "ဆရာတော် နှစ်ပါး အသီးသီး စီရင်တော်မူကြသည့် လင်္ကာတော်ကို နှစ်သက်ပါ၏၊ ကိုးကွယ်လောက်သည့် ပုဂ္ဂိုလ်ထူးများဖြစ်ပေသည်ဟု လျှောက်ထားပြီးလျှင် နေအချိန်လည်း နည်းလေပြီ၊ ကိုယ်တော်မြတ်တို့လည်း ညောင်းညာတော်မူကြတော့မည်၊ ကျောင်းတော်သို့ ပြန်ကြွတော်မူပါဦးတော့၊ သို့ရာတွင် ယခုပြန်ကြွတော်မူရာ ယမန်နေ့ကကဲ့သို့ ကိုယ့်ဂုဏ်ကို ကိုယ်ချီးမြှင့်၍ အသီးသီးကြွတော်မူကြပါ" ဟု လျှောက်ထားသည်ကာလ...

ရှင်မဟာရဋ္ဌသာရက ကောင်းပါပြီဟု ဝန်ခံလျက် ရွှေဖထိုင်ပေါ်က ရွှေနန်းတော်ကြမ်းပြင်သို့ အဆင်းတွင် မိမိဂုဏ်ကို မိမိချီး၍ဆိုသည်မှာ...

တောင်ကို မဖောက်၊ တောင်းကို ဖောက်သည်၊ စူးဆောက်ပမာ၊

ရဋ္ဌသာ

ဟု မိန့်တော်မူ၏ ကြွလေ၏။

ရှင်မဟာသီလဝံသကလည်း "တောင်းကို စူးဆောက်နှင့် ဖောက်သည့်အရာသည် ကြာသေးသည်" ဟု မိန့်တော်မူပြီးလျှင်...

mgyoe.com

တောင်းကို မဖောက်၊ တောင်ကို ဖောက်သည်၊ စိန် ကျောက်အသွင်၊
သီလဝင်

ဟု မိန့်တော်မူသည်နှင့် စကားအလာအသွား ခြားနား နက်လေးပေသောကြောင့် ရှင်မဟာရဋ္ဌသာရက ဖထိုင်တော်နှင့် တစ်လံခွဲလောက် ရောက်ပြီးမှ ဘတ္တတိုင်ဆီကိုလှည့်ပြီးလျှင် တစ်ဖန် မိန့်ဆိုတော်မူလိုက်ပြန်သည်မှာ...

နန်းတွင်း နန်းပြင်၊ စီးသည့် ဆင်ကို၊ တောဆင့်ဘယ့်နှယ်၊ နိုင်ဖူးတယ်

ဟု မိန့်ဆိုတော်မူရာ ..

ရှင်မဟာသီလဝံသက ထပ်၍ဖြေဆို မိန့်တော်မူပြန်သည်မှာ –

နန်းတွင်းနန်းပြင်၊ စီးသည့် ဆင်ကို၊ တောဆင် မုန်ရစ်၊ ကော်၍ ပစ်သည်၊ စွယ်ရစ်ဦးဖျား၊ တစ်လုံးခြား၏

ဟု မိန့်တော်မူ၍ အသီးသီး ပြန်ကြွတော်မူကြကုန်သည်။

× × ×

## တတိယအမေးအဖြေ

**အမေး ။ ။** ထို့နောက် ရှင်မဟာရဋ္ဌသာရက ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော်ထံ ကျောင်းနေ တပည့်ငယ်ကိုစေ၍ “တကျောက်အိပ် သနားတော်မူလိုက်ပါ” ဟု တောင်းစေရာ၌

**အဖြေ ။ ။** ရှင်မဟာသီလဝံသက ဆင်ခြင်တော်မူသည်မှာ “တကျောက်အိပ်လျှင် တကျိပ်အောက်၊ တကျိပ်အောက်လျှင် ကိုးယောက်၊ ကောက်ရိုးဖြစ်သည်” ဟု မိန့်တော်မူရာ “ရှင်မဟာရဋ္ဌသာရထံ ကောက်ရိုးယူသွားလေ” ဟု မိန့်တော်မူသည့် အကြောင်းကို ပြန်လျှောက်သည်။

**အမေး ။ ။** ထို့နောက် နေပြည်တော်ဆရာက “ရခွံ၊ ပုပ္ပံ၊ သုဝဏ္ဏတောင်းချေ” ဟု တပည့်ငယ်ကို ထပ်၍ စေလိုက်ပြန်သောကြောင့် ရှင်သီလဝံသကို လျှောက်တောင်းရာ

**အဖြေ ။ ။** “ရခွံ၊ ပြည်၊ ပုပ္ပံ၊ ပန်း၊ သုဝဏ္ဏ၊ ရွှေဖြစ်သည်” ဟု ဆင်ခြင်တော်မူ၍ ပေါင်းလိုက်သော် “ပြည်ပန်းရွှေကို ပေးလိုက်ပါ မောင်ရှင်တို့...” ဟု မိန့်ဆိုတော်မူကြောင်းကို ပြန်၍ ဆရာတော်ထံ လျှောက်ထားလေ၏။

**အမေး ။ ။** ထို့နောက် ရှင်မဟာရဋ္ဌသာရ ၎င်းကျောင်းနေ တပည့်ကိုစေလွှတ်၍ “ကုန်သည်လင်မယားကို သနားတော်မူလိုက်ပါ” ဟု တောင်တွင်းဆရာထံ လျှောက်တောင်းချေစေရာ

mgyoe.com

အဖြေ ။ ။ တောင်တွင်းဆရာ ပုဂ္ဂိုလ်ကျော်က ဆင်ခြင်တော် မူပြန်သည်မှာ "ကုန်သည်တို့ဘာဝ ယောကျ်ားမှာ ထမ်းသည်၊ မိန်းမမှာ ရွက်သည်ကို အစွဲပြု၍ ထမ်းရွက်ဖြစ်သည်" ဟု ယူဆတော်မူပြီးလျှင် ထန်းရွက်ကို ပေးလိုက်သည်။

အမေး ။ ။ ထို့နောက် တစ်ဖန် "မဏ္ဍူက ဇော်ဂဏီ ပေးလိုက်ပါတောင်းချေ" ဟု ၎င်း တပည့်ငယ်ကိုပင် စေတော်မူပြန်၏။

အဖြေ ။ ။ တပည့်လည်းရောက်၍ လျှောက်တောင်းရာ ရှင်မဟာသီလဝံသက "မဏ္ဍူက–ဘား(ဖား)၊ ဇော်ဂဏီ–စုန်း၊ နှစ်ပုဒ်ပေါင်းသော် ဘားစုန်း၊ ဘုဉ်းစား အဓိပ္ပာယ်ကိုသိသဖြင့် မိန့်ဆိုသည်မှာ "မင်းတို့ဆရာ ရှင်မဟာရဋ္ဌသာရကဲ့သို့ ကိုးကွယ်ပောင်းမဟုတ်၊ ကိုးကွယ်သစ်ဖြစ်၍ ဘုန်းစားစရာ မရှိပါကြောင်း" ကို မိန့်ဆိုလိုက်၏။ နေပြည်တော်ဆရာ ကျောင်းနေတပည့်ငယ်သည် ပြန်လျှောက်သည်နှင့် ရှင်မဟာရဋ္ဌသာရက နောက်တစ်ဖန် တပည့်ငယ်ကို စာရေး၍ပေးလိုက်သည်မှာ

အမေး ။ ။ "တော်သလင်းတွင်၊ လှေပွဲဆင်သည်၊ အလျှင်ရောက်က၊ ဆုခံရ။ ။ လေအောက်လေညာ၊ ခံစ ပါသည်၊ မြိုင်သာတောခန်းဝါ။ ။ မိုဃ်းမရွာခင်၊ ကျတ်တီးပြင်၊ အလျှင် ပပ်ကြားထ။ ။ လျှောက် မတင်ခင်၊ စရွေးတွင်၊ အလျှင် စွပ်လိုက်ပ။ ။ သူငယ်ဘော်များ၊ အန်ကစားလျက်၊ အစဉ်တက်သည်၊ ထွက်တက် တစ်လုံးသာ" ဟု ရေးသားတော်မူပြီးလျှင် ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော်ထံ စေလိုက်ပြန်၏။

အဖြေ ။ ။ စေလိုက်သည့်အတိုင်းရောက်၍ ရှင်မဟာသီလဝံသက ဆင်ခြင်တော်မူသည်မှာ... နေပြည်တော် ဆရာသည် စကားဝှက်၊ စကားကျနှင့် စေလိုက်ပေသည်။ တော်သလင်းတွင်၊ လှေပွဲဆင်သည်၊ အလျှင်ရောက်က၊ ဆုခံရ... ဆိုသည့် အရာ၌ (ဆု) တစ်လုံးကိုယူမည်၊ လေအောက်လေညာ၊ ခံစပါသည်၊ မြိုင်သာတောခန်းဝါ – ဆိုသည်မှာ (တောင်း) ကိုသာ ယူမည်၊ မိုးမရွာခင်၊ ကျတ်တီးပြင်၊ အလျှင် ပပ်ကြားထ – ဟူရာ၌ (ခန်း) တွင်သာယူမည်၊ လျှောက်မတင်ခင်၊ စရွေးတွင်၊ အလျှင်စွပ်လိုက်ပ – ဟူရာ၌ (ထုပ်) ကိုယူမည်၊ သူငယ်ဘော်များ၊ အန်ကစားလျက်၊ အစဉ်တက်သည်၊ ထွက်တက် တစ်လုံးသာလျှင် (ပါ) ကျ၏ – ဟူ၍ဆိုလိုသောကြောင့် စာကိုတစ်လုံးစီ စပ်၍ ယူသော် "ဆုတောင်းခန်းထုတ်ပါ" ဆိုကြောင်းကိုသိလျှင် စာတိုက်ပေါ်က ဆုတောင်းခန်းကို ထုတ်ပေးလိုက်သည်။

အမေး ။ ။ ထို့နောက် နေပြည်တော်ဆရာ ရှင်မဟာရဋ္ဌသာရသည် ဒုတိယမင်းခေါင်ထံ ဝက်သား၊ ကြက်သား၊ ကြက်သွန်များကို အလှူခံပြီးလျှင် အသီးသီး အွပ်သုံးလုံး

mgyee.com

နှင့် ထည့်၍ "ဝက်သားအုပ်မှာ ဝေဠောက္က, ကြက်သားအုပ်မှာ ဖျဋ္ဌေါက္က, ကြက်သွန်အုပ်မှာ ဒါသောက္က" ကမ္ဗည်းစာများကိုရေး၍ တပည့်တို့ကို တောင်တွင်းဆရာတော်ထံ လှူချေရမည်၊ အုပ်တွင် ကမ္ဗည်းစာ အဓိပ္ပာယ်ကို ဖော်ထုတ်နိုင်မှ လှူခဲ့၊ အဓိပ္ပာယ်နှင့် စေလိုက်၍ တောင်တွင်းဆရာတော် ရှင်မဟာသီလဝံသထံသို့ ရောက်လျှင် နေပြည်တော်ဆရာက မိန့်တော်မူတိုင်းကို လျှောက်ထားကြကုန်၏။

အဖြေ ။ ။ တောင်တွင်းဆရာတော်က "ဝေဠောက္ကမှာ ဝေဠူ-သြက္က ဟူ၍ ပုဒ်ဖြတ်တော်မူပြီးလျှင် ဝေဠူ၊ ဝါး၊ သြက္က၊ သက်၊ ဝါးသက်-ဝက်သား။ ဖျာဋ္ဌေါက္ကမှာ၊ ဖျဋ္ဌ-သြက္က ဟု ပုဒ်ဖြတ်တော်မူ၍ ဖျဋ္ဌ၊ ကျား၊ သြက္က၊ သက်... ကျားသက် - ကြက်သား။ ဒါသောက္ကမှာ ဒါသသြက္က ဟု ပုဒ်ဖြတ်တောက်မူ၍ ဒါသ၊ ကျွန်၊ သြက္က၊ သက်။ ကျွန်သက်-ကြက်သွန်" ဟု ဖော်ထုတ်တော်မူသောကြောင့် နေပြည်တော်ဆရာ၏ တပည့်ငယ်တို့ ရောက်သောကာလ အုပ်တွင် ကမ္ဗည်းစာ သရုပ်ကိုထုတ်ဖော်နိုင်သောကြောင့် လှူခဲ့ရကြောင်းကို လျှောက်ထားကြကုန်၏။

အမေး ။ ။ ထို့နောက် နေပြည်တော်ဆရာတော်ဘုရားက တောင်တွင်းဆရာတော်ဘုရားထံ "တစ်ပင်နှစ်ပင် တောင်းချေ" ဟု စေတော်မူပြန်လျှင် ၎င်းတပည့်ငယ်တို့သည် ဆရာမိန့်ချက်အတိုင်း တောင်တွင်းဆရာကို "တစ်ပင်နှစ်ပင် ပေးသနားတော်မူပါ" ဟု လျှောက်တောင်းကြလေ၏။

အဖြေ ။ ။ ရှင်မဟာသီလဝံသက ကြံသည်မှာ "တစ်ပင်နှစ်ပင်ပေါင်းသော် သုံးပင်ဖြစ်သည်၊ သုံးပင်ကို သင်ပုန်း" ဟု စကားဖို၊ စကားမ ရသည်နှင့်အညီ "သင်ပုန်းကိုပေးလိုက်ပါ မောင်ရှင်တို့..." ဟု မိန့်တော်မူသည်ကို ၎င်းတပည့်ငယ်တို့က ရှင်မဟာရဋ္ဌသာရထံ ပြန်လျှောက်သည်ကာလ တောင်တွင်းဆရာတော်သည် စကားဖို၊ စကားမ လောကစကားအစုံပါ ဖြစ်ပေသည်ဟု ဆင်ခြင်တော်မူလေသည်။

အမေး ။ ။ ထို့နောက် ရှင်မဟာသီလဝံသကို ရွှေကပြို့ နယ်ထိန်းမြေး ရှင်ထွေး၏သား နတ်ဝင်မျိုး ဖြစ်ကြောင်း စူးစမ်း မေးမြန်းတော်မူ၍ ရိပ်ခြည် သိရသောကြောင့် တောင်တွင်းဆရာ တပည့် ရှင်သာမဏေကို အရှင်ရဋ္ဌသာရက ဆိုတော်မူသည်မှာ... "ရှင်တို့ဆရာ နန္ဒင်းကြိုက်သည်ကို ထောက်လျှင် နတ်နှင့်နီးပေသည်" ဟု အမှတ်မဲ့ ပြက်ရယ်ပြုလိုက်သည်ကို မောင်ရှင်သာမဏေက ရှင်သီလဝံသကို လျှောက်ထားရာ ရှင်မဟာရဋ္ဌသာရ၏ ဇာတိမျိုးနွယ်ကို မသိ၍ ရှင်မဟာသီလဝံသက မြွေရှင်ငယ် တစ်ခုကို ကြုတ်နှင့် ထည့်ပြီးလျှင် မြွေရှင်တော် ဖြစ်သည် ကပ်ချေ

mgyee.com

ဟု… ဘိုးသူတော်ကိုခေါ်၍ မှာလိုက်သည်မှာ "မျိုးမည်ဇာတိကို ထုတ်ဖော်၍ ယောင်လိမ့်မည်၊ ယောင်သံကို မြဲမြဲမှတ်ခဲ့" ဟု မိန့်တော်မူလိုက်၏။

ဘိုးသူတော်လည်း ရှင်မဟာရဋ္ဌသာရထံသွား၍ ကြွတ်ကို မြွေရှင်တော်ပါ ဘုရားဟု လျှုလေ၏။ ရတ်တရက်ဖွင့်၍ရှုရာ မြွေကိုမြင်၍ လန့်သောကြောင့် "အိုရိုင်း…" ဟူသောအသံဖြင့် ယောင်တော်မူသည်နှင့် ဆင်ခြင်သည်မှာ ငါ၏ အမျိုးဇာတိကို သိလိုသောကြောင့် တောင်တွင်းဆရာက မြွေရှင်ငယ်နှင့် ဘိုးသူတော်အားစေ၍ စမ်းချေသည်၊ ငါလည်း အိုရိုင်း…ဟူ၍ ယောင်မိလေသည်ဟု ဆင်ခြင်ပြီးလျှင် "ဘိုးသူတော် … သင်တို့ တောင်တွင်းဆရာကို အိုရိုင်း…ဟူ၍ ယောင်သည်ကိုမပြောပါလေနှင့်" ဟု မိန့်တော်မူရာ ဘိုးသူတော်က "ယောင်သံကို ကြားရလျှင် ဇာတိမျိုးမည်ကို သိရလိမ့်မည်၊ မြွေရှင်ငယ်နှင့် စမ်းချေစေတော်မူသောကြောင့် အမှန်လျှောက်ရလိမ့်မည်ဘုရား" ဟုဆိုရာ…

အဖြေ ။ ။ ရှင်မဟာရဋ္ဌသာရက "သူတော်မိုက် … သင့်ဆရာလျှောက်လေ၊ အိုရိုင်း ဟူသောအသံသည်၊ တလိုင်းသံ ဖြစ်သည်၊ တလိုင်း၊ တလိုင်း၊ လိုင်းသည် မယ်ကာ၊ မမှတ်သာဘူး" ဟု ရှင်မဟာရဋ္ဌသာရက မိန့်ဆိုလိုက်သည်နှင့် ဘိုးသူတော်ပြန်လည်၍ လျှောက်သည်ကာလ ရှင်မဟာသီလဝံသက နေပြည်တော်ဆရာ ရှင်မဟာရဋ္ဌသာရသည် တလိုင်းမျိုးနွယ်ဇာတိ အစစ်ဖြစ်သည်ဟူ၍ သိတော်မူရ၏။

အမေး ။ ။ ထို့နောက် တောင်တွင်း ဆရာတော်ဘုရားက မိဘရပ်ရွာကို ရုံဖန်ကြွသွားတော်မူသည်။ ပြန်ရောက်တော်မူသည်ကာလ သံဃာတော် လေးရာကျော်ငါးရာခန့် ပရိသတ်အလယ်၌ တောင်တွင်း ဆရာတော် ရောက်စဖြစ်၍ ဆရာတော်နှစ်ပါး မာကြောင်း သာကြောင်းများကို နှုတ်ခွန်းဆက်သ ပြောဆိုကြပြီးလျှင် ရှင်မဟာရဋ္ဌသာရက "တောင်တွင်းဆရာ … တောင်တွင်းကြီးမှာ ငှက်ပျော၊ အုန်း၊ ကြံ၊ ဥယျာဉ်ပန်းမန် စည်ကားပါ၏လော" ဟု နတ်ဝင်တို့၏ အသုံးအဆောင်ကို ယှဉ်စပ်၍ မေးသည်ကာလ…

အဖြေ ။ ။ တောင်တွင်းဆရာက မိန့်ဆိုသည်မှာ "ငှက်ပျော၊ အုန်း၊ ကြံ၊ ဥယျာဉ်ပန်းမန် စည်ကားငြားသော်လည်း ဆင်ထိန်းတို့သည် ဆင်ကို လွှတ်ထားသောကြောင့် ဆင်များ ဖျက်ဆီးပါသည်" ဟု မိန့်တော်မူသည်။

အမေး ။ ။ ထို့နောက် ရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်က "တောင်တွင်းဆရာ နှမရင်းချာ မွေးပေါက်ဖော်သည် မည်မျှရှိပါသနည်း" ဟုမေးတော်မူလျှင်…

အဖြေ ။ ။ ရှင်မဟာ သီလဝံသက ဆင်ခြင်သည်မှာ ငါ၏ ရှုပကာယ အဆင်း

mgyoe.com

mgyoe.com
သဇ္ဈာန် ရုပ်ရည် ညှံ့သကဲ့သို့ သားချင်းပေါက်ဖော် ညှံ့ချေက အိမ်ထောက်ဖက် မရရာတကားဟု နေပြည်တော်ဆရာသည် အတွေးရောက်သောကြောင့် မေးချေသည်ဟု သိတော်မူ၍ ရှင်မဟာသီလဝံသက "ကျွန်ုပ်မှာမူ နှမငယ်တစ်ယောက်သာ ရှိပါသည်၊ ရှိသောသူလည်း အိမ်ထောင်ကျ၍ ယခုနောက်မှာ အလုပ်အကျွေးပါသောသူသည် တူငယ်ဖြစ်ပါသည်" ဟု မိန့်တော်မူသည်။ သံဃာ၊ လူပရိသတ်တို့ကလည်း ဆရာတော်နှစ်ပါး မေးဖြေကြသည်ကို အံ့သြကြကုန်၏။

အမေး ။ ။ ထို့နောက် နေပြည်တော် ဆရာ ရှင်မဟာရဋ္ဌသာရက ဆင်ခြင်တော်မူသည်မှာ "တောင်တွင်းဆရာ ရှင်မဟာသီလဝံသသည် ဗုဒ္ဓဝင်သုမေဓ ကထာကျမ်းများကို အမှီပြု၍ ပါရမီခန်း၊ ဆုတောင်းခန်း၊ ကဗျာနှစ်စောင် စီကုံး ထုတ်နုတ်ပေသည်။ ငါနေပြည်တော်ဆရာမှာလည်း ဘူရိဒတ် ဇာတ်ပေါင်းလင်္ကာ ဥဒ္ဒေသနည်းအားဖြင့် အကျဉ်း စီရင်တော်မူသည်၊ ဘူရိဒတ်ဇာတ်တော်၏ အရ အဓိပ္ပာယ် အကျယ် နိဒ္ဒေသ သရုပ်ကို ထုတ်နုတ်၍ ကဗျာ လင်္ကာတော်ကြီး စီရင်မည်" ဟု ရွှေမျဉ်းစာကို တပည့်ငယ်တို့အား ဆောင်ရွက်စေ၍ ကျောင်းတော်က ဥမင်ရွှေဂူအတွင်းသို့ နေပြည်တော်ဆရာ ကြွတော်မူသည်နှင့် ရှင်မဟာသီလဝံသ ဆရာတော်၏ ဝတ္ထုကံသိမ်၌ ဘိုးသူတော်နှင့် လမ်းခရီးတွင် တွေ့ကြုံကြ၍ ဘိုးသူတော်က "ဆရာတော်အရှင်မြတ်ဘုရား ... အရှင်မြတ်သည် တပည့်သားများနှင့်တကွမည်သည့်ဒေသကို ကြွတော်မူမည်နည်း" ဟု လျှောက်ရာ ရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်က "ဘိုးသူတော် ဘောဂဝတီနဂါးပြည်သို့ ငါကြွတော်မူမည်" ဟု မိန့်တော်မူရာ ဘိုးသူတော်လည်း ကျောင်းတော်သို့ ပြန်လည်၍ တောင်တွင်းဆရာတော်ဘုရားအား လျှောက်ထားသည်မှာ "နေပြည်တော်ဆရာ အရှင်မဟာရဋ္ဌသာရကို လမ်းခရီး၌ တွေ့ကြုံကြ၍ မေးလျှောက်ရာ ဘောဂဝတီ နဂါးပြည်သို့ သွားမည်ဟု အမိန့်ရှိပါကြောင်း" များကို လျှောက်ထားလေ၏။

လျှောက်ထားသံကိုကြားရလျှင် ရှင်မဟာသီလဝံသက ဆင်ခြင်တော်မူသည်မှာ "နေပြည်တော်ဆရာသည် ဘူရိဒတ်ဇာတ်တော် နိဒ္ဒေသကို အမှီပြု၍ လင်္ကာထုတ်နုတ် လုပ်ပြန်ခဲ့ပြီတကား" ဟု ဆင်ခြင်၍ ဘိုးသူတော်အား မိန့်တော်မူသည်မှာ "စာစီကုံးရာအချိန်ရောက်၍ ကျောင်းတော်သို့ ပြန်ချိန်ကျသောအခါကာလ လမ်းခရီးက နေပြည်တော် ဆရာရှင်မဟာရဋ္ဌသာရကို တွေ့အောင် စောင့်၍ လျှောက်ရမည်မှာ... ကိုယ်တော်ဘုရား ... ဘောဂဝတီ နဂါးပြည်က ပြန်ကြွတော်မူခဲ့ပေသလောဟု လျှောက်မေးရာ၌ ပြန်ကြွခဲ့သည်ဟု မိန့်တော်မူလျှင် ဓတရဋ္ဌ

mgyoe.com

mgyoe.com

နဂါးမင်းနှင့် သုမဒ္ဒဇာဒေဝီ မဟေသီ နှစ်ဖော် ရင်နှစ်ဖြစ်တော်မူသော သားတော် အငယ် မောင်ကာဏာရိဋ္ဌသည် လကျ်ာ လက်ဝဲနှစ်ကွဲ နှစ်ဝ နှစ်ဌာနမှာ အဘယ် မျက်စိ ကန်းပေသနည်းဟု လျှောက်မေးချေရမည်" စေတော်မူလိုက်၏၊ ဘိုးသူတော် လည်း လမ်းခရီးကစောင့်နေ၍ နေပြည်တော်ဆရာအား ရှင်မဟာ သီလဝံသ မိန့်ချက်အတိုင်း မေးလျှောက်လေ၏။

အဖြေ ။ ။ ရှင်မဟာရဋ္ဌသာရက ဆင်ခြင်တော်မူသည်မှာ... မေးချက်အကြောင်း ကောင်းကောင်း ရိုးရိုး မဟုတ်ရာ၊ တောင်တွင်းဆရာ ရှင်မဟာသီလဝံသပုဂ္ဂိုလ် ကျော်က ပြသ သင်ဆိုလိုက်သည့် စကားဖြစ်မည်၊ ဘူရိဒတ်ဇာတ်တော်မှာလည်း ကာဏာရိဋ္ဌသဒ္ဒါကို ကန်းသည်ကိုသာ ဇာတ်တော် အဋ္ဌကထာ လာရှိခဲ့သည်၊ လကျ်ာ လက်ဝဲကွဲပြားခြားနား၍ မဆို၊ ငါလည်း သီလလေးပါး၊ အာပတ်ခုနစ်ပုံ၊ သိက္ခာပုဒ်တော် နှစ်ရာကျော် ဆောက်တည်ထိန်းသိမ်း၍ တရားသဖြင့် ကျင့်သော ပုဂ္ဂိုလ်ဖြစ်သည်၊ လကျ်ာ၊ လက်ဝဲခြားနား၍ ကန်းသည် မကန်းသည်ကို ကွဲပြား အောင် ပြောဆိုချေက မုသားဂတိ စွန်းငြိတော့မည်ဖြစ်သည်ဟု ဆင်ခြင်ပြီးလျှင် "တကာဘိုးသူတော် ... ဘောဂဝတီ နဂါးပြည်သို့ ရောက်ငြားသော်လည်း သမုဒ္ဒဇာ ဒေဝီ မဟေသီသည် သားတော် မောင်ကာဏာရိဋ္ဌနှင့် စံပယ်၍ နေကြရာ ရဟန်းတို့ ဝင်ထွက်ရောက်ပေါက်ရာ အရာ မဟုတ်သောကြောင့် မိန်းမဆောင်ကို မဝင်ခဲ့ပေ တကား" ဟု မိန့်တော်မူ၏။

× × ×

## ရှင်မဟာရဋ္ဌသာရ စိတ်မာန်လျှော့ခြင်း

နေပြည်တော် ဆရာရှင် ရှင်ဋ္ဌသာရကို ကာဏာရိဋ္ဌ လကျ်ာကန်းသည်၊ လက်ဝဲကန်း သည် ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော်က ဘိုးသူတော်ကို စေ၍ မေးလျှောက်စေခိုင်းရာ၌ ရဟန်းရှင်လူပရိသတ်တို့က နေပြည်တော်ဆရာကို ကဲ့ရဲ့ရှုတ်ချပြောဆိုကြသည်နှင့် ဦးချို ကျိုးသော နွား၏ဥပမာ၊ အစွယ်ကျွတ်သော ဆင်၏ဥပမာကဲ့သို့ နှလုံး မကြည်မသက် ရှိတော်မူသည်နှင့်အညီ အဝနေပြည်တော်တွင် သီတင်းသုံးခြင်းကိုဖယ်ကြဉ်၍ ကြွတော်မူ လိုသောကြောင့် သပ္ပရိသူပနိဿယ သူတော်ကောင်းတို့နှင့် ပေါင်းဖော်၍ သန္တိ၊ သိန္နတရား၌ ငါမွေ့လျော် စည်းဝေး ကျင့်လိုသည်ဟု ဆင်ခြင်တော်မူပြီးလျှင် ၎င်းညဉ့် ကျိန်းတော်မူသော အခါ "ထူပါရုံ ဘုရားရင်ပြင်တော်တွင် ဘုရားလောင်း လာလိမ့်မည်" ဟု ကြီးစွာသော မဟာသုပိန အိပ်မက်ကို မြင်မက်တော်မူ၍ ရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်သည် ဝမ်းမြောက်

mgyoe.com

mgyoe.com
ဝမ်းသာနှင့် ထူပါရုံစေတီတော်တွင်းသို့ နံနက်စောစောကြွသွားတော်မူ၍ ဘုရားပူဇော်ပြီးလျှင် နေတော်မူရာ တောင်တွင်းဆရာ ရှင်မဟာသီလဝံသသည် ကြာ ငါးလက်နှင့် အရှေ့မုခ်က ရင်ပြင်တွင်းသို့ကြွတော်မူလာသည်ကိုမြင်လျှင် ရှင်မဟာရဋ္ဌသာရက "ဘုရားလောင်းဟူ၍ အိပ်မက်ကြီးစွာ မြင်တော်မူခြင်းသည် သူတစ်ပါးမဟုတ် ငါနှင့်တရားစကား စစ်ထိုး၍ မေးမြန်းပြောဆိုသူ ရှင်မဟာ သီလဝံသ ပုဂ္ဂိုလ်ဖြစ်သည်" ဟု ဆင်ခြင်၍ ဘုရားကိုပူဇော် ပြီးလျှင် ကျောင်းသို့ ပြန်ကြွတော်မူလေ၏။

ထို့နောက် တစ်ညဉ့်တိုင် ရောက်သည်ကာလ သာသနမူလဘူတ တည်ထွန်းတော် မူရာ ရတနာပုရ အဝနေပြည်တော်က တစ်ပါးသော မြို့ရွာဒေသသို့ ကြွတော်မူဦးတော့ မည်၊ သံဃာလူသူပရိသတ်တို့အား မကောင်းဆိုမိ၊ မကောင်းပြောမိ ဒေါသမကင်းရှိမည် ဟု ထင်မှတ်တော်မူ၍ တပည့်နှစ်ဆယ်ကျော်၊ သုံးဆယ်ခန့်တို့နှင့် သာသနာ့ ဒါယကာ ရေမြေ့ရှင်ကို မပန်မကြား ဧရာဝတီမြစ်ကို လှော်လှေနှင့် ရေကြောင်းစုန်၍ ကြွတော်မူရာ ဒုတိယမင်းခေါင်ကြီးသည် ပိဋကတ်တော် တစ်ပုံအောက်သို့ စုန်မျောကြောင်းကို အိပ်မက် ကြီးစွာ မြင်မက်တော်မူသည်နှင့် အသီးသီး သိတင်းသုံးတော်မူသော ဆရာတော်တို့အား စုံစမ်းစေခဲ့ရာ နေပြည်တော် ဆရာ ရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်သူမြတ်သည် ညဉ့်အချိန်မှဲ့ ရေကြောင်းစုန်၍ ကြွတော်မူကြောင်းကို ကြားသိတော်မူရလျှင် မှူးတော်မတ်တော်တို့အား မိန့်တော်မူသည်မှာ "ငါ့ဆရာသည် နေပြည်တော်က မကြွသင့်၊ မပန်ကြားဘဲ ကြွသွားတော် မူသည်မှာ အကြောင်းတစ်စုံတစ်ခုရှိရာသည်၊ လှေလျင်နှင့် အပြင်းလိုက်၍ ပင့်ကြရမည်" ဟု မိန့်တော်မူသောကြောင့် ဧရာဝတီမြစ်ကို အပြင်းစုန်၍ လိုက်ကြရာ ပေါက္ကံမြို့၌ ဆရာတော်ကိုတွေ့မိ၍ "သာသနာ့ ဒါယကာ အရှင်မင်းမြတ်သည် ရွှေနန်းပေါ်မှာ ပူဆွေးခြင်း ပြင်းစွာနှင့် ရှိပါသည်၊ ရတနာပုရ အဝနေပြည်တော်သို့ ပြန်ကြွတော်မူပါမည့်အကြောင်း" ကို ပင့်လျှောက်ကြကုန်၏။

ပင့်လျှောက်ငြားသော်လည်း "တကာတို့ ... ငါမပြန် မကြွလို၊ ရွှေဆံတော်စေတီကို ပူဇော်လိုသေးသည်" ဟု မိန့်တော်မူပြီးလျှင် သရေခေတ္တရာပြည်မြို့သို့ စုန်တော်မူ၍ ရွှေဆံတော်စေတီရင်ပြင်မှာ မြို့သူမြို့သား ပရိသတ်များစွာတို့က လေးထပ် ရွှေကျောင်းကို ဆောက်လုပ် လှူဒါန်းပြီးလျှင် နေပြည်တော်ဆရာ ရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်သည် သံဃာတော်တို့၏ အဓိပတိ အာစရိယ ဆရာကြီးပြု၍ ဩဝါဒပေးတော်မူရာကို နာခံကြ ကုန်သည်။ ထိုမှတစ်ပါး နေပြည်တော်ဆရာ ရှင်မဟာရဋ္ဌသာရသည် ကိုးခန်းလင်္ကာကို စစ်ကိုင်းမြို့က စီကုံးတော်မူ၍ ပုရပိုက်ထဲ၌ အက္ခရာပါသည်ကို သရေခေတ္တရာ ပြည်မြို့ သို့ ကူးရောက်တော်မူမှ ရွှေမျဉ်းနှင့်တကွ ပေထက်အက္ခရာတင်တော်မူသည်။ "ကျွမ်းဂန်
mgyoe.com

mgyoe.com
စာပေကို တတ်မြောက်သောအရာဖြင့် နှိုင်းချင့်စရာရှိသည်ဟု... ပညာမုန်ယို အရွယ်ပျိုက မဆိုစလောက် အနည်းငယ် မာန်စောင်မြောက်၍ နှုတ်ငေါက်လွန်မိ ဒေါသပင်ရှိသော်လည်း နောက်ပြီးတစ်ခါရှိသေစွာဖြင့် ဤစာ ကိုးခန်းတည်းဟူသော ပုလဲပန်းကုံးဖြင့် စိတ်မာန်ကို လျှော့၍ ကန်တော့လိုက်ပါသည်၊ လေးမြတ်စွာ ချစ်ခင်၍ အရှင်တကာသည် သည်းခံတော်မူကြပါ" ဟူ၍ ကိုးခန်းလင်္ကာနိဂုံးတွင် –

သကဒဗ္ဗ၊ စသည် ငါးချက်၊ အနက်ပဝတ္တ၊ သာမညဖြင့်၊ ဘာဝ သမ္ဗန်၊ ခြောက်တန်ကာရက၊ ဝစ္စရှစ်ထွေ၊ ဝိသေသန၊ နေယျနိုတတ်၊ သင့်ဆုံးဖြတ်၍ သမာသ်တဒ္ဓိုတ်၊ အာချာတ်ကြိုတ်ဟု၊ လေးပုဒ်ဝါစက၊ မုချဥပစာ၊ သဒ္ဒါလက်သုံး၊ ကျမ်းရိုးထုံးကို၊ သိရုံးသိးပွင့်၊ တူယှဉ်မြင့် သော်၊ ငါနှင့်ငါသာ၊ နှိုင်းစရာဟု၊ ပညာမုန်ယို၊ အရွယ်ပျိုက၊ မဆို စလောက်၊ မာန်စောင်မြောက်၍၊ နှုတ်ငေါက်လွန်မိ၊ ဒေါသရှိလည်း၊ နောက်ပြီးတစ်ခါ၊ ရိုသေစွာလျှင်၊ ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ် ကြမ်းမာန်လျှော့၊ ကျွန်ကန်တော့၏၊ မပေါ့ချစ်ခင်၊ သားနှယ်ကြင်၍၊ အရှင်တကာ၊ သည်းခံပါလော့၊ မေတ္တာမသွေ၊ မုန်းတုံ့ဖြေသည်။ ။ မျက်ပြေသူတော် ကျင့်ဟောင်းတည်း။

ဟူ၍ စပ်ဆိုတော်မူသည်။

သက် တစ်ရာလျှင်၊ ခန္ဓာ မြင့်ရှည်၊ တည်စိမ့်သောကြောင်း၊ ရေချမ်းလောင်း၍၊ ဆုတောင်း တုံ့တုံ့၊ မေတ္တာ ရုံ့လျက်၊ သုံးပုံ့ ကျမ်းခဲ၊ သင်အံပွဲ၌၊ စွမ်းရဲအောင်မြင်၊ လက်ရုံးအင်ဖြင့်၊ နတ်ရှင်ကိုးစား၊ တရား မှုထမ်း၊ ငယ်ကျွမ်းဆရာ၊ ရဋ္ဌသာလျှင်၊ သစ္စာဓိဋ္ဌာန်၊ ဟုတ်တိုင်းပြန် လျက်၊ ကျော်ဇုန်တိုင်ကြား၊ မှန်စကားဖြင့်၊ ထင်ရှား သာသနာ၊ ယခု ခါဝယ်၊ သမ္မာနတ်မွန်၊ စောင့်သည်မှန်ဟု၊ ပုန်ကန် မှောင့်ရောင့်၊ ရန်သူ ကြောင့်တည့်၊ နှောင့်နှောင့်ယှက်ယှက်၊ အာရုံကွက်၍၊ ဖိုလ်မဂ်ကျွတ် ဖို့၊ သူမြတ်တို့လည်း၊ သမ်းမို့ ကမ္ဘဋ္ဌာန်း၊ စိတ် မလမ်းခဲ့၊ ရဟန်းရှင်လူ၊ လောင်ဆူ ဘတ်ဘတ်၊ ဤဥပဒ်ကို၊ ဖျန်းဆွတ်သည်းစွာ၊ မိုဃ်းကြီးရွာ သို့၊ စကြဝဠာတစ်သောင်း၊ နတ်ပေါင်းတစ်စု၊ စည်းဝေးပြုသည်။ ။ ငြိမ်းမှု ဘန်ဘန် ဆင့်ဆင့်တည်း။

ဆင်ကောင်း ကျောက်ဆည်၊ ရေကြည်စီးရာ၊ ရှေ့မျက်နှာမှ၊ တောင်မှာတမူ၊ တောင်ငူ တောင်တွင်း၊ ချင်းတွင်း ပတ်ခြံ၊ ဖိုးခံ

mgyoe.com

အနောက်၊ မြောက်မှစုံးစုံး၊ မြေတူး ထန်းတပင်၊ ပန်းပြင် ဒီပဲယင်း၊ ကောင်းစင်း သညာ၊ အကြေမှာလည်း၊ သာယာဝတီ၊ ဌာနီမခြား၊ ဤတစ်လွှားကို၊ တိုင်းကားဖြန့်အုပ်၊ စိုးချုပ် တည်ထောင်၊ ကုန်းဘောင် တစ်လျှောက်၊ ရပ်စောက် ကျယ်ဝင်း၊ မိုးညှင်းကလေး၊ ခွန်ပေးဆက်ရိုး၊ တစ်မျိုး တစ်နွယ်၊ ထားဝယ် တလိုင်း၊ စည်တိုင်း ခရိုင်၊ စိုးပိုင် ရှေးသော်၊ ဘေးလောင်းတော်တို့၊ ကောင်းကျော် စကား၊ ကယ်မှန်ကြားမူ၊ လုံထား မထောင်၊ မျက်တောင်မရှက်၊ ရဲမက်မပန်း၊ နေဆန်းနေပါ၊ ချစ်မေတ္တာ ဖြင့်၊ ဝင်လာသူပုန်၊ တိမ်းသတ်ကုန်လျက်၊ လျင်ဟုန်မြစ်ဝ၊ မီးပွား ကျသို့၊ တေဇ ရှန်းရှန်း၊ နတ်ရှင် ဘုန်းကြောင့်၊ မြူနှုန်း ပရမာ၊ ကြေမွ စွာသား၊ ရေးရာ တမူ၊ မဟူ လေကောင်း၊ လမ်းကြောင်း မအား၊ ယင်း တော်စားတို့၊ ရငြားပန်ဆင်၊ အရှင်ပင်ဟု၊ မြခွင် တတိုက်၊ ဝဲ မလိုက်သို့၊ ကျိုက်ကျိုက်ဆူမျှ၊ အားကြတုံတုံ၊ ချီးမွမ်းဟုံသည်။ ။ ဝန်းခြံရန်သူ တျင်းတျင်းတည်း။

မှတ်ချက်။ ။ "ရှင်မဟာ သီလဝံသ၊ ရှင်မဟာရဋ္ဌသာရ... အမေး အဖြေ" ကို အမျိုးသားစာကြည့်တိုက်တွင် ရှာဖွေ ရာ ပေမူနှစ်စောင် တွေ့ရသည်။

ပထမပေမူမှာ ပလ္လင်ချပ်တွင် "ရှင်သီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့၏ အတ္ထုပ္ပတ္တိ" ဟု ကမ္ပည်းထိုးထားသည်။ ပေထုပ်အမှတ် ၁၃၃၂ ဖြစ်သည်။ ၁၁ ကြောင်းရေး ပေဖြစ်ပြီး ချု မှ ဗျု အထိ ၁၄ ချပ် ရှိသည်။ လက်ရေး လက်သား လှပသန့်ရှင်းပြီး ပေ အခြေအနေကောင်းသည်။ 'သက္ကရာဇ် ၁၂၁၅ ခု၊ တပေါင်းလဆန်း ၅ ရက်နေ့ နေမဝင်မီ အချိန်တွင် ပြီးသည်' ဟု နိဂုံး ဆုတောင်းတွင် ပါသည်။ ကျမ်းရေးသူအမည်မပါ။ '၁၂၁၅ ခု၊ တပေါင်းလဆန်း ၅ ရက်' သည် ပေတွင်စာကူးပြီးသည့် နှစ်–လ–ရက်စွဲဟု ဧကန် မဆိုသာ။ မူလကျမ်းပြုပြီးသော နှစ်–လ–ရက်စွဲလောဟု စဉ်းစားနိုင်သည်။ သို့ဖြစ်၍ ဤကျမ်းစာပြုနှစ်ကို ၁၂၁၅ ဟု ရှေ့တွင်ပြထားပါသည်။

ကျန်ဒုတိယစာပေမူမှာ ပလ္လင်ချပ်တွင် 'ရှင်သီလဝံသ အမေးအဖြေ' ဟု ကမ္ပည်း ထိုးထားသည်။ ပေထုပ်အမှတ် ၁၃၃၁ ဖြစ်သည်။ ၁၀ ကြောင်းရေး ပေ ဖြစ်ပြီး က–မှ ခါ–အထိ ၁–အင်္ဂါ ၂ ချပ် ရှိသည်။ လက်ရေးညံ့သည်၊ မသေသပ်၊ ပေအခြေအနေ အတော်ပင် ညံ့သည်။ ရှေးဦးတွင် မြတ်စွာဘုရားအား ရှိခိုးပြီး အောင်ဆု တောင်းထားသည်။ ထို့နောက်မှ ကျမ်း စာကိုယ်လာရှိသည်၊ 'သက္ကရာဇ် ၁၂၃၂ ခု၊ သီတင်းကျွတ်လဆန်း ၁၁

mgyee.com

mgyoe.com
ရက်နေ့ တစ်ချက်တီးကျော်အချိန်တွင် ရှင်သီလဝံသကျမ်းကို ရေးကူး၍ ပြီးအောင်မြင်သည်။

'နိဗ္ဗာန ပစ္စယော ဟောတု၊ ပုဒိအာနှင့် ပြည့်စုံပါလို၏' ဟု အဆုံးသတ်ထားသည်။ ကျမ်းရေးသူအမည်မပါ၊ ဤမူမှာ '၁၂၃၂ ခု' တွင်မှ **'ရေးကူး'** ပြီးကြောင်းပြဆို၍ မူရင်းမဟုတ်၊ ထပ်ဆင့်ကူးဖြစ်ကြောင်းထင်ရှားသည်။

အထက်ကပြဆိုခဲ့သော ၁၂၁၅ ခု ရေးပြီးသောမူမှာ အစောဆုံးတွေ့ရသောမူဖြစ်သည်။ နိဂုံးတွင် **ရေးကူးသည်** ဟုမဆို၊ မည်သည့် နှစ်–လ–ရက်တွင် ပြီးကြောင်းကိုသာ ဆိုသည်။ ထိုထက်စောသောမူကို မတွေ့ရသေးမီအတွင်း ဤ ၁၂၁၅ ခု ရေးပြီးသောမူကိုပင် မူရင်းကျမ်းအဖြစ် ယာယီလက်ခံထားရန်ရှိသည်။

၁၂၃၂ ခု ရေးကူးပြီးသော မူပွားမှာ ကိုးခန်းပျို့နိဂုံး "သက္ကဒဇ္ဇ" ချီ အပိုဒ်တွင် 'အရှင်တကာ၊ သည်းခံပါ၏' ဟု အဆုံးသတ်လျက်ရှိသည်။

ပုံနှိပ်မူ ၃ စောင်တွေ့ရသည်။ ၁၂၈၅ ခုနှစ် ရန်ကုန်ဟံသာဝတီမူ၊ ၁၂၈၇ ခုနှစ် မန္တလေးမြို့ရှိ ရတနာသိဒ္ဓိပုံနှိပ်တိုက်မူနှင့် ၁၃၃၀ ပြည့်နှစ် ဟံသာဝတီမူတို့ ဖြစ်သည်။ ထိုစာအုပ်တွင်မူ ပထမနှိပ်ခြင်းအဖြစ် ၁၂၈၂ ခုဟု ပြသည်။ သို့သော် ရှေးဟံသာဝတီမူတွင် ၁၂၈၅ ခုနှစ်ဟု ပြသည်။

ဤ အမေး အဖြေ ကျမ်းတော်တွင် ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရ အတ္ထုပ္ပတ္တိတို့ ပါရှိသော်လည်း ဂန္ထဂရုဖြစ်အံ့စိုး၍ ချွင်းခဲ့ပါသည်။ ။

မြန်စာပြန့်

ပုံနှိပ်နှစ် – ၁၂၈၅

ဟံသာဝတီသတင်းစာပုံနှိပ်တိုက်

အမှတ် ၃၊ ၃၃–လမ်း၊ ရန်ကုန်။

✦✦✦

mgyoe.com

mgyoe.com

# ဟတ္ထိပါလပျို့မှာ

စာပြုသူ - မဟာသီရိဇေယသူ
စာပြုနှစ် - ၁၂၂၆

ရှင်ရဋ္ဌသာရ၊ ငယ်မည် မောင်မောက် ဆို၊ 'ဇာတိပုည၊ ဂုဏ်မာနဖြင့်' အစချီသည်။ သက္ကရာဇ် ၈၈၅-ခု၊ ရွှေနန်းကြော့ရှင် နန်းစံ ၂၂-နှစ်တွင် စီရင်ရေးသားပြီးသည့် ဟတ္ထိပါလ ပျို့၊ ၉-ကြောင်းရေး၊ က-စ ငါ-ဆုံး၊ ၄-အင်္ဂါ ၂-ချပ်ရှိသည်။ ။

ပြည်ဖွဲ့ မြို့ဖွဲ့ လင်္ကာ
ပုံနှိပ်နှစ် -

✦ ✦ ✦

(ပုံနှိပ်နှစ်မပါပါ။ တွေ့ရှိသောစာအုပ်မှာ ပုံနှိပ်မူမဟုတ်၊ စာကူးစက်ဖြင့် ရိုက်သောမူဖြစ်ပါသည်။)

mgyoe.com

 mgyoe.com


## ဘူရိဒတ်လင်္ကာဟူသည်

စာပြုသူ – မဟာသီရိဇေယသူ
စာပြုနှစ် – ၁၂၂၆၃

ရတနာပုရ အဝမြို့ကြီးလယ်တွင် သက္ကရာဇ် ၈၃၀–ပြည့်၊ ဘုရင် မဟာသီဟသူရ နန်းတက်သည့်နှစ်၊ ဗုဒ္ဓဟူးနေ့ဖွား ရှင်မဟာရဋ္ဌသာရ၊ ငယ်မည် ဦးမောက်၊ သူငယ်အဖြစ် ဆယ့်ခြောက်နှစ်အရွယ်ကဆို၊ 'သာကီယဟု၊ တေဇကျော်ဟိုး' အစချီသည်။ ၁၀–ကြောင်း ရေး၊ က–စ ငါး–ဆုံး၊ ၅–အင်္ဂါရှိသည်။ သက္ကရာဇ် ၈၄၆–ခု ဒုတိယမင်းခေါင် နန်းစံ ၄–နှစ်တွင် စီကုံး ရေးသားပြီးသည့် ဘူရိဒတ်လင်္ကာကြီး။ ။

ပြည့်ဖွဲ့မြို့ဖွဲ့လင်္ကာ
ပုံနှိပ်နှစ် –

✦✦✦

(ပုံနှိပ်နှစ်မပါပါ။ တွေ့ရှိသောစာအုပ်မှာ ပုံနှိပ်မှုမဟုတ်၊ စာကူးစက်ဖြင့် ရိုက်သောမှုဖြစ်ပါသည်။)

mgyoe.com

com


# သံဝရပျို့နှင့် ပတ်သက်၍

စာပြုသူ - မဟာသီရိဇေယသူ
စာပြုနှစ် - ၁၂၂၆

ရတနာပုရ အဝရွှေနန်းကြော့ရှင်လက် သက္ကရာဇ် ၈၈၆–ခု၊ မိုးညှင်းစလုံ စော်ဘွား၊ သရက်မြို့ တိုင်အောင် ချီလာ၍၊ ပုဂံမြို့ နရသီဟပတေ့၊ တရုတ်ပြေး၊ သားမွှာဘ၊ မင်း ခွေးချေး... လေးမည် တွင်သော မင်္ဂလာစေတီ ဒါယကာမင်း... တရုတ်စစ်သည် ရောက်လာ သောအခါ သရေခေတ္တရာမြို့သို့ စုန်သွားသည်။ နောက်ပုဂံမြို့သို့ ဆန်မည့်အခါ သားတော် သီဟသူ ဆေးခတ်၍ အနိစ္စ ရောက်သည်။ နောက် သားတော် သီဟသူ မင်းပြုလျှင် မြို့ပြ ထီးနန်း စိုက် ဆောက်တည်ထောင်မည်ဖြစ်သောကြောင့်၊ ပြေည့်ဆိုသူ မြို့ရာကြည့်ရှု ရှာဖွေစေသည် ကိုအစွဲပြု၍ ပြေည့်မြို့တွင်သည်။ အခွန့်ရှည်သဖြင့် ပြည်မြို့ဟု ခေါ်ဝေါ်ကြသော ပြည်ဘုရင် သတိုးမင်းစောနှင့် စလုံစော်ဘွားတို့ မိတ်ဖြစ်ကြသည်။ နောက် အဝမြို့ကို လုပ်ကြံရလျှင် ပြည်သတိုးမင်းစောအား အဝနန်းကို နှင်း၍ စလုံစော်ဘွား ပြန်သွားသည်။ အဝတွင် ၃– ရက်နေ၍ ရှင်ရဋ္ဌသာရကို ပင့်ဆောင်ပြီးလျှင် ပြည်မြို့သို့ စုန်တော်မူသည်။ သတိုးမင်းစော တွင် သားတော်အကြီးနော်ရထာကို သာယာဝတီမြို့ကို ပေးသည်။ ညီတော်အငယ် ဘုရင် ထွေးကား ခြေရင်းတော်မှာ မြဲရသည်။ သတိုးမင်းစော နတ်ရွာစံလျှင် ဘုရင်ထွေး မင်းပြု သည်။

ပြည်မြို့အရှေ့၊ တာတစ်ထောင်ကွာ အရပ်တွင် ခမည်းတော် သတိုးမင်းစော ကောင်းမှု မင်္ဂလာစေတီတော်အနီး သိမ်တော် ပိဋကတ်တိုက်တော် ဘုံ သုံးဆင့်ရှိသော ရွှေကူ ကျောင်းတော်ကိုဆောက်၍ ရှင်ရဋ္ဌသာရအား အခွန်တစ်ထောင်ထွက် ဥယျာဉ်နှစ်ရပ်ကို လှူတော်မူသည်။ ထိုရွှေကျောင်းတော်တွင် သီတင်းသုံးနေခိုက်၊ ဒါယကာတော်ဘုရင်ထွေး

mgyoe.com

နှင့် တူသည်ကို ရည်၍ ရှင်ရဋ္ဌသာရ၊ ငယ်မည်ဦးမောက်၊ သံဝရပျို့ကို စပ်ပြီးလျှင် ဒါယကာ ဘုရင်ထွေးသို့ ပေးအပ်တော် မူကြောင်းကို စာဟောင်း စာတမ်းများတွင် ထွက်ဆိုရှိသည် ဖြစ်၍ သက္ကရာဇ် ၈၉၁–ခု၊ ဝါဆိုလဆန်း ၁၁–ရက် ဗုဒ္ဓဟူးနေ့ စီကုံးရေးသားပြီးသည့် ‘ဇာတိဉာဏ်ခိုင်၊ တပင်တိုင်ဖြင့်’ အစရှိသည့် ၁၀–ကြောင်းရေး၊ က–စ ခါဆုံး၊ ၂–အင်္ဂါ ရှိသည့် သံဝရပျို့။ ။

ပြည်ဖွဲ့.မြို့ဖွဲ့.လင်္ကာ
ပုံနှိပ်နှစ် –

✦✦✦

(ပုံနှိပ်နှစ်မငါပါ၊ တွေ့ရှိသောစာအုပ်မှာ ပုံနှိပ်မူမဟုတ်၊ စာကူးစက်ဖြင့် ရိုက်သောမူဖြစ်ပါသည်။)

mgyoe.com

# ပါဒနက်သန် ရှိခိုးလင်္ကာ

စာပြုသူ - မဟာသီရိဇေယသူ
စာပြုနှစ် - ၁၂၅၀

သက္ကရာဇ် ၈၃၀–ပြည့်နှစ် နန်းတက်သော ပြည် စုန်မင်းလက် ပြည် စုန်မင်း နန်းတက်သည့်နှစ်ပင် ရတနာပုရ ရွှေဝမြို့ကြီးလယ်တွင် ဝါဆိုလ ဗုဒ္ဓဟူးနေ့ မွေးဖွားသော ငယ်မည် မောင်မောက်၊ ရဟန်းအမည် ရှင်ရဋ္ဌသာရ၊ တံဆိပ်မည် မဟာသံဃရာဇာလည်း...

"အတိုင်းမသိ၊ ကျေးဇူးရှိသည်၊ မုနိသကျ၊ ဂေါတမ၏၊
ပါဒမြတ်ကျော်၊ ဖဝါး တော်၌၊ ထွန်းပေါ် ကျစ်လျစ်၊ တစ်ရာ့ရှစ်ကို၊
စင်စစ်ကောင်းထွေ၊ လှည့်လည် ရေအံ့"

အစချီသည့် ပါဒနက်သန်ရှိခိုးလင်္ကာကိုလည်း စပ်ဆိုသည်။ ။

ပိဋကတ်သမိုင်းစာတမ်း
ပုံနှိပ်နှစ် – ၁၂၆၇
သုဓမ္မဝေတီ၊ ရန်ကုန်။

✦✦✦

mgyoe.com

# ငါ့စာကြည့်ပါ

စာပြုသူ - ရွှေမင်းဝံဆရာတော်
စာပြုနှစ် - ၁၂၅၄

ရှင်မဟာသီလဝံသကစ၍ ရှင်မဟာရဋ္ဌသာရသို့ ငါ့စာကိုကြည့်ပါဟု တောင်တွင်းလာမှာပါသည်။ ပါပုံကား –

ရှင်သီလဝံသ ကိုယ်တော်တိုင် ရေးသားသော တောင်တွင်းလာ အဖြေစေစေ ပါပါချီအပိုဒ်တွင် ရဋ္ဌသာရ၊ မှတ်ထ တွင်ခေါ်၊ ရှစ်ဖော် အင်္ဂါ၊ ညီစွာစုံလွန်၊ မြတ်ထေရ်မွန်ကို၊ ခန့်ရန် နားထောင်၊ ကြားသိ အောင်လျှင်၊ ပြုပေချင်မှု၊ ဉနှင့်ရုကို၊ မြန်မာဆိုကား၊ ရု ကို သဒ္ဒ၊ ဓာတ်ဖြင့် ပြ၏၊ ,,ဤကျော်ကြသံဝါ၊

ဟူ၍လာသည်။ ။ အဓိပ္ပာယ်ကား အလွန်ကျော်စောသည်ဟု သြဘာရသော ရှင်ရဋ္ဌသာရ ငါ့စာကိုကြည့်ပါဆိုသည်။

ကဗျာဗန္ဓသာရကျမ်း
ပုံနှိပ်နှစ်–၁၂၆၄
အမျိုးသား၊ ရန်ကုန်။

✦✦✦

mgyoe.com

mgyoe.com

# ရှင်မဟာရဋ္ဌသာရ အထ္ထုပ္ပတ္တိအကြောင်း

စာပြုသူ - သခင်ကိုယ်တော်မှိုင်း
စာပြုနှစ် - ၁၂၇၂

ငယ်မည် မောင်မောက်၊ ရဟန်းအမည် ရှင်မဟာရဋ္ဌသာရ၊ တံဆိပ် မဟာသံဃ ရာဇာ အမည်တော်ရှိသော ကဗျာအကျော်ပုဂ္ဂိုလ်တော်၏ အဖသည်ကား၊ ပုသိမ်မင်း မြေး၊ ရှင်စောပုတူ၊ ဓမ္မပါလအမတ်နှင့် သက္ကရာဇ် ၆၈၄–ခုနှစ်၊ စစ်ကိုင်းမြို့ဟောင်းတည် အသခ်ယာ စောယွန်းမင်း၏ မိဖုရားခေါင်ကြီး တွင်မြင်သော ရတနာထွတ်ခေါင် စေတီတော် ဒါယိကာမ စိုးမင်း ကိုယ်တော်ကြီးနှင့် တကောင်းမင်းရိုးဖြစ်သော သတိုးမင်း ထိမ်းမြားရာ တွင် ရတနာပုရအဝမြို့တည်၊ သတိုးမင်းဖျားကို ဖွားမြင်တော်မူသည်။ ထို သတိုးမင်းဖျား (အရီးတော်၏ မြစ်တော်ရင်း စောနန်းတို့)[၁] သင့်မြတ်ရာတွင် ပြည်စုန်ဘုရင် မဟာသီဟသူရ နန်းတက်နှစ် သက္ကရာဇ် ၈၃၀–ပြည့်တွင် အဝရွှေမြို့တော်၌ 'ရှင်မဟာရဋ္ဌသာရ' ကို ဖွားမြင် တော်မူသည်။

ထိုရှင်မဟာရဋ္ဌသာရကား ငါးနှစ်အရွယ်ကပင် မဟာဆွေတော် မျိုးတော်ချင်း ဖြစ်သော မင်းသား မင်းသမီးတို့နှင့် နန်းတော်ထက်မှာ ကဗျာလင်္ကာတို့ကို လေ့ကျက်၏။

ငင်းရှင်မဟာရဋ္ဌသာရ ဆယ်နှစ်ရွယ် ရှိသောအခါ အဖ ဖြစ်သော ဓမ္မပါလ အမတ်သည် နန်းတော်သို့ ခေါ်၍ဝင်ရာ ဒုတိယမင်းခေါင်၏ သမီးတော် သုံးပါးကို

---

၁။ ရန်အောင်မင်္ဂလာမူတွင် လက်သဲကွင်းထဲရှိ စကားရပ် မပါ။ ဤစကား ရပ်ကို တွေ့ရသည်။ "...တွင် စောဥမ္မာ၊ စောမင်းဖြူ၊ စောမင်းညို ဟူ၍ မိဖုရား ၃ ပါးရှိရာ စောမင်းညို၏ သမီးတော် စောနန်း၏ မြစ်တော်နှင့်..."

mgyoe.com

နားထွင်းမင်္ဂလာ သဘင် ဆင်ယင် ကျင်းပသောအခါနှင့် ကြုံကြိုက်သဖြင့် ဒုတိယမင်းခေါင်က ဓမ္မပါလအမတ်၊ ယခုအခါ ငါ၏သမီးတော် သုံးပါးကို နားထွင်းသောအခါဖြစ်၍ သုတိသြဘာ မင်္ဂလာရှိသော ပျို့ကဗျာလင်္ကာ ရတုစာများကိုဆိုရမည်ဟု အမိန့်တော်မြွက်မှတ်ရာတွင် သားဖြစ်သော ရှင်မဟာရဋ္ဌသာရက ဖခင်အစား ကျွန်တော်မျိုး ဆိုပါရစေဟု အောက်ပါ ကဗျာသုံးပုဒ်ကို ရုတ်တရက်ရှောင်တခင် ဆိုလေသည်မှာ...

**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်၊ နတ်သော်ပုံမယွင်း**

**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်၊ ရွှေလှော်သွန်းပုံဆင်း**

**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်၊ စန္ဒော် လ နှယ်ဝင်း**

ဤသို့လျှင် ရှင်မဟာရဋ္ဌသာရသည် အသက်အရွယ်နှင့်မတန် ကာရန်ဝါကျ ညီညွတ်စွာနှင့် စပ်ဆိုသည်မှာ၊ အဖဖြစ်သူ ဓမ္မပါလအမတ်က စာဆိုပညာရှိအမတ်ဖြစ်သည့်အပြင် ရွှေနန်းတော်ထက်၌ လေ့ကျက်ဖန်များသဖြင့် ကြားဖူးနားဝများလှသည်တစ်ကြောင်း၊ မိမိဇာတိပဋိသန္ဓေရင်းကပင် ထိုးထွင်းသော ဉာဏ်နှင့်[၁] ထက်သန်သော ပဋိဘာန်ရှိလှသော ပုဂ္ဂိုလ်ထူးဖြစ်သောကြောင့်တစ်ကြောင်းဟု မှတ်ရမည်။

၎င်းနောက် အသက် (၁၆) နှစ်အရွယ်သို့ ရောက်သောအခါ 'သာကီယဟု' ချီသော 'ဘုရိဒတ်လင်္ကာ' ကြီးကိုရေးသည်။ ၁၉ နှစ်အရွယ်သို့ ရောက်အခါ စစ်ကိုင်းသီဟိုဠ်ရောက် ဘုန်းတော်ကြီးထံတွင် ဆည်းကပ်၍ ပိဋကတ် သုံးပုံနှင့်တကွ ဝေဒတ္တယ ပါရဂူဖြစ်တော်မူသည်။

ထို့နောက် သက္ကရာဇ် ၈၅၅-ခုနှစ်တွင် 'သြဃာသဝ' ဟု ချီသော ဘူရိဒတ်ဇာတ်ပေါင်းပျို့ကို ရေးသားတော်မူသည်။

ထို့ပြင် ၈၆၃-ခုနှစ်တွင် ရွှေနန်းကြော့ရှင် နန်းတက်တော်မူရာ နန်းစံ ၂၂-နှစ်၊ သက္ကရာဇ် ၈၈၅-ခုနှစ် သက်တော် ၅၅-နှစ်တွင် 'ဇာတိပုည' ဟူသော... "ကိုးခန်းပျို့"၊ "စတုဓမ္မသာရပျို့"၊ "ဟတ္ထိပါလပျို့" ဟူသော အမည် သုံးပါးဖြင့် ထင်ရှားသော ဝိသတိနိပါတ် လာ... ဟတ္ထိပါလ ဇာတ်ကို ကဗျာဖွဲ့တော်မူလေ၏။

သက္ကရာဇ် ၈၆၇-ခုနှစ်အတွင်း ရှင်မဟာရဋ္ဌသာရ အသက်တော် ၃၇-နှစ်တွင် ယင်းတော်မြို့စား ငတုံးတာ၊ ရိုရှားမြို့စား ငပြည့်ဝတို့သည် တောင်ငူမင်း၊ ပြည်မင်းတို့ကို ချီပင့်၍ စလေမြို့ ပုံတောင်ကနေ၍ ပုန်ကန်သည်ကို အောင်မြင်တော်မူသောအခါ 'ပွင့်လော့ပြည်လုံး' ဟု ချီကာ 'ပုံတောင်နိုင် မော်ကွန်း' ကို စပ်ဆိုတော်မူသည်။

ထိုမှတစ်ပါးလည်း 'သုံးဆယ့်နှစ်ပါး' ချီ ရတနာပုရ အဝမြို့တော် 'တံတားဦး

၁။ ရန်အောင်မင်္ဂလာပုံနှိပ်တိုက်က ၁၉၅၅ ခုနှစ် ရိုက်နှိပ်သောမူတွင် နှင့် အစား ဖြစ်၍ ဟုပြသည်။

mgyoe.com

mgyoe.com


မင်္ဂလာစေတီကျောက်စာသမိုင်း' ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ဟောင်းမြောက်၊ ပဲပုံတောင်နှင့်တကွ သုံးဆယ့်ခုနစ်တောင် ရှိသော ဝတ်ရုံ တောင်ကြီးဖျားတွင် ဘုရားရှင် သက်န်းရုံတော်မူဟန်ကို ဌာပနာသည်နှင့် မနီးမဝေး သက်ကယ်မိုးဝါးကျောင်းကို ဝတ်ရုံကျောင်းတိုက်ဟူသောအမည်နှင့် ရွှေနန်းကြော့ရှင် ဘုရင်နရပတိ ဆောက်လှူသည့် 'မင်္ဂလာဇေတို' ချီ 'ဝတ်ရုံ ကျောင်းဘွဲ့မော်ကွန်း' ကို လည်းကောင်း၊ 'သုဝဏ္ဏပဘာ' ချီ မိန်းမဘွဲ့ လူပျိုပေး 'တောင့်တဲ့ တွန့်ရတု' သုံးပုဒ် ကိုလည်းကောင်း၊ 'အနုသာသန' ချီ 'ဂမ္ဘီသာရပျို့' ကိုလည်း စပ်ဆို တော်မူလေ၏။

တစ်ရံရောအခါ ဘုရင် နရပတိသည် နန်းတော်သစ် ဆောက်လုပ်ရာ ပြီးစီးအောင်မြင်၍ ရှင်မဟာရဋ္ဌသာရနှင့် ရှင်မဟာသီလဝံသကို ပင့်ခေါ်ပြီးလျှင် ပြိုင်ဆိုင်၍ 'နန်းဘွဲ့မော်ကွန်း' ရေးသားစီကုံးတော်မူကြပါဟု တောင်းပန်ရာတွင် ရှင်မဟာရဋ္ဌသာရသည် [၁]မဆိုဘဲ ကျောင်းသို့ ပြန်သွားလေသဖြင့် ဘုရင်နရပတိသည် အမျက်တော်ရှိလေ၏။ ထိုသို့ အမျက်တော်ရှိကြောင်းကို ရှင်မဟာရဋ္ဌသာရသိ၍ အောက်၌ ပါရှိသော လင်္ကာသုံးပုဒ်ကို ရေးသားဆက်သွင်းတော်မူလေ၏။

မျက်ဖြေလင်္ကာ သုံးပုဒ်ကား

(၁) ပီတိပြောဟုံ၊ ထိုသို့ တုံလျက်၊ ရွှေဘုံပွင့်နန်း၊ မြန်းသရော်က၊ ဤမျှလောက်အောင်၊ စာစောင်မဖွဲ့၊ မငဲ့မကွက်၊ မဆက်ပေဘဲ၊ နွဲ့သောထွေမူ၊ ရေမြေစိုးမှူး၊ စောရန်ငူးကို၊ ကျေးဇူးစကား၊ မဆိုအားခဲ့၊ နှစ်ပေါင်းလက်ရှက်၊ ပေါင်းဘက်တူကွ၊ ငယ်ကမွေ့လျော်၊ အောက်မေ့သော်မူ၊ လိုတော်ပြည့်ပြီး၊ မိုးရှိရှိကို၊ လှမ်းမိအံ့လို့၊ ထင်တုံမြို့ရှင့်၊ တချို့သသူ၊ မသိလူတို့၊ ပျူပျူငှာငှာ၊ လင်္ကာသွယ်ငင်၊ ကောက်ချင်စပ်ဆန်း၊ ရဟန်းမည်မည်၊ ထင်လိမ့်မည်ကို။ ။ ငံ့ဆည် လွန်တွေးတော၏တည်း။

(၂) ထိုနှင့်မတန်၊ စောဘုန်း သန်လျှင်၊ ယမန် သရော်၊ ရှုမျှော်တိုက်တွန်း၊ ဆိုရည်ညွန်းလျက်၊ ရွှေနန်းသိင်္ဂါ၊ ဖွဲ့ခြင်းရာကို၊ အကြာမင့်၊ ဆိုလျှင်းအံ့ဟု၊ တဲ့တဲ့ဝန္တံ၊ မခံတုံဘဲ၊ နွဲ့သည်တမူ၊ အကြောင်းဟူပိမ့်၊ ကြီးထူကြမ်းခိုင်၊ ဆင်လည်တိုင်ကို၊ ဖြတ်နိုင်လွှားလွှား၊ သံရှင်ထားသည်၊ သခွား မျှသာ၊ ဓားငယ်ရာကို၊ ဖြတ်ပါချေသော်၊ ဂုဏ်မပေါ်

[၁] ရန်အောင်မင်္ဂလာမူတွင် 'ရေးမည်ဟု ဝန်မခံဘဲ' ဟုရှိသည်။
mgyoe.com

သို့၊ မှုတော်ထမ်းလွယ်၊ ထိုထိုဝယ်၌၊ ခိုင်းပယ်တစ်ပါး၊ တတ်ကုန်ငြား လည်း၊ ထူးခြားမထင်၊ မှတ်စေချင်သည်။ ။ ပုံပြင်နှိုင်းသင့် မောဓ၏ တည်း။

(၃) ပဋိသန္ဓေ၊ ပညာထွေဖြင့်၊ ကြံလေသမျှ၊ မိုးကြိုးကျသို့၊ ဆိုကဖောက်ထွင်း၊ ထဲနက်ခြင်း၏၊ လျင်ပြင်းပညာ၊ ဆန်းလင်္ကာနှင့်၊ သဒ္ဒါ ပရမတ်၊ လောကဝတ်လည်း၊ ပတ်ပတ်လျင်လျား၊ ရဟတ်ခြားသို့၊ စကားချဲ့ချုံး၊ နှလုံးနှုတ်လျှာ၊ လိုတိုင်းပါသား၊ ပညာရောင်ဖိတ်၊ ပရောဟိတ်သို့၊ ကရဝိက်ဥဒေါင်း၊ ကျူးသံညောင်းကို၊ စောလောင်း ဘုန်းဝှန်၊ နာထိုက်တန်လျက်၊ ရွှေနန်းထက်ဝယ်၊ သားငှက်မြည်မြည်၊ တွန်လေသည်ကို။ ။ ချစ်ကြည် လွန်နှမြော၏တည်း။

ထို့နောက် သက္ကရာဇ် ၈၈၆–ခုနှစ်တွင် မိုးညှင်းစော်ဘွားစလုံသည် ပြည်မြို့ ဘုရင် ဆင်ဖြူရှင် သတိုးမင်းစောနှင့် တိုင်ပင်၍ အဝကို တိုက်ခိုက်ရာ ရွှေနန်းကြော့ရှင် ဘုရင်နရပတိ ရှုံး၍ ပြည်မြို့ဘုရင် ဆင်ဖြူရှင်သည် ရှင်မဟာရဋ္ဌသာရကို အမှူးပြု၍ ရဟန်း ပညာရှိ၊ လူပညာရှိတို့ကို ပြည်မြို့သို့ ပင့်ဆောင်သွားလေ၏။

ရှင်မဟာရဋ္ဌသာရ ပြည်မြို့သို့ရောက်လျှင် (၁) ပုထိုးကျောင်း၊ (၂) တောင်ခွင် ကျောင်း၊ (၃) မင်းတုန်းကျောင်း၊ (၄) နောက် သံဃရာဇာ ဟု သာသနာပိုင် ခန့်ထား၍ ရွှေဆံတော်ဘုရား မြောက်ဘက်တွင် ထီးဖြူရုံကျောင်းကြီး၊ (၅) တပြက်သာကျောင်းအား ဖြင့် ကျောင်းကြီး ငါးကျောင်းကို အလှူခံတော်မူသည်။ ထို့နောက်အဝတွင် မိုးညှင်းစော်ဘွား စလုံ၏သား သိုဟန်ဘွား နန်းတက်သောနှစ်၊ ပြည်မြို့တွင်လည်း ဆင်ဖြူရှင်နတ်ရွာစံ လွန်တော်မူ၍ သားတော်ဘုရင်ထွေး နန်းတက်တော်မူရာ ခမည်းတော်လက်ထက်က ကဲ့သို့ပင် ဆက်လက်ကြည်ညိုတော်မူသဖြင့် ပြည်မြို့နှင့် ရွှေတောင် မြို့စပ်ကြားတွင် အခွန် တစ်သောင်း ထွက်သော ဥယျာဉ်တော် ၂ ရပ်အတွင်း လေးမျက်နှာ တံတိုင်း မီးတားနှင့် တကွ ဆုတောင်းပြည့်ဘုရား၊ မင်္ဂလာစေတီတော်တန်ဆောင်း၊ ဓမ္မအိမ်သိမ်၊ အရံကျောင်း ပေါင်း များစွာဖြင့် နန်းတော်နှင့် ထပ်တူထပ်မျှ ရွှေကျောင်းကြီးကို ဆောက်လုပ်လှူဒါန်း တော်မူသည်။ ထိုဘုရင်ထွေး နန်းစံ ၄–နှစ်၊ သက္ကရာဇ် ၈၉၁–ခုနှစ်တွင် ဘုရင်ထွေး တောင်းပန်၍ ကောဒသ နိပါတ် သံဝရ ဇာတ်ကို 'ဇာတိဉာဏ်ခိုင်' ချီပြီးလျှင် ဘုရင်ထွေး သည် သံဝရမင်းသားနှင့် တူကြောင်းနှင့် သံဝရပျို့ကို စပ်ဆိုစီရင်တော်မူလေ၏။*

၎င်းနောက် သက္ကရာဇ် ၈၉၂–ခုနှစ်၊ သက်တော် ၆၂–နှစ်တွင် သောကြာ ကြယ် လ နှင့် နီးခြင်း၊ အနောက်မြောက် အရပ်က လေမုန်တိုင်းကြီးစွာ ကျခြင်းစသော အံ့ဖွယ်သရဲ

myanmargyoe.com

mgyoe.com

ထူးကဲသော တိတ်ကြီးနိမိတ်ကြီးတို့ဖြစ်လျက် သခ်ါရဝန်ကို မလွန်ဆန်နိုင်သည့် သဘော အတိုင်း စာရေးဆရာအများတို့ ဝတ်တွားကြည်ဖြူ တစ်ဆူပုထိုး နှင်းပန်းနိုးလျက် ခိုကိုးရာ ဖြစ်တော်မူသော ရှင်မဟာရဋ္ဌသာရပုဂ္ဂိုလ်ကျော် ပျံလွန်တော်မူလေသတည်း။

မှတ်ချက်။ ။ ထိုဆိုခဲ့ပြီးသော အခြင်းအရာများကား ထိုရှင်ရဋ္ဌသာရ ပုဂ္ဂိုလ်စပ်ဆိုတော်မူသည့် ပျို့ကဗျာလင်္ကာတို့၏ နိဒါန်း၊ နိဂုံးတို့၌ပါရှိသော စကားအစဉ် ကို အမျိုးမျိုးသော ရာဇဝင်သမိုင်း၊ သမိုင်းကျောက်စာတို့နှင့် တိုက်ဆိုင်၍ ပြခြင်းဖြစ်သည်။ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရ အတ္ထုပ္ပတ္တိ၊ ရှင်မဟာရဋ္ဌသာရနှင့် ရှင်မဟာ သီလဝံသ စာတမ်းခေါ် အချို့သော စာငယ်စာသိမ် စာလိမ် စာနုပ်ကလေးများ၌ကား ရှင်မဟာရဋ္ဌသာရ၏အကြောင်းကို ကောင်းကောင်းကြီး မသိသော သဘောဖြင့် သူပြော ငါပြောနှင့်ပင် ထိုအရှင်နှစ်ပါးသည် ပျို့ကဗျာလင်္ကာများကို ပြိုင်၍ရေးကြရာတွင် ရှင်မဟာ ရဋ္ဌသာရ ရှုံး၍ ကြီးစွာ အရှက်ရလျက် အင်းဝ ဘုရင်ထံ ခွင့် မပန်ကြားဘဲ ညတွင်းချင်းပင် တပည့်လက်သားအနည်းငယ်နှင့် လှေဖြင့် ပြည်မြို့သို့ ထွက်ပြေးကြောင်း ရေးသားကြ သည်မှာ လွန်စွာ မှားယွင်းသောအချက်ကြီးပေတည်း။ ။

ကဗျာသာရတ္ထသင်္ဂြိုဟ်

ပုံနှိပ်နှစ် — ၁၂၈၂

ဘားမားမှုဆလင်ပုံနှိပ်တိုက်၊ ရန်ကုန်။

✦✦✦

---

၁။ ရန်အောင်မင်္ဂလာမှုတွင် ဤစာပိုဒ်ကို တွေ့ရသည်။ ဤမှ တစ်ပါးလည်း ပြည်မြို့တွင် ထင်ရှား ကျော်စောသော ဝံတောင်လယ် ဘုန်းတော်ကြီးနှင့် အမေးအဖြေရတုတို့ကို များစွာရေးသား တော်မူလေသည်။

mgyoe.com

mgyoe.com

# ရှင်ရဋ္ဌသာရအကြောင်း

စာပြုသူ - ဦးကျော်ထွန်း
စာပြုနှစ် - ၂၃၇၉

ရှင်မဟာရဋ္ဌသာရသည် အဝမြို့တွင် သက္ကရာဇ် ၈၃၀–ပြည့်နှစ်ဖွား၊ ငယ်မည် မောင်မောက် ဖြစ်သည်။ ၎င်း၏ခမည်းတော်ကား... ဟံသာဝတီတွင်မင်းပြုသော ရှင်စောပု၏ တူသမက် ဖြစ်သော ပုသိမ်မြို့စား၊ ဗညားအိမ်၏မြေးတည်း။ မယ်တော်ကား အဝမြို့တည် သတိုးမင်းဖျား သမီးတော်၏ မြစ်တည်း။

နန်းတော်ပေါ်၌ ကြီးပြင်းရ၍ အရွယ်ရောက်လတ်သော် စစ်ကိုင်းမြို့ သီဟိုဠ်ရောက် ဘုန်းတော်ကြီးစသည်တို့၏ အထံ၌ ပညာသင် ကြား၍ စာပေတတ်မြောက်သည်။ အသက် (၁၂) နှစ်တိုင်ရောက်လျှင် မင်္ဂလာစေတီ တံတားဦးတည် မော်ကွန်းကို စပ်ဆိုသည်။ အသက် (၁၆) နှစ်တွင် ဘူရိဒတ် ပျို့လင်္ကာကို၊ ရဟန်းပြုပြီးနောက် အသက် ၂၆–နှစ်တွင် ၎င်း ဇာတ်ပေါင်းပျို့ကို၊ အသက် ၅၅–နှစ် တွင် စတုဓမ္မသာရ ကိုးခန်းပျို့ကို ဆိုသည်။

ပုံတောင်နိုင်မော်ကွန်း၊ ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း၊ ဂမ္ဘီသာရပျို့များကိုလည်း ရွှေနန်းကြော့ရှင် လက်ထက် ဆိုသည်။

အင်းဝပျက်၍ ပြည်မြို့သို့ရောက်ရာ အသက် ၅၈–နှစ်တွင် ကိုးခန်းပျို့နိဂုံးကို စပ်ဆိုသည်။ အသက် ၆၁–နှစ်မှာ သံဝရပျို့ကို ဘုရင်ထွေး လက်ထက်စပ်ဆိုသည်။ အသက် ၆၂ နှစ်တွင် လွန်တော်မူသည်။

ဆိုခဲ့ပြီးသော စာများအပြင် ရတုများကိုလည်း ဆိုသည်။ ။ ရှင်ရဋ္ဌသာရ စပ်ဆိုသော စာများသည် အဆိုအမိန့် ယဉ်ကျေးဖွယ်ရာ အလင်္ကာဂုဏ်နှင့် ပြည့်စုံသည် ဖြစ်၍ ပညာရှိတို့ နှစ်သက်၍ စံနမူနာ ပြုရသောစာများဖြစ်သည်။ ။

မြန်မာစာညွန့်ပေါင်းကျမ်း(ပထမတွဲ)
ပုံနှိပ်နှစ် – ၁၃၂၅
အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်။

✦✦✦

mgyoe.com

mgyoe.com

# ရှေးမှုကို မပြင်သင့်ကြောင်း

စာပြုသူ - မှော်ဘီဆရာသိန်း
စာပြုနှစ် - ၁၂၉၇ ခန့်

**သံတော်ဆင့်မင်း ။ ။** သတ်ပုံ မညီသော စာလင်္ကာ ကဗျာများကို သဘင်စာ အရပ်စာ ဖြစ်သည် ပညာရှိစာ မဟုတ်ဟု၊ ရှေးဆရာကြီးတို့က မိန့်တော်မူသည်ကို မှတ်သားရပါသည်။ ပညာရှိ အခေါ်ခံ၊ ပညာရေးဌာန ဘက်တို့၌၊ စိမ်ဆောင်ရွက်ကြသော ပညာရှိကို ပုဂ္ဂိုလ်တို့၏ ကဗျာ လင်္ကာ မော်ကွန်း သမိုင်း ရတု စသည်တို့ ရေးသားစီကုံးကြသော စာများကိုသာ၍ သတိပြုဂရုစိုက်သင့်ပါပေတယ်။

**ရွှေနားခံတော်ကြီး ။ ။** သံတော်ဆင့်မင်း အမိန့်ရှိတာ မှန်ပါသည်။ သို့သော် မှားကြောင်း ဝန်မခံတာက ခက်ဘိတောင်းဗျ။ မေးသောသူကိုသာ ရန်လုပ်ကြပေ တယ်ဗျ။

**အမှာတော်ရေးမင်း။ ။** ဒါမှာတော့ ကိုယ်မှားတာကိုမှ မှားကြောင်း ဝန်မခံသောသူသည်၊ ပညာရှိ မဟုတ်လို့သာ ဝန်မခံသည်ဟု မှတ်ပါဗျ၊ သို့သော် စာရေးတော်ကြီးမင်း သဘောကို ကျွန်တော်များ သူ့မှုအတိုင်း ရေးကူးမှတ်သည်ကို သဘောကျပါကြောင်း၊ မှားကြောင်းကို သိသော်လည်း၊ သူ့မှုဟောင်းကို မပြင်ခြင်းဖြစ်သည်၊ ကောင်းပါသည်၊ ထိုမှုကို မပြင်ဘဲနှင့် မိမိထင်ချက်ကို အခိုင်အမာ ဖော်ပြထားရန်သာ သင့်ပါကြောင်းပါ။

**ရွှေနားခံတော်ကြီး ။ ။** အမှာတော်ရေးမင်း အမိန့်ရှိတာ သင့်မြတ်လှပါတယ်၊ အရှင်မဟာ ရဋ္ဌသာရ စီရင်တော်မူသော ၉ ခန်းပျို့ ဟတ္ထိပါလ အခန်း၌ 'ထိုမှတစ်ကြောင်း၊ ကောင်းသား အလို' အစချီသောပိုဒ်တွင် 'သီးမြုံ ထရုသာခီတည်း'

mgyoe.com

mgyoe.com

ဟု ချထားရာ ၉ ခန်းပျို့ အဖြေငှိုကာ ဆရာက ဉာဏ်မမီလို့ထင်ရဲ့ ... 'သီးမြုံ တရသာ စည်တည်း' ဟု စာမူဟောင်းကို ပြင်ထားခြင်းဖြင့် တွေ့ရပါသည်။

ထိုအပိုဒ်၏အဓိပ္ပာယ်မှာ ။ ။ မင်းစည်းစိမ်သည် လမ်းခရီး၌ ပေါက်ရောက်သော ရန်သူများသော သစ်ပင်နှင့် တူသည်၊ ပြည်သူများကို ငါ ကဲ့သို့ဖြစ်အောင် ကုသိုလ် မျိုးကို စိုက်ပျိုးကြလောဟု တရား ပြည့်ဝန်းသော ဓမ္မကထိက ပုဂ္ဂိုလ်ကား၊ ငါတို့ မင်းလျာတည်းဟု ဝမ်းကား မမြောက် နှလုံးကောက်သော သူတို့သည် တိုက်ဖျက် ရအောင်သာ ကြံကြ၍ စိတ်မချမ်းသာဘဲ ရသေ့ ရဟန်းဖုန်းမှာ ဤကဲ့သို့ စည်းစိမ် ဘောဂ မရှိ၊ သဒ္ဓါသီလ စသည် ဥစ္စာ ၇–ပါးလည်း လူတို့နှင့် မဆက်ဆံ၊ ရသေ့ ရဟန်းသည် အသီးမဲ့၍ ဘေးရန်လွတ်လျက်၊ စည်ကားသော မဥ္ဇူအသီး မြုံသော တရ၊ သစ်ပင်၊ သာခီ၊ သစ်ပင်လျှင် ပြသော ဥပမာဖြစ်ပါကြောင်း။

ဤသို့စသည် ပျို့လင်္ကာ၏ အတ္ထဝိနိစ္ဆယ၊ တချို့တလေ တိမ်းယိမ်း သည်မှာ မူမှန်စာဟောင်းကို မတွေ့၍ ဖြစ်ဟန်ရှိသည်။ လင်္ကာလွယ်ဗဟုသုတ ဝိနိစ္ဆယများမှာ အံ့ဖွယ်ရှိပေသည်။

၎င်း ၉–ခန်းပျို့၌ 'လက်ချည်း' ဟု မြန်မာဝေါဟာရ သက်သက် စပ်ထားသည်ကိုလျက် 'လက်ချည်း' မဟုတ်။ ရှေးပေါရာဏ ဖြစ်ရမည်ဟု 'ထက် ချည်း' ဟု ပြင်၍ ထားသည်ကိုလည်းတွေ့ရပါသည်။

ရှင်မဟာရဋ္ဌသာရ ။ အရှင်က 'အီ' ကာရန်တစ်မျိုးကို ဖော်ပြစပ်ဆိုထားသည်မှာ...

၁။ 'ဝေဒတ္တယ ဘဏ္ဍာကျဉ်' အစချီသောပုဒ်၌ အဆုံးမှာ နားမျှ မထောင်လျဉ်းဤတည်း။ နားမျှ မထောင်လျှင်၏တည်း။ ဟု ၉–ခန်း ငှိုကာဆရာက ပြင်ထားပါသည်။

၂။ 'နားမထောင်ဤ... ထိုဗာဟီကို' အစချီသော ပုဒ်အဆုံးမှာ... 'ပိတ်ပင် မထားနိုင်ပြီတည်း'

၃။ 'လောကီရတာ၊ ဥစ္စာတမည်' အစချီသော ပုဒ်အဆုံးမှာ၊ 'ယှဉ်ပေါင်း လူရပ်မမီတည်း။'

၄။ 'ထိုမှတစ်ပါး ငါအား တိုက်တွန်း' အစချီသော ပုဒ်အဆုံးမှာ... 'အိမ်ထောင်ကရည့်ကသီတည်း'

ယင်းသည့် 'အိမ်ထောင် ကရည့်ကသီ တည်း' ကို၊ ၉–ခန်း ငှိုကာဆရာ က၊ အိမ်ထောင် ကရည့်ကသည်တည်း ဟု သီ–ကာရန်ကို ညသတ်နှင့် ပြင်ထား ပါသည်။

mgyoe.com

၅။ 'ထိုမှတပေါင်း၊ ဆိုကြောင်းတခြား' အစချီသော ပုဒ်အဆုံးမှာ... 'မြစ်ထားမတား မဖီတည်း' ကို။ ၉–ခန်းဋီကာဆရာက 'မြစ်ထား မတား မသိတည်း' ဟု ပြင်ထားပါသည်။

၆။ 'ထို့ကြောင့်သခင်၊ နားတော်တင်လော့' အစချီသောပုဒ်တွင်... အဆုံးမှာ 'ကျင့်နွယ်သူတော် ပီပီတည်း။'

၇။ 'ထိုမှ တတည်၊ မင်းသ သည်တုံ' အစချီသော ပုဒ်တွင်အဆုံး မှာ... 'ရွှေပြည်နိဗ္ဗာန် အဆီတည်း'

၈။ 'ထိုမှတကြောင်း၊ ကောင်းသာအလို' အစချီသောပုဒ်တွင် အဆုံး မှာ... သီးမြုံ တရသာခီတည်း ၉–ခန်း ဋီကာဆရာက... 'သာခီ' ကို သာစည်ဟု ပြင်ထားပါသည်။

၉။ 'ထိုမှ တထူး၊ ပြတုံဦးအံ့' အစချီသောပုဒ်၌ အဆုံးမှာ 'သက်ရင့် မကြီး လမိတည်း' ၉–ခန်း ဋီကာဆရာက 'လမှီ' ဟု ပြင်ထားပါ သည်။

၁၀။ 'ထိုမှ တခြင်း၊ ပမာသွင်းအံ့' အစချီသောပုဒ်၌ အဆုံး 'ယင်းသာ ဘူတ ဝါဒီတည်း'

ဤကဲ့သို့ သျှင်မဟာရဋ္ဌဆရာတော်က 'ဤ–ပြီ–မှိ–ဖီ–ပီ–ဆီ–ခီ–မိ–ဒီ' ဟူ၍၊ ကာရန် ၁၀–ချက် ပြထားသည်ကို ၉–ခန်းဋီကာဆရာက ပြင်ထားပါ သောကြောင့် ၎င်းပြင်ချက်ကို နောက်သားတို့ မှတ်ယူကြပါက။ လမ်းကောက် ကို လိုက်မိကြသော သူနှင့်တူကြမည် သမို့ဖြစ်ပါကြောင်းပါ။

**အမှာတော်ရေးမင်း။** ။ ရှေးက ပညာရှိပုဂ္ဂိုလ်ကြီးတို့ စီရင်ထားသော စာများ ကို နောက်သားတို့က ရှေးပုဂ္ဂိုလ်ကြီးတို့၏ အာဘောဂကို မသိပါဘဲလျက် မှားသည်ဟူ၍ ပြင်ထားခြင်းသည် ထိုပညာရှင်ပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်ကို ချိုးဖဲ့ ဆဲရေးရာသို့ ရောက်ပါသည်။ သတိမထား ဂရုဂါရဝ ကင်းသူ ဟု ဆိုရပေမည်။ ဤသို့ ရှေးပညာရှင် ပုဂ္ဂိုလ်ကြီးတို့၏ စာကို အထင်မှား၍ ပြင်သည် မဆိုထားဘိ၊ မိမိ ပညာကို ပြသည့်အတွက် ပျက်စီးတတ်ပါကြောင်းပါ...။ ။

အရှးလွယ်အိတ် စာတမ်း

ပုံနှိပ်နှစ် – ၁၃၂၉

ချိုးဖြူပုံနှိပ်တိုက်၊ ရန်ကုန်။

✦✦✦

mgyoe.com

mgyoe.com

# အေ့ကာရန္တ ဆယ့်တစ်ပါး

စာပြုသူ - မှော်ဘီ ဆရာသိန်း
စာပြုနှစ် - ၁၂၉၇ ခုနှစ်ခန့်

ပြည်ထဲ ပြည်သာ၊ ဝစိမ့်ငှာလျှင်၊ ဝသာလည်းဆွဲ။ ချမြဲပိုဒ်ဖျား၊ ဆယ့်တစ်ပါးကို၊ မင်းသားသံဝရ၊ မိန့်ဟန်ပြ၍၊ အချသည်တု၊ ကြွင်းကျန်ရှိသော်၊ တစ်ခုကိုမျှ၊ ဘယ်သူရအံ့၊ ဤမျှ–ရွှေငွေ၊ ကြွေ့လည်းဝဆွဲ။ မကွဲငွေတူ။ ဟူလင့်ကစား။ နှစ်ပါးယှဉ်ထ။ ဟ–ရ–မလို။ ဝကိုချည်းသာ၊ အေကာရန္တ။ မြန်မာ့အမူ။ ဆယ့်တစ်ခုဖြင့်၊ စေ့ငုံရှာဖွေ။ ရတတ်စေလော့၊ ကြံထွေသင်းသီး။ သည်ကိုမှီး၍။ အသီးဆန်းဖြား။ ချဖွယ်များလည်း၊ မရှားလေသေး၊ သပ်ကြောင်းပေးသည်၊ နည်းရှေးဥပဒေသနည်း။

အသျှင်ရဋ္ဌသာရဆရာတော်က မင်းသား သံဝရ မိန့်ဘိသကဲ့သို့ စီရင်တော်မူခဲ့သည်။ ဟဆွဲရရစ် မပါဘဲ။ မတွဲ မဖက်ဘဲ။ ဝဆွဲချည်း သက်သက်၊ မြန်မာဝေါဟာရရှိသည်ကို ထုတ်ဖော်လို့ ပြခဲ့သည်။ ကြွင်းကျန်သေးသည်ထင်က ရှာကြလေကုန်ဟု မိန့်တော်မူခဲ့ပါသည်။ ယင်းသည့် အေ့ကာရန္တ ဆယ့်တစ်ပါးကို သတိမူမိကြပါသလားဗျ။

**သံတော်ဆင့်** ။ ။ ဟုတ်ပ... ကျွန်တော်များလည်း၊ ငယ်စဉ်ကတော့ လေ့ကျက်ခဲ့ဖူးပါသည်။ ယခု အမိန့်ရှိတော်မူတဲ့ မြန်မာဝေါဟာရ အေ့ကာရန္တ ဆယ့်တစ်ပါးကို အမှတ် မထားခဲ့ပါကြောင်း၊ စာဆိုတော်မင်း လင်းပါတော်မူပါမှ သိရမှတ်ရမည်ဖြစ်ပါကြောင်းပါ။

**စာဆိုတော်** ။ ။ လင်းပါရန်အကြောင်းမှာ အထက်က ရေးသားသော ဆယ့်တစ်ပုဒ်တို့၏ အဖျားချဋ္ဌ စပ်ဆိုထားခြင်းဖြစ်ပါတယ်။ သတိပြုကြရန်မှာ–

၁။ ထိုမှတစ်ပါး ချီသော ပုဒ်၏ အဆုံးချမှာ (ပေးထမ ငြီးငွေ့ သတည်း)

၂။ တစုတခု ချီသော ပုဒ်၏အဆုံးချမှာ (ပေးထွေရမ်းရမ်းလွေ့ သတည်း)

mgyoe.com

mgyoe.com

၃။ မြောက်တောင်ရှေ့နောက် ချီသော ပုဒ်၏အဆုံးမှာ (အလွန်နက်သိမ်မွေ့သတည်း)

၄။ မဟာဗာဟု ချီသောပုဒ်မှာ (လွှဲးသွေ မကောက်ကွေ့သတည်း)

၅။ စားတော်ရေကွမ်း ချီသောပုဒ်မှာ။ (စကားပြင်မယွေ့သတည်း)

၆။ ဆိုသော်ကြားထင် ချီပုဒ်မှာ (စိတ်ပျော့မျှဉ်းမျှဉ်းဖွေ့သတည်း)

၇။ ပညာထက်မြန် ချီပုဒ်မှာ (နေရှိန်ပန်းနှယ် သွေ့သတည်း)

၈။ မိဘာဘိုးဘေး ချီပုဒ်မှာ (မီးဖွားမခုန်ဆွေ့သတည်း)

၉။ ခပ်သိမ်းရတနာ ချီပုဒ်မှာ (ခုံခြင်း ရန်မတွေ့ သတည်း)

၁၀။ သူစိမ်းသူကျက် ချီပုဒ်မှာ (မျက်နှာရှည့်နှယ်စွေ့ သတည်း)

၁၁။ ရဲလည်းရဲရင့် ချီပုဒ်မှာ (ရဲဆုတလက်ပွေ့ သတည်း)

ယင်းသည် အချ။ ဝ–ဆွဲအေ့ ကာရန္တ... ဆယ့်တစ်ပိုဒ်ဖြစ်ပါကြောင်းပါ။ နှုတ် လွတ်ပြောကြတာက နွားခွေ့သည်၊ လက်ဖ့ေ့တိုက်သည်လို့ ဆိုကြ၏။ အရေး မှာတော့ နွားဖ့ေ့သည်၊ လက်ဖ့ေ့တိုက်သည်လို့ ရေးရပါကြောင်းပါ။

**နားခံတော်** ။ ။ အခုမှပဲ ခြားနားစွာမှတ်ရပေဗျာ။ ပုံနှိပ်စာမှာတော့ အလွဲပြင်ထားတာကို တွေ့ရပါလိမ့်မယ်။ စာဆိုတော်မင်း အမိန့်ရှိတော်မူတာက ပေစာမူအတိုင်းဖြစ်ပါလိမ့်မယ်။

ရှေးက စီရင်တော်မူသော ဆရာအရှင်မြတ်၏ ဉာဏ်ကို လိုက်၍ မမီတော့။ မိမိတို့ ပိုးစုန်းကြူးဉာဏ်ရောင်ကလေးနှင့် ရှေးစာဟောင်းများကို ပြင်လို ဖျက်လိုတဲ့စိတ်၊ လွယ်လွယ်ကူကူအသုံးပြုခြင်းသည် မိမိကိုယ်ကို သိတတ်သဗျ နော်။ ကိုယ့်ဉာဏ် မလိုက်နိုင်လျှင် ဆရာထိုထိုတို့ကို စုံစမ်းမေးမြန်းရန် ဝတ္တရား ရှိသည်ကို သတိပြုကြမှ တော်မယ်ဗျ။

ကောင်းခြောက်၊ လေးသွယ်ပ။ မိန်းမများ။ ။ ဝဆွဲ တတန်ပ၊ အေ့ကာရန် ထုတ်ဖော်လင်းလိုက်တယ် ရှင်းကြပြီလား။

ကောင်းပေဗျား။ ကောင်းပေဗျား... ဆိုပြီး ရယ်ကြလေသည်။ ။

နှောင်းဖြစ်စာတမ်း

ပုံနှိပ်နှစ် – မပါ

ရန်အောင်မင်္ဂလာပုံနှိပ်တိုက်၊ ရန်ကုန်။
mgyoe.com

✦✦✦

 mgyoe.com 

# ရှင်မဟာရဋ္ဌသာရ

စာပြုသူ - ဦးထွန်းဖေ
စာပြုနှစ် - ၁၂၉၄

ကဗျာရေးသားစီကုံးရာတွင် ဓမ္မလမ်းကြောင်းဖက်၌ ရိုးရိုးခွံခွံ ရေးသားထားခဲ့သော ရှင်မဟာသီလဝံသ အကြောင်းနှင့် စပ်လျဉ်း၍ ရေးသားဖော်ပြပြီးသည်နောက် ထို ရှင်မဟာသီလဝံသနှင့် တစ်ပြိုင်တည်း တစ်ခေတ်တည်း ကျော်စောခဲ့သော ရှင်မဟာရဋ္ဌသာရ အကြောင်းနှင့် စပ်လျဉ်း၍ ရေးသားဖော်ပြအံ့။

နေတ္တိနိသျှည်း ။ ။ နေတ္တိကျမ်း၏ မှီရာ နည်းနာ နိဿယ ည်းကို ပြသောကျမ်း။

ကမ္ဘာလောင်ပျို့ ။ ။ ကမ္ဘာ၏ ဖြစ်ပုံပျက်ပုံ အလုံးစုံကို စီကုံးထားသော ပျို့ဖြစ်သည်။

မဟာရဟ နီတိ ။ ။ လောကနီတိသဖွယ် အဖိုး အနဂ္ဃ ထိုက်တန်သော အကြောင်းအရာ ညွှန်ပြရာကျမ်းဖြစ်သည်။ (မဟာ ကြီးသော၊ အရဟ– အဖိုးတန်သော၊ နီတိ–လမ်းညွှန်)

ရာဇဝသတိ ။ ။ မင်း၏ နန်းအကြောင်း၊ (ရာဇ–မင်း၊ ဝသတိ–နန်း၊ အိမ်၊ မင်း နန်းတော် အကြောင်းဖွဲ့လင်္ကာမျှဖြစ်သည်)

ရတနာဗိမာန်ကျောက်စာ ။ ။ နရပတိ မင်းကြီး၏ သမီး တော် "ရွှေအိမ်သည်" မင်းသမီး ဆောက်လှူဒါန်းခဲ့သော ကျောက်စာ။

ရှင်မဟာရဋ္ဌသာရ ရေးသား စီကုံးခဲ့သော ကဗျာ လင်္ကာများမှာ အပျောင်းအနွဲ့၊ အယဉ်အကျေးမှစ၍ သာယာနာပျော်ဖွယ်ရှိစေရန် အမျိုးမျိုးအဖုံဖုံ ဆန်းကြယ်သော ဘာသာ

mgyoe.com

mgyoe.com
ဝေါဟာရတို့ဖြင့် တန်ဆာ ဆင်၍ ရေးသားထားခဲ့လေသည်။

ရှင်မဟာရဋ္ဌသာရ၏ ကဗျာလင်္ကာများကို ဖတ်ရှုရသည့်အခါ ရှင်မဟာရဋ္ဌသာရ၏ စေတနာစိတ်ထားများကို ဖတ်ရှုသူတိုင်း၏ စိတ်၌ပင် ထင်မြင်လာစေ၏။ ရှင်မဟာရဋ္ဌသာရသည် ဖွားတော်မူရာ နေရာဌာန၊ ဖွားတော်မူသော ခုနှစ်သက္ကရာဇ် အချိန်ကာလကို ကိုးခန်းပျို့ခေါ် ဟတ္ထိပါလ လင်္ကာ စီကုံးသည့်အခါတွင် ထည့်သွင်း စပ်ဟပ် ထားတော်မူခဲ့၏။

သရေခေတ္တရာပြည်၊ ပုဂံပြည်ကြီးအစရှိသော ပြည်များကို ပြည်မ တန်ဆောင်ပမာထားပြီးလျှင် တောင်ဘက်မှာ ပင်းယ၊ မြောက်ဘက်မှာကား စစ်ကိုင်း စသော မြို့နှစ်မြို့ခြံရံသော မြို့၏အလယ်၌ တင့်တယ်လှပသော ရွှေနန်းပြာသာဒ်ဖြင့် ထင်ရှားရှိသည့် ရွှေဝမြို့တွင် သာသနာ သက္ကရာဇ် ၂၀၁၂၊ မြန်မာသက္ကရာဇ် ၈၃၀–ခုနှစ်တွင်ဖွားမြင်သည့် အကြောင်းကိုထင်ရှားရန်...

ကြားပိမ့်သိသော၊ သီရိခေတ္တ၊ ပုဂံ စသား၊ ပြည်မ တန်ဆောင်၊ ငါးကြိမ် နောင်ဝယ်၊ တောင်ကားပင်းယ၊ မြောက်မှ စစ်ကိုင်း၊ ရံဆိုင်းသာလှ၊ ရွှေအင်းဝဟု၊ နန်းက ရင်ပြင်၊ မြို့လယ် တွင်၌၊ သခင် ဘုရား၊ ထားသည့် သာသနာ၊ သချ်ာ အမှန်၊ နှစ်ထောင် လွန်၍၊ အစွန်မြိတ်မှူ၊ ဆယ်နှစ်ခုတွင်၊ ဥတုဝဿ၊ မိုဃ်းလ ရွေ့ဖျား၊ နေသွား ကရကဋ္ဋ၊ ခေါ်မှတ်ဝေါဟာ၊ အာသဠ္ဌာ၌၊ ပညာပွားပို၊ ကုသိုလ်သာလှ၊ ငါ့ကိုဖွားရာ၊ ချက်မြှုပ်ရာသည်၊ အောင်ချာပြည်ကြီး နန်းတောင်တည်း။

ဟူ၍ စီကုံးထားခဲ့လေသည်။

အမျိုးအနွယ်နှင့် စပ်လျဉ်း၍ –

ရှင်စောပု တူ၊ လိုက်ဆူ ကျော်ရှိန်၊ ပုသိမ်မင်း မြေး၊ ဘက်ရေး စည်ရိုး၊ တို့မိမျိုးလည်း၊ သတိုးမင်းဖျား၊ တရားစောင့်သုံး၊ ရန်လုံး ထွင်ခွါ၊ ရွှေမြေအင်းဝ၊ တည်စ နန်းထီး၊ ပြည်ထောင်ကြီး၏၊ သမီးမြစ် ရင်း၊ နွယ် မယွင်းသည်၊ စည်ကွင်း မတိမ် လှည့်ကောင်းတည်း။

ဟူ၍စပ်ဆိုထားခဲ့လေသည်။

ရှင်မဟာရဋ္ဌသာရ၏ အဖသည် အထက်ပါလင်္ကာတွင် ဖော်ပြထားသည့်အတိုင်း "ပုသိမ်မင်းမြေး" ဖြစ်သော ဓမ္မပါလ အမတ်ပင်ဖြစ်၏။ အရှင်မဟာရဋ္ဌသာရ၏ ငယ်မည်ကား မောင်မောက် ဟူ၏။ ထိုပုဂ္ဂိုလ်ကျော်သည် ငါးနှစ်အရွယ်ကပင် ဆွေတော်မျိုးတော်ချင်း ဖြစ်သော မင်းသား မင်းသမီးတို့နှင့် နန်းတော်ထက်မှာ ကဗျာလင်္ကာကို လေ့ကျက်
mgyoe.com

 mgyoe.com 

လာခဲ့သော ပုဂ္ဂိုလ်ပင်ဖြစ်ပေသည်။

ရွှေနန်းတော်ထက်၌ ကဗျာလင်္ကာ အလေ့အကျက်များကို ကြားဖူးနားဝများခဲ့ဖူးသည့် အကြောင်းမျှသာမက ပဋိသန္ဓေရင်းကပင်လျှင် ထိုးထွင်းသောဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်လေသည်ကိုကား ထိုငယ်မည် မောင်မောက်၊ ရဟန်းမည် ရှင်မဟာရဋ္ဌသာရသည် ဆယ်နှစ်ရွယ်ကပင် ရုတ်တရက် စပ်ဆိုသော လင်္ကာကို ချင့်ထောက်၍သိရ၏။

အခါတစ်ပါး၌ ဓမ္မပါလ အမတ်သည် သား မောင်မောက် နှင့်အတူ နန်းတော်သို့ ဝင်ရာ ဒုတိယမင်းခေါင်၏ သမီးတော် သုံးပါးကို နားထွင်း မင်္ဂလာသဘင် ဆင်ယင်ကျင်းပသောအခါနှင့် ကြိမ်ကြိုက်နေသဖြင့် ဘုရင်မင်းမြတ်က နားထွင်းသောအခါဖြစ်သည်နှင့် သုတိသြဘာ မင်္ဂလာရှိသော ပျို့ကဗျာ လင်္ကာရတုများကို ဆိုရမည်ဟု ဓမ္မပါလအမတ်ကို မိန့်တော်မူရာ သား မောင်မောက်က ဖခင်အစား ကျွန်တော်မျိုး ဆိုပါရစေဟု လျှောက်ထားပြီးလျှင် ...

**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်၊ နတ်သော် ပုံမယွင်း။**
**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်၊ ရွှေလော် သွန်းပုံဆင်း။**
**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်၊ စန္ဒော် လ နှယ်ဝင်း။**

ဟု ရုတ်တရက် စပ်ဆိုလေသည်။

ရှင်မဟာရဋ္ဌသာရ၏ အဖဖြစ်သော ဓမ္မပါလအမတ်သည် စာဆိုပညာရှိ အမတ်တစ်ဦးဖြစ်သဖြင့် သားဖြစ်သူမှာလည်း ငယ်ရွယ်စဉ်ကစ၍ "အတုမြင် အတတ်သင်" ဟူဘိသကဲ့သို့ ဝါသနာအာရုံ အထုံ ပါလာခြင်းပင်ဖြစ်ပေသည်။ ရှင်မဟာသီလဝံသသည် ပိဋကတ် သုံးပုံကို နှုတ်တက် ဆောင်တော်မူပြီးနောက် ပါရမီခန်းကဗျာကို အသက် ၃၀ တွင် စပ်ဆိုစီကုံးခဲ့၏။ ရှင်မဟာရဋ္ဌသာရမှာမူ

**တစ်ဆယ် ကျူးမြောက်၊ သူ သိလောက်က၊ ဆယ့်ခြောက်နှစ်အောင်၊ သူတော် ဘောင်၌၊ ဆယ်စောင် ဇာတ်မျိုး၊ ပါဠ်ရိုး ဂါထာ၊ ငါးရာ ဇာ်ဒုတ်၊ ကောင်းဟုတ်ဗေဒင်၊ သဒ်ကရိုဋ်၊ အလိုက်အဖက်၊ လေ့ကျက် ဖွယ်ဖွယ်၊ သရဗ္ဗျာယ်မှ၊ နည်းကျယ် သဒ္ဒါ၊ ကစ္စည်းမှာလည်း၊ နှုတ်ပါရှုရှု၊ ဓာရဏဖြင့် ဗုဒ္ဓ ဝံသာ၊ စဉ်တိုင်း လာသား၊ ပညာပါရမီ၊ ဖြည့်သည်ပြီဟု၊ တန္တိရိုင်းနှယ်၊ ဆုကြီးရှယ်လျက်၊ သူငယ်ကပင်၊ ပဏ္ဍု အင်နှင့်၊ စာသင်မွေ့လျော်၊ တရား ပျော်လျက်၊ ထိုရောအခါ၊ ရှေးဆရာတို့၊ နာဂါမိပတိ၊ ဘူရိဒတ္တ၊ ဇာတ်ဘာဝကို၊ အရအမိ၊ မသိ**

mgyoe.com

e.com

ဝိုးဝါး၊ အမွှားမွှားလျှင်၊ စကားရုံ့တူ၊ စပ်ဆန်းဟူ၍၊ တောင်သူပမာ၊ လူ ပျူငှာလည်း၊ များစွာမမြေ့၊ မစေ့မစုံ၊ တစ်ခန်းရုံမျှ၊ လုံးခြုံ မပြီး၊ မမှီး ကျမ်းဂန်၊ မမှန်အရိုး၊ အကျိုးမထင်၊ ပြသည်မြင်သော်၊ ကြည်လည် သန့်သက်၊ တိမ်ရောင်နက်သား၊ မှိုက်မြက်စင်ကြယ်၊ ရေသဖွယ်တည့်၊ မှတ် လွယ်စေငှာ၊ သိသာစေချင်၊ နားဝင်စေအောင်၊ ထုံးဆောင် ပုံတု၊ ရေးသားထုသို့၊ ရှင်မှုလူမှု၊ နှစ်ပါးရှုလျက်၊ အနုအကြမ်း၊ အစမ်းအစုံ၊ အာဂုံအာကာ၊ အရာသိသိ၊ လေးပေါ့ညှိ၍၊ ပီတိရသာ၊ လင်္ကာချိုဆိမ့်၊ သည်းတွင်းငြိမ့်မျှ၊ ဆိုစိမ့်သောကြောင်း၊ ငါလည်းကောင်းလျှင်၊ ခွင့် တောင်းပန်ထွာ၊ ကရုဏာဖြင့်၊ ဉာဏ်ဝါမတုံး၊ ငါ့နှလုံးကို၊ ရှင်ပြုံး ညွတ်စေပြီးသတည်း။...

ဟူ၍ ဆယ့်ခြောက်နှစ် အရွယ်ကပင် "ဘူရိဒတ်လင်္ကာ" ကြီးကို ရေးသားစီကုံးခဲ့ သည့် အကြောင်းများကို "ဘူရိဒတ် ဇာတ်ပေါင်းလင်္ကာ" တွင် ဖွဲ့နွဲ့ စီကုံး ထားရကား ရှင်မဟာရဋ္ဌသာရက ရှင်မဟာသီလဝံသထက် စာဆို ဦးကြောင်းထင်ရှား၏။

နား၏တန်ဆာ ရတနာသတ္တုဟု ဆိုရသော ပျို့ကဗျာများကို ရေးသားစီကုံးသည့် အခါ ပုလဲလုံးရွှဲလုံးများကို သီကုံးထားဘိသကဲ့သို့ ဟူ၍ ပမာတန္တု ပြုလေ့ပြုထရှိသည်တွင် ရှင်မဟာရဋ္ဌသာရ စီကုံးသော ကဗျာများကို ဖတ်ရှုရသည့်အခါ ထိုကဲ့သို့ ပမာတန္တု ပြုသည့် အတိုင်း ထင်ရှားပေါ်လွင်ပေသည်တကားဟု ဖတ်ရှုသူတိုင်းပင် အောက်မေ့လာရ၏။

ယခုခေတ်သမယ စိုးမိုးအုပ်ချုပ်သော အင်္ဂလိပ်လူမျိုးတို့၏ ဘာသာကို သင်ကြား တတ်မြောက်နေကြသည့်အခါဝယ် မြန်မာစာသည် လေးလေးနက်နက် အဓိပ္ပာယ်များကို ပေါ်လွင်အောင် ရေးသားနိုင်ပါမည်လော၊ လူတို့၏ စိတ်သန္တာန် ကွန့်မြူးသလောက် ဘာသာ စကား ကွန့်မြူးနိုင်ပါမည်လော စသည်ဖြင့် သို့လော သို့လော တွေးတော ကြံစည်လျက် နေကြသည်ကိုတွေ့ရ၊ မြင်ရ၊ ကြားရသည့်အခါသို့ တွေးတောသူတို့သည် မြန်မာဘာသာ ၏ အရသာကို မတွေ့ကြသေးပေတကားဟူ၍သာ သနားကြင်နာဖို့ရှိတော့၏။

× × ×

ဘူရိဒတ်လင်္ကာကြီး

ပတ္တမြားဆံကျင်၊ နိဗ္ဗာန်ရှင်သည် ဇေတဝန်ကျောင်းတော်၌ –

ဥပုသ်သီလ၊ စောင့်ထမြဲစွာ၊ တကာ တို့အား၊ ရည်မှတ်သား၍၊ နဂါးဇာတိ၊ ဘူရိဒတ္တ၊ ရှေးကဖြစ်ပေါင်း၊ ဟောလတ် ရှောင်းသည်၊

mgyoe.com

mgyoe.com

အကြောင်းဤသို့ စဉ်လျားတည်း။

ဟူ၍ ရှင်မဟာရဋ္ဌသာရသည် ပထမလင်္ကာတွင် စတင်ဖော်ပြပြီးလျှင် "ဘူရိဒတ် လင်္ကာကြီးကို" သီကုံးသည့်အခါ ထိုပုဂ္ဂိုလ်ကျော်၏ အဖွဲ့အနွဲ့ အယဉ်အကျေးမှစ၍ အထားအသို အစီအစဉ်ကို အမြွက်မျှပင်ဖြစ်စေ၊ သိမြင်စေခြင်းငှာ ထိုဘူရိဒတ်လင်္ကာကြီးမှ သင့်ရာသင့်ရာ ထုတ်နုတ်၍ဖော်ပြအံ့။

အရဟတ္တ ဖိုလ်၊ ဝင်သား ကိုယ်ဖြင့်၊ မဆို တိတ်တိတ်၊ ဆိတ်ဆိတ်နေတော်၊ မူလတ်သော်တည့်၊ ထောင်ကျော်မြင့်ဖြူး၊ ယုဂန်ဦး၌၊ ညစ်ညူးတိမ်ပုပ်၊ အုပ်သည် လကို၊ တောက်ပ ထွန်းအောင်၊ ပြုသော ယောင်သို့၊ မိုက်မှောင်ဇာတိ၊ ဖုံးလွှမ်း ဘိ၍၊ မသိ ယုံမှား၊ ကျွန်ုပ်တို့ အားလျှင်၊ ဘုရားအရှင်၊ ဟောစေချင်ဟု၊ ကြည်လင်သဒ္ဓါ၊ ထိုတကာ တို့၊ ပန်ထွာ သောင်းသောင်း၊ အခွင့် တောင်းသည်၊ ဆယ်ချောင်း လက်အုပ် မြှောက်သတည်း။

× × ×

ဓမ္မသာမိ၊ မုနိရာဇာ၊ သုံးလူ့ချာသည်၊ တကာအပေါင်း၊ ပန်ထွာတောင်းသော်၊ အကြောင်းစည်လျား၊ ရှေးဖြစ်လာကို၊ မထား မချို့၊ ပါဠိတို့ဖြင့်၊ ဤသို့မနေ ဟောတုံပေ၏။

× × ×

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးက ချစ်သားတော် အိမ်ရှေ့မင်းသား၏ ဆင်မြင်းနှင့်တကွ အခြွေအရံပြည့်စုံနေသည်ကို မြင်လတ်သော်

ဆောလျှင်ကြံစည်၊ ဤငါ့ပြည်ကို၊ တာရှည်မင့်၊ ယူလတ္တံ့ဟု၊ ခပ်ဝါခံ့ငြား၊ ကြောက်သောအားဖြင့်၊ ငါ့သားမင်းဖြာ၊ ကြိုက်ရာရာသို့၊ နေပါလေဦး၊ ရက်ကြူးခါတန်၊ ငါလျှင်လွန်မှ၊ သားမွန်ဆွေနှစ်၊ မင်းမူရစ်ဟု၊ တံထစ်စကား၊ ရင်သည်းကြားကို၊ မင်းဖျားမိန့်တုံ ပေသတည်း။

အိမ်ရှေ့မင်းသားသည် ခမည်းတော်ကို ခန့်ညားကြောက်ရွံ့သောအားဖြင့်

ဦးထက်ကြာငုံ၊ ရှိခိုးတုံမှ၊ ရွှေဘုံပြည်သာ၊ ခွါခဲ့တစ်ပါး၊ အစဉ်အားဖြင့်၊ သွားလေသောအခါ၊ ယမုနာနှင့်၊ သမုဒြာ မြစ်ဖျား၊ တောင်အကြား၌၊ လျောက်လျား သခ်မ်း၊ ရိပ်ချမ်း စီရင်၊ ပြုပြင်ဖန်ဆင်း၊

mgyoe.com

mgyoe.com

သစ်ရင်း သစ်သီး၊ ရှာမှီးလည်း စား၊ တောပျား ဝင်ဝင်၊ ရလျှင်သမျှ၊ ဝ မဝ ကို၊ နှစ်ခွ မမူ၊ မတူ ရှေးလား၊ ကြဉ်ရှောင် ရှား၍၊ မင်းသား ကိုယ်ထည်း နေသတည်း။

ထိုရောအခါ၊ သမုဒြာ မြစ်အောက်၊ အံ့လောက် ပင်စည်၊ နဂါး ပြည်၌၊ လင်သည်မျိုးနှစ်၊ ခန္ဓာပစ်၍၊ နမျစ်ရောင်လှ၊ နဂါးမ လျှင်၊ ဖြင်မျှ ပြောထူ၊ အိမ်ထောင်သူတို့၊ ထပ်တူမပြား၊ ဆွေမြောက်သားနှင့်၊ နှစ်ပါးပျော်ရွှင်၊ စည်းစိမ်မြင်သော်၊ ယှဉ်ပင် ရုံပေါင်း၊ သို့လည်းကောင်း လျှင်၊ နှစ်ထောင်းချမ်းသာ၊ စံပါခလို၊ တဆို အင်ပြည့်၊ စိစ္စေးကြည့်က၊ တပ်လှည့်တဏှာ၊ ကိလေသာကြောင့်၊ ရပ်ရာစတော၊ မိမိမြေမှ၊ ယဉ်ထွေ စီးထ၊ သမုဒ္ဒဟု၊ မြစ်မ ကမ်းခြေ၊ သွားတုံ လေသော်၊ သရေ ရွှင်းရွှင်း၊ နေနှယ်ဝင်းသား၊ ရွှယ်ဆင်းကျိုင်းထွား၊ မင်းကြီးသား၏၊ ဖဝါးချီလျှဉ်၊ အစဉ်မပြတ်၊ ခြေရာမှတ်၍၊ လာလတ်သရော်၊ သခ်မ်းတော်ကို ကြည့် မြော်အာရုံ၊ တွေ့လာတုံသည်၊ ဘုန်းဆုံ ချစ်ဖို့ စေသတည်း။

ရသေ့မင်းသားလည်း သစ်သီးရှာမှီးရန် သွားသောအခါ...

စိမ်းချေ ယောင်မြ၊ နဂါး မမူ၊ မင်းလှ နေတန်၊ သခ်မ်း မွန်သို့၊ လျှင်ထန် ခပ်သွတ်၊ ဝင်လင်းလက်၍၊ သူမြတ်ကျင့်လေ့၊ ရသေ့ဖွယ်ရာ၊ အိမ်နေငှာနှင့်၊ ခန်းဝါအစုံ၊ မြင်လေတုံသော်၊ စေးချုံဂနိုင်၊ ရိပ်မြိုင် တဲချောင်း၊ တောင်လည်းရုံဆီး၊ တောကြီး အဝန်း၊ ဤသခ်မ်းကား၊ ငြိမ်းချမ်း ကိုယ်ထီး၊ မနီးမျိုးဆွေ၊ ရဟန်းနေသည်၊ ရပ်မြေစင်စစ်၊ ဖြစ်တုံ ရထား၊ ထိုသူအားကို၊ ရှည်လျားမင့်၊ စူးစမ်းအံ့ဟု။

ဆင်ခြင်၍ စူးစမ်းပုံမှာ လူသံဆိတ်ငြိမ်လှစွာသော ထိုသို့သော တောအရပ်၌ အဖော်အလှော် မရှိပါဘဲလျက် တကယ်ပင်လျှင် မိမိကိုယ်မိမိ...

တာရှည်ဝေးစွာ၊ သံသရာမှ၊ မကြာမတင်၊ လွတ်ချင်သောအား၊ တရားယဉ်မြေ့၊ သဒ္ဓါရွှေ့တည့်၊ ရသေ့မူထား၊ သွားလာထိုင်နေ၊ သူတော်ထွေဖြင့်၊ မျိုးဆွေတကာ၊ တပ်ရာမသီး၊ ကိုယ်ထီးသာချည်း၊ တစ်ယောက်တည်းလျှင်၊ အရည်းတော ထွက်လာသလော။

ထိုသို့မဟုတ်ပါဘဲလျက်...

ဆွေမျိုးမိဘ၊ မကြိုက်ကြ၍ ပြင်ပစွန့်ပစ်၊ မချစ်မုန်းထား၊ နှင်သောအားဖြင့်၊ သစ်ကျားသားရဲ၊ မှီဝဲကုန်ရာ၊ ဤရပ်မှာ၌၊ သဒ္ဓါ

mgyoe.com

ဝမ်းထဲ၊ မရှိဘဲလျှင်၊ မမြဲရသေ့၊ မုနေ့မည်ဆန်း၊ ဝတ် သက်နှ်းနှင့်၊ ရဟန်းပြုတို့ပါသလော။ ။ ဟူ၍ဝင်း။

တရားအလျောက်၊ မဖောက်မပြန်၊ သူမွန် စင်စစ်၊ မှန်သည်ဖြစ်မူ၊ ကျစ်လျစ်ပြုပြင်၊ တန်ဆာဆင်သား၊ စီရင် ထူးဆန်း၊ နံ့သာပန်းတိ၊ ကြိုင်မွှန်းဧ၊ မွေးမွေးပျံ့ပျံ့၊ ရနံ့ချည်းသာ၊ စက်မွေ့ရာထက်၊ ရံခါ တင့်တယ်၊ ပျော်စဘွယ်ဟု၊ အကယ်မအိပ် ပေအံ့တည်း။ ။ ဟူ၍ဝင်း။

အိမ်ထောင်ရာသား၊ ပျော်ပါးမွေ့လျော်၊ ပေါင်းဖော်တကွ၊ သံဝါသဖြင့်၊ ကာမ ချမ်းသာ၊ စံလိုပါမူ၊ သဒ္ဓါစိတ်ထက်၊ တောထွက် မဟုတ်၊ သဘော ရှုတ်၏၊ အားထုတ် ပြင်းစွာ၊ ပန်းမွေ့ရာထက်၊ သာယာ အိပ်တုံ လေအံ့တည်း။ ။ ဟူ၍ဝင်း။

ထိုသို့စင်စစ်၊ အိပ်သည်ဖြစ်မူ၊ လွန်ချစ်သနား၊ ရသေ့အားကို၊ မပြား တမြဲ၊ ကြာနှင့် ရေသို့၊ ကြင်ဆွေမှတ်လျက်၊ ဤနှိုတ်ပက်လျှင်၊ နေ့ရက်တာရှည်၊ နေကြည် မည်ဟု၊ ကြံစည်ပြီးလျှင်၊ နဂါးမသည်၊ ပျံ့လှောင်းကြိုင်လွန်း၊ ဩဇာမွှန်းသား၊ နတ်ပန်းမာလာ၊ နတ်နံ့သာကို၊ များစွာယူလေ၊ လက်ညှံ့ချေနှင့်၊ တထွေ ပျူငှာ၊ ပင်း အိပ်ရာလည်း၊ လိမ္မာလိုသီး၊ စီရင်ပြီးမှ၊ ချောက်ကြီး တောင်စ၊ တောချောင်ဝဠ်၊ ပြည့်မျှပန်းဆိုင်း၊ ပြိုင်းပြိုင်း လည်ဆွဲ၊ နံ့ မွှံ့ကြဲမှ၊ စောရဲမင်းသား ပျော်ပါးနေရာ၊ သင်္ခမ်းသာကို၊ တန်ဆာဆင်မှ၊ ဆောလျင်မနေ၊ ချင်းရပ် မြေသို့၊ မဆိုင်းမငံ့ပြန်လေသတတ်။

ဥပရာဇာမင်းသားသည် ရသေ့သင်္ခမ်းသို့ ဝင်လာသည့်အခါ...

စီရင် ထူးခြား၊ ထိုကြောင်းရာကို၊ ထင်ရှားအမှန်၊ မြင်လတ် လွန်သော်၊

အလွန်ပင်သာယာလှသဖြင့်

သဒ္ဓါကြည်ဖြူ၊ အဘယ်သူလျှင်၊ မှုဟို့သနည်း၊ ရှုဖွယ်ချည်း ဟု၊ သည်းမျှလွန်ပြင်း၊ ဝမ်းမြောက်ခြင်းဖြင့်၊ သစ်ရင်းသစ်သီး၊ အကြီး အငယ်၊ မြိန်ဖွယ်မရှား၊ ရွေးကာ စားလည်း၊ ပန်းများရနံ့၊ ပျံ့ကြိုင် ကြိုင်၊ မွေးလှိုင်တို့စွ၊ ယောင်လှကျိုင်းထွား၊ ငါမင်းသားကို၊ လျောင်း လျားစိမ့်ငှာ၊ ခင်းပေးလာသည်၊ မွေ့ရာသာလှည့်၊ မွန်လှ၏ဟု၊

နှစ်သက်ရွှင်လန်းစွာ ပျော်ပျော်ပါးပါးနေသဖြင့် –

mgyoe.com

 mgyoe.com 

ပန်းအိပ်ရာဝယ်၊ သာယာ မျဉ်းခွေ့၊ ကိန်းစက် မွေ့၍၊ တစ်နေ့ သဒ္ဒါ၊ တိမ်တိုက် မိုးခေါင်၊ နေရောင်ပေါ်ထွက်၊ အရုဏ်တက်သော်၊ တံမြက်သုတ်သင်၊ တလင်းပြင်ကို၊ စင်စေစမြဲ၊ မလှည်း ဘဲလျက်၊ ချောက်ထဲ မြိုင်ဝန်း၊ မှည့်ရွှမ်းသစ်သီး၊ ရှာမှီးလိုဌာ၊ စောမင်းလျာကား၊ ရိပ်သာတောမြေ၊ ကြွတုံလေသည်၊ ပန်းပြေနေနေနားနားတည်း။

နာဂမာ ထာဝီ၊ ပြည့် ညီယောင်မြဲ၊ နဂါးမ လည်း၊ ခထာ ထိုခါ၊ အဆောလာ၍၊ လက်ရာတစ်ပါး၊ ပန်းညှိုးများကို၊ ထင်ရှား ထိုရော်၊ မြင်လတ်သော်တည့်၊ သူတော်စင်စစ်၊ မဖြစ်မယူ၊ ဤသသူကား၊ ရှေးရှု သဒ္ဒါ၊ တောထွက် လာသည်၊ အရိယာ ရသေ့၊ မုနေ့ မဟုတ်၊ အားထုတ် မွေ့လျော်၊ ကာမဖော်ကို၊ ပျော်စလို၏၊ ကြည်ညိုချစ်ခင်၊ ကျွမ်းဝင် ကြမ္မ၊ လင်သားပြုမှု၊ ယခုသာကြည်၊ ကြိုက်လိမ့်မည်ဟု၊ ကြံစည် တကြောင်း၊ အောက်မေ့ရှောင်း၏၊ ပန်းဟောင်းကိုပယ်၊ ပန်းသစ်လှယ် ၍၊ တင့်တယ်လှစွာ၊ ပန်းမွေ့ရာကို၊ တစ်ခါအသစ်၊ စီရင်လစ်၍၊ စော စစ်မင်းလျာ၊ နေတဲသာကို၊ တန်ဆာ နှင်နှင်၊ ဆက်လတ်ပြီးသော်၊ မငြီး ရှုဖွယ်၊ စကြံဝယ်လည်း၊ နံ့ကြွယ်ပန်းတိ၊ ကြဲတုံဘိ၍၊ မိမိနေရာ၊ ပြည်သာရပ်မွန်၊ တစ်ဖန်လည်းကောင်း၊ လျင်ကြောင်းမနေ၊ ပြန်တုံလေ သည်၊ စိမ်းချေယောင်လှ ထွားထွားတည်း။

ရသေ့မင်းသားသည်ကား...

အားပါးလည်းရ၊ ရွှင်ပျ နှစ်ခြိုက်၊ တစ်နေ့ဒွိဝယ်၊ ပျော်ပိုက် လှည့်ကာ၊ ပန်းမွေ့ရာထက်၊ မျည်းခွေ့စက်၍၊ တစ်ရက် မိုးသောက်၊ ရောက်လတ်တုံသော်၊ ကာမ ဖော်ဖြင့်၊ တွေးခေါ်ထဲ သံ၊ ကြံလတ်တုံခြင်း၊ သတင်းကျော်သောင်း၊ မြေကြီး စောင်းမျှ၊ မင်းလောင်းမင်းလျာ၊ ထင်ပြီး စွာလျက်။

× × ×

ဤ သခ်မ်းကို၊ ချစ်ကျွမ်း မေတ္တာ၊ ဘယ်သူ လာ၍၊ တန်ဆာသို့ စင်၊ ဆင်ဘိ သနည်း၊ အံ့ဖွယ်ချည်း ဟု၊ သလည်း သရက်၊ ချိုမြိန်သစ် သီး၊ နံနက်ကြီးက၊ ရှာမှီး စမြဲ၊ မသွားဘဲလျှင်၊ နေတဲ့မွေ့လျော်၊ သခ်မ်း တော်မှ၊ ကြည့်မြော် ဖြောင့်ဖြောင့်၊ အလာ စောင့်လျက်၊ ကွယ်ထောင့်

mgyoe.com

mgyoe.com

တကြွေး၊ မနီးဝေး၍၊ စစ်ဆေး ပုန်းအောင်း၊ ကြည့်လင့် ရှောင်းသည်၊
အကြောင်း သိချင်တုံသတည်း။

ရောင်ငြိမ့်ဆင်းရွယ်၊ လှတင့်တယ်သည်၊ ချစ်ဖွယ်စံပ၊ နဂါးမ။

သည် များစွာသော ပန်းနံ့သာများကို ယူပြီးလျှင် ရသေ့စံခန်းတွင်းသို့ဝင်၍ မွေ့ရာခင်းပြန်သောအခါ ရသေ့မင်းသားက "ပြာပြုညက်ကြည်း၊ ဘယ်သူနည်း" ဟု မေးလေသတတ်။

နဂါးမ – "မြိုင်တော တွင်း၌၊ ဆွေရင်း မိဘ၊ တကွ မစပ်၊ အရပ်ထဲ ချောင်၊ သစ်ကျား ဘောင်ဝယ်၊ မဆောင် ခြွေရွေ၊ ကိုယ့်ထီး နေသည်၊ စိမ်းခြေ ရုပ်သွင်၊ အို သခင်၊ ၊ ဝန်းကျင်ရှေ့နောက်၊ တောင်မြောက် ခန်းဝါ၊ ရပ်မျက်နှာမှ၊ လဟာ ယဉ်ထွေ၊ အနေ စီးခြင်း၊ မြစ်ခပင်းတို့၊ စင်းလျှင်း မချာ၊ ဝင်ကုန်လာသည်၊ မဟာသမုဒ္ဒ၊ သာဂရ ဟု၊ ထိုမှု များစွာ၊ ဗိုလ်ပါ အပြီ၊ ခေါ်မှတ်ညီသား၊ နဒီမြစ်အောက်၊ ထွန်းတောက် ရောင်ခြည်၊ နဂါးပြည်၌၊ ပင်စည်မိဘ၊ တူကွဘိုးဘွား၊ ဆွေဝါးပြော ကျယ်၊ ကျွန်ုပ်မယ်ကား၊ အဘယ်မှန်လှ၊ နဂါးမလျှင်၊ ဟုတ်စွ ဧကန်၊ မှန်တုံထွန်၏၊ ဆိုဟန် မချွတ်စင် သတည်း။

× × ×

ဤသို့ဆိုလည်း၊ ယောင်ပျို ဖွံ့လှ၊ နဂါးမ၏၊ ထိုမှုစကား၊ ပြန်သည် ကြားသော်၊ မင်းသား လုလင်၊ အိမ်ရှေ့ ရှင်ကား၊ ချစ်ခင်ကြင်ကျွမ်း၊ တဝမ်း သည်းအူ၊ နှလုံး တူသည်၊ ကြင်သူ ခင်ပွန်း၊ မှန်းကြချင်၍၊ ဆွေလင် တစိ၊ ရှိ မရှိကို၊ သိလိုသော ငှာ၊ ပါဠိ သာဖြင့်၊ သင်္ကာပျောက်ကြောင်း၊ မေးလတ်ရှောင်းသော်...

× × ×

နဂါးမ... ရွယ်ဆင်းလှကျိုင်း၊ ပန်းဆိုင်းမြသွင်၊ ပုံပြင်မွတ်ထား၊ လွန် လျောက်လျား၍၊ မုထား ကျင့်မြေ့၊ လွန် သိမ်မွေ့သည်၊ ရသေ့မည် ခေါ်၊ သူမြတ်ကျော်။ မှောက်တော်ကျွန်ုပ်၊ ချည်းအုပ် စကား၊ ရှင်ကို ကြားပိမ့်၊ ထင်ရှား လူ့ဘောင်၊ အိမ်ထောင် ကြတန်၊ အလွန်အရွယ်၊ စံပယ်မပျက်၊ ပျိုနုသက်က၊ ကြီးဘက်ငယ်ချင်း၊ သည်းရင်း

mgyoe.com

mgyoe.com

ယုဉ်ဘောင်၊ မယ်နှင့်ပျော်သား၊ ရှေးသော်ကျွမ်းဝင်၊ ကျွန်ဆွေ လင်ကား၊ ရုပ်သွင်ရောင်ဆင်း၊ လုခြင်းတင့်တယ်၊ ကြင်ချစ်ဖွယ်သည်၊ မျိုးနွယ် နဂါးဇာတိတည်း။

ထို့ပြင် နဂါးမက "ကြင်ဘက်မျိုးမွန်၊ ခန္ဓာလွန်၍၊ ရှေးဟန်မတူ၊ ယခုမူကား၊ ချစ်သူကျွန်ုပ် မရှိတည်း" ဟု ဖြေဆိုပြီးလျှင် နဂါးမက တစ်ဖန် "စောလှမင်းလျာ၊ ဥပရာ၏၊ ဇာတိပြည်ရွာ" ကို မေးမြန်း၏။

ရသေ့မင်းက...

"ငါတို့ပြည်ကား × × × ပြည်မ ဗာရာဏသီ တည်း" × × × "ထီးဖြူဆောင်းချင်း၊ ထိုမျှမင်းတွင်၊ ငါ့ ဖခင်ကား၊ ပြည့်ရှင် မင်းကြီး ပီပီ တည်း။" "ကိုယ်စားလည်း ရည်၊ မင်းလျာ တည်က၊ ဝန်းကျင်ကျော် ထင်၊ မည်သာ တွင်သည်၊ ငါလျှင် အိမ်ရှေ့မင်းကြီးတည်း"

စသဖြင့် ပြန်လည်ဆိုတုံဘိ၏။

မင်းသားက တစ်ဖန် နဂါးမအား "အဘယ်အားဖြင့်၊ ရွှေဝါးပင်စည်၊ နဂါးပြည်မှ၊ မကြည် စွန့်စွန့်၊ ထိတ်လန့် မကြောက်၊ ဤတောချောက်၌၊ တစ်ယောက်တည်းသာ၊ ကိုယ်တည်းလာ၍၊ သွားရာသနည်း" ဟူ၍ မေးမြန်းပြန်သည့်အခါ နဂါးမက တုသိသာနှင့် တူသော နဂါးပြည်တွင် လူအယောင်သို့ ရုပ်ဆောင်လိုက ပီပြင်လှစွာသော နဂါးသားများ လည်း များစွာရှိ၏။ ၎င်းပြင်...

ကလျာငါးခု၊ ကြာဝတ် စုသို့၊ နုနု ထွတ်ထွတ်၊ မွတ်မွတ်မွေ့ မွေ့၊ မြေ့မြေ့ ချောချော၊ လွန်လှ မော၍၊ ရင်ကြော စိမ်းစိမ်း၊ ရှိမ်းရှိမ်း ရွှန်းရွှန်း၊ လန်းလန်းလတ်လတ်၊ စွတ်စွတ်ဖွေးဖွေး၊ မြရိပ်ပြေးလျက်၊ ငယ်သွေးငယ်ရည်၊ ခုံချည် ထပ်ထပ်၊ ရွှေနားကပ် သို့၊ လုပ်လုပ်ချက် ချက်၊ ပြိုးပြိုးပြက်လျှင်၊ လက်လက် လင်းလင်း၊ ဝင်းဝင်းပြောင်ပြောင်၊ ကိုယ်ရောင် တခဲ၊ ရိုးရိုး ရဲတည်၊ အံ့အဲ စဖွယ်၊ ထူးဆန်းကြယ်သား၊ ဆင်းရွယ်ပုံပြင်၊ ညီညွတ်အင်ဖြင့်၊ ညက်စင် ပြာကြည်း၊ ချည်းချည်း သွယ်သွယ်၊ ရှိရွယ်တစ်အုပ်၊ နတ်ရုပ်အလား၊ ထွားရရွားသား၊ နဂါး သမီး၊ ညီးရရီးလည်း၊ သင်းသီးထို၌ များစွာတည်း။

ထိုကဲ့သို့ ...

"စည်းစိမ်ပင်စည်၊ မွေ့လျော်သည်ကို၊ သာကြည်မျက်စိ၊ မြင် ချေမိသော်၊ တပ်ဘိ လှည့်ငြား၊ ရမ္မက် အားဖြင့်၊ ဝတ်စားတန်ဆာ၊

mgyoe.com

mgyoe.com

ရတနာရွှေငွေ၊ အထွေအပုံ၊ ရှိလှည့်တုံလည်း၊ မစုံမပေါ်၊ ပြည်မှထွက်၍၊ မိညက်စံတည်၊ ရွှေနှင့်ခြည်သော်၊ ကျောက်ရည်တက်ဟန်၊ ဣတ္ထိကြန်ကို၊ အမှန်စိတ်ဖြာ၊ အောက်မေ့ရှာလျက်၊ ရှာလည်းမစပ်၊ ရပ်လည်း မနီး၊ တောကြီး ထောင်ချောက်၊ ဤဒွိရောက်သည်၊ တစ်ယောက်ကျွန်ုပ် ချည်းသာတည်း။

ဟု ပြန်လည်ဖြေဆို၏။

ရသေ့မင်းသားလည်း ...

အကြင်ငါတုံ၊ သဒ္ဒါမွေ့လျော်၊ တောဝယ်ပျော်သည်၊ သူတော်မဟုတ်၊ ပစ်ထုတ် ဘဘွား၊ နှင်သောအားဖြင့်၊ သောက်စားညှိုးစွာ၊ ဤရပ်မှာသို့၊ နေလာရသည် ...

ဟု အောက်မေ့ပြီးလျှင်

ဆွေချစ်နှမ၊ ကြောင့်ကြတစ်ခါ၊ မရှိလင့်မင်း၊ ယှဉ်ချင်းမကွာ၊ ကိန္နရာသို့၊ ချစ်နှစ်လို့လျက်၊ ငါတို့နှစ်ပါး၊ မြိုင်တောဖျားဝယ်၊ သနားကြင်နာ၊ ချစ်မေတ္တာဖြင့်၊ သာယာရောနှော၊ နေကြသော ...

ဟု မိန့်ဆိုရာ

ကျစ်လျစ်စံပ၊ နဂါးမလည်း၊ ကောင်းစွာဝန်တံ၊ အာမခံလည်း၊ ကျိုးနွံမြတ်နိုးတနာတည်း။

ရှင်မဟာရဋ္ဌသာရသည် ၁၉ နှစ်အရွယ်သို့ ရောက်သောအခါ စစ်ကိုင်း သီဟိုဠ်ရောက် ဘုန်းတော်ကြီးထံတွင် ဆည်းကပ်၍ ပိဋကတ် သုံးပုံကို သင်ကြား တတ်မြောက်လေသည်။ ရှင်မဟာရဋ္ဌသာရအား သာသနာပြု ဆရာတော်အဖြစ် ဘုရင်မင်းမြတ်ကပင် ကိုးကွယ်၏။ ရှင်မဟာသီလဝံသသည် တောင်တွင်းကြီးမြို့မှ အင်းဝနေပြည်တော်သို့ ကြွရောက်တော်မူပြီးနောက် ထိုရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့ ရေးသားစီကုံးသော ကဗျာလင်္ကာကို ရွှေနန်းတော်၌ စာပွဲပြုလုပ်၍ စာဆိုတော်တို့က ဖတ်ကြရလေသည်။

ထိုအခါတွင် တောင်တွင်းဆရာတော်နှင့် နေပြည်တော်ဆရာတို့ စီကုံးသော ကဗျာလင်္ကာများကို နှိုင်းယှဉ်ပြီးလျှင် မည်သည့်ဆရာက သာသည် စသဖြင့် စကားပွဲများဆင်၍ ပြောဆိုလေ့ရှိကြလေသည်။

ရှင်မဟာရဋ္ဌသာရသည် "ဘူရိဒတ်လင်္ကာကြီး" ကို အကျဉ်းအားဖြင့် ရေးသားပြီးနောက် သက္ကရာဇ် ၈၅၅ ခုနှစ်၌ "ဩယာသဝ" ချီ ဘူရိဒတ် ဇာတ်ပေါင်းကို ထပ်လောင်း၍ ရေးသားစီကုံးတော်မူသည်။ ထိုဘူရိဒတ်ဇာတ်ပေါင်း၌ ကဗျာလင်္ကာကိုရေးမှ လှူကြည်ညို

mgyoe.com

မည်၊ ဂုဏ်ကျေးဇူးကိုဖော်ထုတ်မှ ကျော်စောမည် ဟူ၍ သဘော မထား။ မည်သူမည်ဝါ ငါ့တကာ တကာမဟု အယုတ်အလတ် အမြတ်မရွေး အလှူခံရေး၌ နှိုင်းသွေးအယူ ရေဆိပ်အတူတူပင် စသည်ဖြင့် ရှင်မဟာရဋ္ဌသာရ၏ သဘောထားကို ထင်ရှားစေရန် ...

ပူဇော်သကာ၊ ငွေ့စ ပါ၍၊ ဤစာဆိုမှ၊ ငါ့ကိုလူများ၊ ကြည်ညိုပွားအံ့၊ ပျိုထားအရွယ်၊ သင့်ရုံငယ်က၊ ဆန်းကြွယ်အထူး၊ ဂုဏ်ကျေးဇူးကို၊ ထိမ်မြူးမနေ၊ ဖော်ထုတ်ပေမှ၊ ညာကြေ လွင့်ကြား၊ ကျော်ထင်ရှားအံ့၊ နှစ်ပါးဤသို့၊ မကြံမြို့တည့်၊ ငါ့တို့သဘော၊ လူနှင့်နော၍၊ မရောမယှဉ်၊ ဩအဉ်မလိုက်၊ မတိုက်မတွန်း၊ နေဆန်းနေခါ၊ သဒ္ဒါသဖြင့်၊ လုပ်ကျွေးလင့်လျက်၊ နိမ့်မြင့်မဟူ၊ ကြည်ညိုမှုကား၊ မည်သူမည်ဝါ၊ ငါ့တကာဟု၊ မြတ်ရာမရွေး၊ လှူခံရေး၌၊ နှိုင်းသွေးပုံယူ၊ ရေဆိပ်တူ၏။ တလူဘဝ၊ ဤကာလ၌၊ သုခစီးပွား၊ မဖြစ်ငြားလည်း၊ ငါ့အားဘိမှာ၊ သံသရာဝယ်၊ ယုတ်မာအံ့နည်း၊ ကြံတိုင်းတည်း၍၊ အရင်းရှင်မှူ၊ နှလုံးဖြူ၏။ လူတို့နားတွင်း၊ မိုက်မလင်းကို၊ ဝင်းဝင်းထွန်းညီး၊ ဉာဏ်ဆီမီးဖြင့်၊ မှောင်ကြီးကင်းပျောက်၊ ငါ့စာရောက်က၊ ငါ့အောက်ပညာ၊ နုသေးစွာသား၊ သမ္မာမပြန်၊ လူအဝန့်အား၊ စိတ်ပြားပညာ၊ ပွားပါလိမ့်မည်၊ သူသို့ရည်၍၊ သာကြည်ရှင်လန်း၊ လင်္ကာညွန်းသော်၊ ရဟန်းသူတော်၊ စပ်မလျော်ဟု၊ သိမ္မော် ကျမ်းဂန်၊ ငါ့နောက်ကျန်သည်၊ နှုတ်လွန်သူများ၊ အပယ်လားလိမ့်၊ ဘုရားလူ့ဘ၊ မုနိန္ဒလျက်၊ မိန်းမယောက်ျား၊ လူ့စကားဖြင့်၊ မကြားစကောင်း၊ မဆိုတောင်းကို၊ အကြောင်းဆောင်တွေး၊ ဆိုတုံသေးရှင့်၊ ဆိုရေးရှိက၊ ဆိုအပ်လှ၏။ ဆိုစများလျား၊ ထားပချေမိ၊ ငါ့ဝန်ရှိခဲ့၊ ပြီးမိပြီးစေ၊ ဆိုလျှင်းပေအံ့၊ မစ္ဆေပိတ်သို၊ ငြိုးဖျည်လို၍၊ ငါ့ကိုကော်ရော်၊ မကြည်သော်လည်း၊ ရှင်တော်ဟောတူ၊ လေးမြတ်မူ၍၊ အယူပြတ်ပြတ်၊ နာထွေတတ်က၊ ကျိုးကြီးရလိမ့်၊ ကြောင်းကြဟူသည်၊ မီးပူခပ်သိမ်း၊ ငြိမ်းစိမ့်သောငှာ၊ သူတော်စွာတို့၊ ဤစာသာရ၊ ဂေါသိတကို၊ နားဝနှစ်ဘက်၊ မြကျောက်ထက်၌၊ ဉာဏ်လက်ကိုင်ထေး၊ ဖြည်းဖြည်းသွေး၍၊ နံ့မွှေးတသုန် လိမ်းလင့်ကုန် ...

ဟူ၍ ရေးသားစီကုံးထားခဲ့၏။

ရှင်မဟာရဋ္ဌသာရသည် ဝီသတိနိပါတ် လာ ဟတ္ထိပါလဇာတ် တရားဟောသည်ကို ကြားနာရသောအခါ ဒုတိယမင်းခေါင်က ဟတ္ထိပါလ ဇာတ်တော်ကို လင်္ကာကျမ်းပြုပါ

mgyoe.com

 mgyoe.com 

ဟု တောင်းပန်သောကြောင့် ဟတ္ထိပါလပျို့ကို ရေးသားစီကုံးလေသည်။

ထိုပျို့ကိုကား "ဟတ္ထိပါလပျို့"၊ "စတုဓမ္မသာရပျို့"၊ "ကိုးခန်းပျို့" ဟူ၍ အမည် သုံးပါးဖြင့်ခေါ်၏။

## ကိုးခန်း ဟူသည်ကား

၁။ ဟတ္ထိပါလ တောထွက်သောအခန်း

၂။ အဿပါလ တစ်ခန်း

၃။ ဂေါပါလ တစ်ခန်း

၄။ အဇပါလ တစ်ခန်း

၅။ ပုရောဟိတ် တစ်ခန်း

၆။ ပုဏ္ဏေးမ တစ်ခန်း

၇။ ဧသုကာရီ တစ်ခန်း

၈။ မိဖုရား တစ်ခန်း

၉။ ခုနစ်ပြည်ထောင်ဇာတ်ပေါင်း တစ်ခန်း ... ပေါင်းကိုးခန်းဖြစ်၏။

ထိုကိုးခန်းပျို့သည် ဟတ္ထိပါလ၊ အဿပါလ၊ ဂေါပါလ၊ အဇပါလ ဟူသော မင်းသား လေးပါးတို့၏ နိဗ္ဗာန်တည်း ဟူသော တရားအနှစ်သာရရှာနည်းကို အကျယ် ချဲ့ထွင် ရေးသားစီကုံးထားခြင်းပင်ဖြစ်သည်။

ရှင်မဟာရဋ္ဌသာရသည် တောထွက်တော်မူသော ပါရမီတော်တည်းဟူသော တစ်ခု သော အနုသန္ဓေကို အခြေပြု၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်ကို ကဗျာလင်္ကာ ဖွဲ့နွဲ့စီကုံးခဲ့၏။ ထိုသို့ ကဗျာလင်္ကာ စီကုံးသည့်အခါ၌လည်း အဋ္ဌကထာဋီကာကျမ်းတို့ကို မှီ၍ စီကုံးထားခဲ့သဖြင့် ထို အဋ္ဌကထာဋီကာ ကျမ်းတို့၌လာသော အဆုံးအဖြတ်ကို ကြံစည် ၍သာ ဖြေဆိုနိုင်ကြလေသည်။

ထို ကိုးခန်းပျို့တွင် လောကုတ္တရာကြောင်း၊ လောကီကြောင်းများကို ဆိုင်ရာဆိုင်ရာ ထုတ်နုတ် သုံးစွဲ၍ မကုန်နိုင်အောင်ပင် ရေးသားထားခဲ့၏။ ထိုကိုးခန်းပျို့မျှကို ကျေလည် လျှင် ကဗျာလင်္ကာကို ကောင်းစွာ စီကုံးနိုင်သည်ဟု မြန်မာပညာရှိများ ပြောဆိုလေ့ရှိကြ၏။

ထို ကိုးခန်းပျို့၌ ဟတ္ထိပါလ သတို့သားကို ဖခင်နှင့် ဧသုကာရီမင်းတို့က မင်းပြု ပါဟု တိုက်တွန်းရာ ဟတ္ထိပါလ၏ ခမည်းတော် ပုရောဟိတ်ပုဏ္ဏားက ၎င်း၏သားအား...

သကျရှုပ်၊ ကြံကြံသမျှ၊ တောင့်တ ရာရာ၊ တတ်ကောင်းပါ
လျက်၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ငယ်က မသင်၊ ပျော်ပါးလွင်မူ၊ အကြင်
သူအား၊ စကား ချေတင်၊ သဘင် မပြဲ့၊ ခံတွင်း မဲ့သို့၊ ချို့တဲ့ပညာ၊

mgyoe.com

mgyoe.com

ညှိုးမျက်နှာနှင့်၊ ရှုံ့ရှာလန့်ထိတ်၊ အသံဆိတ်၏၊ တိတ်တိတ်မနေ၊ ဆိုပါချေလည်း၊ မပြေမပြစ်၊ အထစ်ထစ်လျှင်၊ ကျစ်လျစ်မရှိ၊ အငြိငြိသည်၊ ဟုတ်လိမ့်နိုးနိုး၊ ဆင်ကန်းတိုးသို့၊ အကျိုးအကြောင်း၊ ကောင်းကောင်းမမှန်၊ သမ္ဗန်ပါဠိ လျှောက်၊ ရှေ့နောက် မညီ၊ အစီ အလျဉ်၊ အစဉ် မသင့်၊ တဖျင့်တစ်ပါး၊ ရယ်ဖွယ်များခဲ့၊ ဘိုးဘွားမိဘ၊ သူကြီးမ၍၊ မလျမညိုး၊ မစိုးမရိမ်၊ နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်၊ ခုနစ်ဆင့်ထက်၊ နေလင့်ကစား၊ ပြာသာဒ်ဖျားဝယ်၊ နားသည့်ကျီးမျှ၊ ပမာကျလိမ့်၊ အင်္ဂပဋ္ဌင်၊ သွင်ပြင် ရုပ်ဝါ၊ ပြည့်စုံပါလည်း၊ နံ့သာလှိုင်ချင်း၊ ဂုဏ်နံ့ကင်းမူ၊ အဆင်းလှဆန်း၊ လှူ့ပေါက်ပန်းဟု၊ သွမ်းမှန်းသိထွေ၊ ကဲ့ရဲ့လေအံ့၊ လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမှီး၊ မကျင့်သီးသော်၊ ချည်းနှီးဥစ္စာ၊ လိုခါမရ၊ ကြောင့်ကြစိုးရိမ်၊ ဖန်ကြိမ်များစွာ၊ အိုသောအခါ၌၊ မဟာ ဒုက္ခ၊ တွင်းဆုံးကျသည်၊ နောင်တနလုံး မငြိမ်းတည်း။

ဟူ၍ဆုံးမ၏။

ငင်းအဘ ဖြစ်သူက သားကို ဆုံးမသော အပိုဒ်တွင် "ဟုတ်လိမ့်နိုးနိုး၊ ဆင်ကန်းတိုးသို့" ဟူသောပမာ၊ "ရွှေအိမ်ဘုံမြင့်၊ ခုနစ်ဆင့်ထက်၊ နေလင့်ကစား၊ ပြာသာဒ်ဖျားဝယ်၊ နားသည့်ကျီးမျှ" စသော ပမာများဖြင့် လင်္ကာဖွဲ့သီ ပြဆိုထား၏။

ဟတ္ထိပါမင်းသားက ပြန်လှန်ဖြေဆိုသည့်အခါ၌ သာသနာမှအပ ဗာဟိရဖြစ်သော အတတ်များကို "ထိုဗာဟိ" ဟုဆိုလျက် "ကျောက်စစ်သဲကို၊ ရွှဲရွှဲဆီရည်၊ ထွက်စိမ့်သည်ဟု၊ ဆုံကြည်အဝ၊ ပွတ်မှားကြသို့" ဟူ၍ လည်းကောင်း၊ "ယောက်ျားမီးရှာ၊ ညဉ့်အခါဝယ်၊ ရောင်ဝါထွန်းမြူး၊ ပိုးစုန်း ကြူးကို၊ မူးတူးမင်တင်၊ ကယ်ကောင်းထင်၍" ဟူ၍လည်းကောင်း၊ "လိုက်လေ လိုက်လေ၊ ငတ်မပြေသည့်၊ ပန်းချေလက်ချ၊ သောက်ချင် ထသို့" ဟူ၍လည်းကောင်း၊ ပမာပြုပြီးလျှင်...

"တွင်းခေါင်းလွှာလွှာ၊ အကာပြို့ပြို့၊ အနှစ်မဲ့သည်၊ အချည်းသက်သက်၊ ထဲနက်ရှင်းရှင်း၊ ဟင်းလင်းနှင်နှင်၊ မိုးကောင်းကင်သို့၊ မထင်အကျိုး၊ ဗာဟိဆိုးကို၊ ကြိုးကြိုးစားစား၊ သင်မည်ထားဘိ၊ နားမျှမထောင် အိလျှင်တည်း" ဟူ၍ ပြန်လှန်ဖြေဆို၏။

ရှင်မဟာရဋ္ဌသာရ စီကုံးဖွဲ့နွဲ့ထားသော ကဗျာများတွင် သုံးထားသော ပမာတန္ဆာ အစဉ်အလာ စကားများကို မလေ့လာနိုင်ကြသော လူသာမန်တို့၏စိတ်ကိုပင် ညိုတွယ်စေသည်ကိုပြရန် ဟတ္ထိပါလပျို့မှ အထက်ပါ "သကျရုပ်" ချီ အပိုဒ်နှင့် အခြားစကား အသုံးအနှုန်း အဖွဲ့အနွဲ့များကို ဖော်ပြလိုက်ရပေသည်။

mgyoe.com